
www.burmeseclassic.com

၈၁၄၆

# သုဓာရွှိ



## အချစ်သက်သေ
## အလွမ်းသက်သေ

design : bo bo htoon . 2005

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် - | ၅၀၀၃၄၂၀၅၀၄ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် - | ၅၀၀၄၆၄၀၅၀၅ |
| ပုံနှိပ်ခြင်း - | ၂၀၀၅ ခုနှစ် မေလ |
| | ပထမအကြိမ် |
| အုပ်ရေ - | ၅၀၀ |
| တန်ဖိုး - | ၅၅၀ ကျပ် |
| အဖုံးဒီဇိုင်း - | ဘိုဘိုထွန်း |
| ပုံနှိပ်သူ - | ဦးမြင့်သန်း (မြ-၀၄၉၁၂) |
| | စံယဉ်အော့ဖ်ဆက် |
| | ၁၃၊ ၁၀၇လမ်း |
| | မင်္ဂလာတောင်ညွန့်။ |
| ထုတ်ဝေသူ - | ဒေါ်မိုးသီတာ (မိုးမိုးစာပေ) |
| | (မြ-၀၁၇၅၀) |
| | အမှတ် ၁၃၊ ၁၀၇ လမ်း |
| | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |


BURMESE CLASSIC

# အချစ်သက်သေအလွမ်းသက်သေ



ဆုအဉ္ဇလီ

မိုးမိုး – ၁၁၆

www.burmeseclassic.com

www.burmeseclassic.com



"မယူဘူးနော် ... မာမီ ... သမီး လုံးဝမယူနိုင်ဘူး...
ခုမှ ကိုယ့်သမီးလေးတော့ချောင်းပြီးတယ် ... အမောပြေလို့
အေးအေးဆေးဆေး အနားယူရမယ် မကြာသေးဘူး ...
ရက်ရက်စက်စက် အတင်းငယောက်ျားပေးစားတယ် ..."

မျက်မှောင်လေးကုပ် နှုတ်ခမ်းလေးစူကာ ခါးခါးသီးသီး ငြင်းလိုက်ဟန်လေးကပဲ 'မြဒါလီ'၏ နဂိုရှိသော အလှကို နည်းနည်းလေးမှ မျက်ယွင်းမသွားစေပါ။

အသားဖြူနုကာ အရပ်မနိမ့်မမြင့်လေးမှာ အချိုးကျလှပသော ခန္ဓာကိုယ်လေးဖြင့် ကျောပေါ်ဝဲနေသည့် စတက်ကေအထစ်ထစ် ညှပ်ထားသော ပျော့ပျောင်းနူးအိသော ဆံပင်လေးများကို သဘာဝအညိုရောင်လေး ဆိုးထားသောကြောင့် ဖြူနုသောသူမ အသွင်နှင့် အမှန်တကယ်လိုက်ဖက်နေ၏။

မိုးမိုး — တာဝေ

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းမယောင်နှင့် ဒွယ်သောမျက်နှာလေးမှာ မကျဉ်းမကျယ် နဖူးလေးမှာ ရှောမွှတ်ကာ ပုံစံတကျ ရိုက်သိမ်းထားသော စင်ရော်တောင်မျက်ခုံးနက်နက်အောက်မှ နက်မှောင်သော မျက်တောင်ကော့များ ဝန်းရံထားသည့် မျက်လုံးအိမ်ကျယ်ကျယ် ဖြောင့်တန်းချွန်မြသော နှာတံလေးအောက်မှ ဆေးမဆိုးဘဲ ရဲစိုနေသော နှုတ်ခမ်းထူအိအိလေးများဖြင့် မြဒါလီသည် အပြစ်ဆိုစရာမရှိအောင် လှပချစ် စရာကောင်းသော မိန်းကလေး။

ဒေါ်တင်မမှာ သမီးချောကို ကြည့်ကာ ရင်ထဲချစ်စိတ်အပြည့်ရှိသော်လည်း ဒီကိစ္စမှာတော့ အလျှော့ပေး၍မဖြစ်တာမို့ တောစေကာ မြဒါလီ ပြောသော စွပ်စွဲချက်တွေအတွက် ရယ်ချင်စိတ်ဖြစ်မိပေမယ့် အတင်းမျိုသိပ်ကာ မျက်နှာထား ခပ်တည်တည်ဖြင့် ကိုယ်လိုရာဆွဲရ၏။

"ဘာ ... ဘာပြောတယ် မြဒါလီ ... ညည်းက မအေကိုများ ယောက်ျားအတင်းပေးစားမှန့် တရားစွဲဦးမလို့ လားဟင် ...

"ငါ ... တယ်မပြောလိုက်ချင်ဘူး ... ဒီမှာ မြဒါလီ ... ညည်းကိုလေ ... တစ်ဦးတည်းသော သမီးဆိုပြီး ငါ ဘယ်လောက် အလိုလိုက်ခဲ့သလဲဟင် ...

"ညည်း ... စဉ်းစားကြည့် ... ဖအေဆိုးလေးဆိုပြီး





ညည်းအဖေမှာ မျက်နှာငယ်ဖူးသလားဟင် ... ညည်းအတွက် ငါ ဘယ်လောက်ကြိုးစားရုန်းကန်ခဲ့လဲဆိုတာ နားလည်ရဲ့လားဟင် ..."

ထိုသို့ ဒေါ်တင်မမ မေးတော့ မြဒါလီ မျက်နှာလေး မသိမသာညှိုးသွားသည်။ မျက်လုံးဝိုင်းတို့ဖြင့် မာမီကိုလည်း သနားသလို ကြည့်မိ၏။

ဟုတ်တာပဲ ... ဒက်ဒီ မရှိတာ ယခုဆို ဆယ်နှစ်ကျော်ပြီ။ အရွယ်ကောင်းသေးတဲ့ မာမီဟာ သူမမျက်နှာကို ထောက်ကာ နောက်အိမ်ထောင်မပြုခဲ့၊ စိန်ပွဲစားအလုပ်လေးဖြင့် ဒက်ဒီလက်ထက် ကျန်ပစ္စည်းလေးများဖြင့် သူမကို ဘွဲ့ရသည့်အထိ တစ်ချက်မျက်နှာ အငယ်မခံ အလိုလိုက် အကြိုက်ဆောင်ခဲ့တာ သိပါ၏။

ယခုတိုင် အသက်လေးဆယ့်ငါးနှစ် ဆိုပေမယ့် မာမီသည် ပြင်ပြင်ဆင်ဆင်ဖြင့် ချောတုန်း လှတုန်း နုတုန်းပါ။

"မာမီ ... သမီးကို အလိုလိုက်တာ သိပါတယ် ... မာမီလည်း သမီးအတွက် မောခဲ့ ... ပင်ပန်းခဲ့ရပြီပေါ့... ဒါကြောင့် သမီးက မာမီကို တစ်လှည့်ပြန်လုပ်ကျွေးပါရစေနော် ..."

မာမီ လက်မောင်းကိုဖက်ကာ ချွဲနွဲ့စွာပြောမိ၏။ ခါတိုင်း သူမ ဒီလို တစ်ချက်ချော့တာနှင့် ခေါင်းညိတ် အလိုလိုက်ပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော မာမီက ယခုတော့ လုံးဝလက်မခံ။ ခေါင်းကိုတွင်တွင်ခါရမ်းကာ ...

"မဖြစ်ဘူး ... သမီး ... လုံးဝမဖြစ်ဘူး ... မောင်သက်မောင်ကြီးနဲ့ လက်ထပ်ပေးဖို့ မမကြီးတို့ ကမ်းလှမ်းတာကို မာမီ လက်ခံခဲ့ပြီးပြီ ... သမီးကြောင့် မာမီမျက်နှာ မပျက်ပါရစေနဲ့ ..."

"ဟင် ..."

တည်ကြည်လှန်းသော မာမီမျက်နှာကြောင့် သူမ ဘယ်လိုမှ ငြင်း၍မရတော့ဘူးဆိုတာ သိလိုက်ပြီ။ ထို့ကြောင့် မျက်နှာလေးပျက်ယွင်းကာ ...

"ဒါတော့ မေမေ မတရားလုပ်တာဘဲ ... တကယ်ဆို သမီးကို တိုင်ပင်သင့်တာပေါ့လို့ ..."

"ဘာ ... ဘာ ... ညည်းကများ မအေကို မတရားလုပ်တယ်လေ ... ဘာလေးနဲ့ ... ဟင် ... ငါက ဘာကိုတိုင်ပင်ရမှာလဲ မိမြဒါလီ ...

"ဒေါ်မမကြီး ဆိုတာ မန္တလေးမြို့ရဲ့ သူဌေးမကြီးတစ်ယောက်ဆိုတာ လူတိုင်းသိတယ် ... သူလို အမျိုးသမီးကြီးရဲ့သားနဲ့ လက်ထပ်ပေးဖို့ ကမ်းလှမ်းတာကို ငါက ငြင်းရမတဲ့လားဟင် ...





"ပြီးတော့ ... မောင်သက်မောင်ကြီး ဆိုတာကလည်း တကယ့်ကို တော်တဲ့လူငယ်လေ ... လူကြီးမိဘကိုလည်း ရိုသေ ... အကျင့်စာရိတ္တကလည်းကောင်း ... စီးပွားရေးမှာလည်း အင်မတန်တော်တာ ... ဒါကိုများ ညည်းက ငြင်းချင်သေးလား ..."

မာမီ ခပ်ငေါက်ငေါက်လေးမေးတော့ သူမမျက်နှာလေးငယ်သွားရ၏။ ခက်တာပဲ ... မာမီကလည်း သူ့အမြင်နဲ့ သူ မှန်တယ်ဟု ယူဆနေသူ။

ဒေါ်မမကြီး တဲ့။

သက်မောင်ကြီးတဲ့။

ဘယ်လိုနာမည်တွေပါလိမ့်။ အထူးသဖြင့် သူမနဲ့လက်ထပ်ပေးမယ့် လူရဲ့နာမည်ကအစ ဘယ်လောက်တုံးပြီး တောဆန်လိုက်ပါသလဲ။

မြဒါလီ ဆိုတဲ့ နာမည်နဲ့တော့ တခြားဘီ။

'သက်မောင်ကြီး' ဆိုသောနာမည်ကို ကြားတာနှင့် သူမနားထဲအလိုလို ခါးသီးသွားရ၏။

"ဒီမှာ သမီး ... ဒီခေတ် ဒီအခါကြီးမှာ ... သမီးမိန်းကလေး တစ်ယောက်ကို အဲဒီလိုတန်ဖိုးရှိရှိ တင်တောင်းဖို့ဆိုတာ ... တကယ်တော့ ... ရှားပါးပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကွယ် ... သမီး ဒီလိုတောင်းခံရတာ ကံကောင်းပါတယ်ကွယ် ... "

မာမီက သူမဆံပင်လေးများကို ဖွဖွသပ်ကာ ချော့ပါ၏။ သာမန်ကိစ္စတစ်ခုဆိုလျှင်တော့ မာမီစိတ်ချမ်းသာအောင် သူမ လက်ခံမည် ဖြစ်ပေ၏။ ဒါက ဘဝတစ်သက်တာ အရေးမလေ။

"နေပါဦး မာမီ ... အဲဒီ ဒေါ်မမကြီးတို့သားအမိက သမီးကို ဘယ်တုန်းကတွေ့ဖူးလို့လဲ ... "

"ကြော် ဒါလား ... မာမီ ဟိုတစ်ခါ အလုပ်ကိစ္စနဲ့ မန္တလေးသွားတုန်းက ဒေါ်မမကြီးတို့အိမ်မှာပဲ တည်းတယ်လေ ... အဲဒါ ... သမီးဓာတ်ပုံလေး ပါသွားတော့ မာမီစားပွဲပေါ်တင်ထားတုန်း မမကြီးက တွေ့ပြီးမေးတာ ...

"သမီးလေးက ချောလိုက်တာတဲ့ ... ချွေးမတော်မှ ထင်တယ် ... လို့ပြောတာ ... မာမီလည်း ဘယ်အညှာခံမလဲ ...

"မမကြီးတို့နဲ့ဆွေမျိုးတော်ရရင် အတိုင်းထက်အလွန်မြဲလို့ ပြောခဲ့တာ သမီးရဲ့ ...

"ခုတော့ ကြည့်စမ်း ... မမကြီးက သမီးကို တကူးတကယ် တောင်းလာတယ် ... ဘယ်လောက်ဝမ်းသာစရာကောင်းလဲ ... "





မာမီ့မျက်နှာက ဝမ်းသာမှုဖြင့် ပြုံးနိုင်သလောက် သူမမှာတော့ ဝမ်းမသာနိုင်။

"သမီးတော့ ဝမ်းမသာနိုင်ဘူး မာမီ ... တကယ်ဆို အဲဒီ သက်မောင်ကြီးဆိုတဲ့လူနဲ့လည်း သမီး တစ်ခါမှ တွေ့ဖူးတာ မဟုတ်ဘူး ... "

"ဒါ မခက်ပါဘူး ... ဒီမှာလေ မောင်သက်မောင်ကြီး ဓာတ်ပုံ ... "

မာမီက ပြောပြောဆိုဆို လက်ငွေ့အိတ်ထဲမှ ထိုလူ ဓာတ်ပုံကို ထုတ်ပြ၏။ သည်တော့ သူမမျက်နှာ ဖွတ်ခနဲလွှဲကာ...

"မကြည့်ချင်ပါဘူး ... အဲဒီလူပုံ ... "

"ဟဲ့ ... ဘာဖြစ်လို့လဲ ... "

"မိန်းမတစ်ယောက်ကို ကိုယ့်အစွမ်းအစနဲ့ မရှာနိုင်ဘဲ ... မိဘရှာနိုင်းတဲ့လူမျိုး ... ဘယ်ကောင်းတုန်းလဲ"

"သမီးနော် ... မောင်သက်မောင်ကြီးက သမီးလို မမိုက်ဘူး ... သားလိမ္မာ ... သူ့အမေပြောသမျှ တစ်ခွန်းပဲ ... "

"ဒါပဲ ... ဒါပဲ ... မနက်ဖြန် မောင်သက်မောင်ကြီး လာမယ် ... ညည်း ... ယဉ်ယဉ်ကျေးကျေးဆက်ဆံပါ"

ဒေါ်တင်မမကပြောပြီး သူမနားမှ ထွက်သွား၏။ သူမမှာ တစ်ယောက်တည်း စိတ်ဆိုးကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

မာမီက ဟိုလူစာတ်ပုံထားခဲ့တာပါလား။ ဟင်း ... သိကြသေးတာပေါ့။

"ကဲ ... ကဲ ..."

ဓာတ်ပုံကို ဖျတ်ခနဲကောက်ယူကာ စိတ်ရှိတိုင်း အစိတ်စိတ် အမွှာမွှာ ဆွဲဖြဲမိတော့၏။

"ဟင် ... ဒါလီ ..."

ထမင်းချက်ဒေါ်ကြီးမြမှာ အစိတ်စိတ်အမွှာမွှာဖြစ်နေသော ဓာတ်ပုံအပိုင်းအစတွေကိုကြည့်ကာ အံ့သြသွားသည်။

"မမက ဒါလီကို ထမင်းစားဖို့ ခေါ်ခိုင်းလိုက်တယ်ကွယ့် ..."

"ဒါလီ မစားဘူး ..."

ပြောပြီး သူမက အိပ်ရာပေါ်မှောက်အိပ်လိုက်လေ၏။ ဒေါ်ကြီးမြက ခေါင်းခါယမ်းကာ ဓာတ်ပုံအပိုင်းအစများကို လှည်းယူသိမ်းသွားလေတော့၏။

◆❖◆





"ဘာပြောတယ် ဒါလီ ... ရှင်နဲ့လက်ထပ်ပေးမယ့် လူရဲ့နာမည်က သက်မောင်ကြီးတဲ့လား ..."

"အမယ်လေး ... တောသားကြီးများလားဟယ်"

သူငယ်ချင်း စာခြည်၏စကားကြောင့် မြဒါလီ ရှက်သွားသည်။

နဂိုကတည်းက ဒီနာမည်ကို မကြိုက်နှစ်သက်သူမို့ သူမ ပို၍ ထိုလူအပေါ် ဒေါသလေးဖြစ်သွားရ၏။

"ဟုတ်တယ် စာခြည် ... ဒါလီလည်း အဲဒါကြောင့် စိတ်ညစ်နေတာ ... အကြံပေးစမ်းပါဦး ..."

မာမီ အပြင်သွားခိုက် စာခြည်ထံဖုန်းဆက်ကာ တိုင်ပင်မိသည်။ စာခြည်ဆိုတာကလည်း မြဒါလီ ဆိုတဲ့ သူမလို အင်္ဂတန်

www.burmeseclassic.com



ခေတ်ဆန်ကာ အလှအပကြိုက်သူ။ ထို့ကြောင့် တဏှာသိုလ်မှာ သူမတို့ နှစ်ယောက်က ညီအစ်မတွေလို တွဲမိ၏။

"ဒီအရွယ် ရှင်ဘယ်လောက်စိတ်ညစ်နေမယ်ဆိုတာ တို့သိတယ် ဒါလီ ..."

"နေပါဦး ... ရှစ်နဲ့ အဲ့ဒီသက်မောင်ကြီးက တစ်ခါမှ မတွေ့ဖူးဘူးနော် ..."

"အင်း ..."

"အညာသားဆိုတာ အသားမည်းမည်းကြီးများ လား ..."

စာခြည်အပြောကြောင့် သူမစိတ်ထဲ 'အင်း' ခနဲ ဖြစ်သွားသည်။ စာခြည်ပြောသလို ထိုလူဟာ တကယ်ပဲ အညာသားအသား မည်းမည်းကြီး ဖြစ်နေလျှင် ... အို ...။

သူမမှာ မှန်ထဲတွင် မြင်နေရသော ဖြူဖွေးနုနယ်သည့် အလှပိုင်ရှင် မိန်းကလေးကို အလှိုက်လှိုက်မြော်သွားရ၏။

"ဟဲ့ ... ဒါလီ ငြိမ်လှချည်လား ..."

စာခြည့်အသံကြားမှ သူမ သတိဝင်လာကာ ...

"ဟင် ... ငြိမ်တာ မဟုတ်ဘူး ... သက်မောင်ကြီး ဟာ ရှင်ပြောသလိုများ ဖြစ်နေမလားလို့ တွေးမိသွား တာ ..."





"ဟင်း ... ဟင်း ... ဒါလီရယ် ... အသားမည်းတော့ လည်း ပတ္တမြားခဲလို့ သဘောထားပြီး ..."

"စာခြည်နော် ... ကျုပ် စိတ်ဓာတ်သိပ်ကောင်းတာ မဟုတ်ဘူး ... လာမစနဲ့ ..."

သက်မောင်ကြီးနှင့် ပတ်သက်လျှင် လုံးဝသည်းမခံတတ်သော မြဒါလီမှာ အခင်ဆုံးသူငယ်ချင်းပင် ဖြစ်ငြင့်ကစား ဒေါလေး မှုကာ ပြောမိ၏။

"အော် ... တို့ကအကောင်းပြောတာ ... ရှင်ပြော တော့ ... သက်မောင်ကြီးဆိုတာ မန္တလေးက သူဌေး သားဆို ..."

"အို ... သူ့အဖေသာ သူဌေးဖြစ်ဖြစ် ... ကျွန်မတော့ လုံးဝစိတ်မဝင်စားဘူး ... ဒါကြောင့် ... သူ့ဓာတ်ပုံကို တောင် တစ်ချက်မကြည့်ဘဲ စုတ်ဖြဲပစ်တာ ..."

"ဟောတော် ..."

မြဒါလီ စိတ်ဒီလောက်ပြင်းထန်မှန်း ယခုပင်သိသော စာခြည် အံ့သြရလေ၏။

"ဖြစ်မှဖြစ်ရလေ ဒါလီရယ် ... ဟာ ဘယ်ဆိုး ဒီလူ ဘယ်လိုပုံရှိတယ်ဆိုတာ တစ်ချက်လောက် ကြည့်ပါဦး လားလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မကြည့်ချင်ဘူး စာခြည် … ရှင်သိသွားပဲ … ကျွန်မက … ကျွန်မ စိတ်မဝင်စားတဲ့ အရာတွေအတွက် စိတ်အရှုပ်မခံတတ်ဘူးဆိုတာ …"

"အေး … ဒါပေမယ့် … ခုလည်း ရှင် စိတ်ရှုပ်နေရတာ မဟုတ်လား ဒါလီ …"

ထိုစကားကြောင့် မြဒါလီ ခေါင်းငြိမ်သက်သွားပြီးမှ အားလျော့သောလေသံတိုးတိုးဖြင့် …

"အင်း … အဲဒါကြောင့် ရှင့်ဆီ ဖုန်းဆက်တာပေါ့ စာခြည် …"

ဟု ပြောမိ၏။

"ကျွန်မ ဘာလုပ်ရမလဲဟင် …"

သည်မေးခွန်းက စာခြည်ကိုမေးခြင်းဖြစ်သလို သူမကိုယ်သူမလည်း မေးခြင်းပါ၏။

"အင်း … ဒီအချိန် ရှင့်မှာချစ်သူ မရှိတာအနာဆုံးပဲ ဒါလီ …"

"ဟင် …"

"ဟုတ်တယ်လေ … တကယ်လို့ ရှင့်မှာချစ်သူရှိတယ်ဆိုရင် ဒီအချိန် … ရှင့်ချစ်သူနောက်လိုက်သွားရုံပဲ … မဟုတ်လား ဒါလီ …"





"အို …"

တကယ်တမ်းမှာ ချစ်သူရှိခဲ့လျှင်တောင် သူမ ဒီလိုလုပ်၍ဖြစ်မည်တဲ့လား။ သူမကို တစ်ယောက်တည်း ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့တဲ့ မာမီကို လုံးဝရက်ရက်စက်စက် လှစ်လျူရှုဖို့ဆိုတာ မဖြစ်နိုင်ပါ။

မာမီ၏ကျေးဇူးတရားကို သူမ သိတတ်မြည်၊ သမီးလိမ္မာ မဖြစ်ရင်တောင် သမီးမိုက်တော့ မဖြစ်ချင်တာ မြဒါလီဆန္ဒပါ။

"တို့ အကြံပေးတာ မဟုတ်ဘူးလား ဒါလီ …"

"ဟင့်အင်း … မာမီအပေါ် ကျွန်မ ဒီလိုမလုပ်ရက်ဘူး စာခြည် …"

"ဪ … ဒါဆိုလည်း … ရှင့်မာမီသဘောတူတဲ့ သက်မောင်ကြီးကို ရှင်လက်ခံလိုက်ပေါ့ ဒါလီရယ် …"

"အို … သူ့ကိုလည်း လက်မထပ်ချင်လို့ပေါ့ စာခြည်၊ အဲဒီလူ ကျွန်မကို စိတ်ပျက်သွားအောင် ဘယ်လိုလုပ်မလဲ …"

သည်တော့ စာခြည်တစ်ခဏ ငြိမ်သက်သွားပြီးမှ …

"ဒီလိုလုပ်ပါလား ဒါလီ … ရှင်၊ ရောဘတ်နဲ့ တွဲပြလိုက်ပေါ့ …"

"အို ဖြစ်ပါ့မလား …"



www.burmeseclassic.com

www.burmeseclassic.com



ရောဘတ်ဆိုတာက သူမကိုစိတ်ဝင်စားနေသည့်လူ။ ခေတ်မီသောအသိုင်းအဝိုင်းက ဖြစ်၏။ အမြဲတမ်း ကားလေးတစ်စီးဖြင့် မိဘချမ်းသာတာကို အခွင့်ကောင်းယူကာ လည်ပတ်နေသည့်လူ။

"ဘာမဖြစ်စရာရှိလဲ ဒါလီ ... ကိုယ် သူ့ကို အတည်ထွဲတာမှ မဟုတ်တာ ..."

"အင်း ... စဉ်းစားဦးမယ် ... တကယ်လို့ ရောဘတ်နဲ့ ခဏတွဲပြလိုက်ရင် သက်မောင်ကြီးက ရောဘတ်ကို ကျွန်မ ချစ်သူထင်ပြီး ... လက်လျှော့သွားနိုင်တယ်နော်"

"ဒါပေါ့ ... ဒါလီရဲ့ ..."

ထိုအကြံပေးချက်ကို သူမသဘောကျသွား၏။ ရောဘတ်ကို ကြည့်မရပေမယ့် အခုက သူမနှင့်သက်မောင်ကြီးကိစ္စ ပျက်ပြားဖို့။ ဟုတ်တယ် ... သက်မောင်ကြီး စိတ်ပျက်သွားဖို့အရေးကြီး၏။

နောက်နေ့မနက်မှာ ...

"ဒါလီ ... မာမီ ဈေးသွားဦးမယ် ... မောင်သက်လာရင် ကောင်းကောင်းမွန်မွန်ဧည့်ခံထားနော် ..."

"ဟုတ်ကဲ့ ..."

မာမီမှာ သားမက်လောင်းအပေါ် ဘယ်လောက်စေတနာ





တွထားတယ်မသိ၊ မနေ့ကလည်း သက်မောင်ကြီးအတွက် အခန်းင်းလင်းတာ ကိုယ်တိုင်ပါဝင်သလို၊ စားစရာတွေကြော်လှော်၊ နက်ကျတော့ ဈေးဝယ်သွားကာ ဘာတွေချက်ပြုတ်ဦးမည်မသိ။

သူမကတော့ သက်မောင်ကြီးကိစ္စမှန်သမျှ မပတ်သက်သလို၊ မသိချင်ယောင်ဆောင်နေလိုက်၏။

အလကားရှု ...

မလာရင်ကောင်းမှာ ...

အိမ်မှာတည်းမှာတဲ့။

ဘယ်လောက်စိတ်ပျက်ဖို့ကောင်းလဲ။

သူမ ကြိတ်စိတ်ညစ်မိ၏။

သူမက မနက်ခင်းတိုင်း ခွေးလေး တာဂင်ကိုခေါ်ကာ ထဲလမ်းလျှောက်တတ်သူ၊ ယခုလည်း ဒီမနက် ဂျော်ဒန်နီး အဖြူရောင်တီရှပ်လေးကို ဒူးဆစ်အောက်ရှိ ဂျင်းစကတ်နက်ပြာနှင့် တွဲဝတ်ကာ ရှူးဖိနပ်အဖြူလေးစီးကာ လမ်းလျှောက်နေ၏။

ထိုစဉ် ခြံရှေ့သို့ အငှားကားတစ်စီး ဆိုက်လာကာ လူခေါင်းလောင်းဆွဲသည်။

ကြည့်စမ်း ... ဟိုလူ ရောက်လာပြီပေါ့။ သူမ ခွေးလေးဆွဲကာ ခြံတံခါးသွားဖွင့်ပေးလိုက်၏။

ဪ ...



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရပါပြီ။

သက်မောင်ကြီး ဆိုတာကို ... ။

အရပ်စပ်မြင့်မြင့်မှာ အသားအနည်းငယ်ညိုကြာ သံ

ခပ်တိုတိုနှင့် စတစ်ကော်လံရှပ်ဖြူလက်ရှည်နှင့် ပိုးတွဲပုဆိုး မန်ကျည်

နေရောင်ကို ဝတ်ထား၏။ ခြေထောက်မှာ ကတ္တီပါဖိနပ်နှင့် ဘေးမှ

အဝတ်အစားအိတ်နှင့် ထွတ်ကျွတ်အိတ်ကြီးတစ်လုံး။

ကြည့်လိုက်တာနှင့် သူမမျက်စိထဲ ပုံစံတစ်စက်မှ မလ

သည့် တောသားအသွင်မို့ မျက်မှောင်လေးကြုတ်၊ လက်တစ်ဖ

ခါးထောက်ကာ ...

"ဘာလိုချင်လဲ ..."

ဟု အသံခပ်မာမာဖြင့် မေးလိုက်၏။

သူကလည်း သူမကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ ပြီးမှ

"ဒါ ... ဒေါ်တင်မမအိမ် မဟုတ်လား ..."

"ရှင်က ဘယ်သူလဲ ..."

သည်မနက် ဧည့်သည်လာစရာဆိုလို့ 'ဒီလူ' တစ်ယောက်

သာရှိပေမယ့် သေချာအောင် ထပ်မေးလိုက်၏။

"ကျုပ် သက်မောင်ကြီးပါ ..."

"ဘာ အသက်ကြီးပြီ ဟုတ်လား ... အသက်ကြီးပြီ

ဆိုလည်း ဘိုးဘွားရိပ်သာ သွားပေါ့ရှင် ..."





သူမစကားကြောင့် ထိုလူ မျက်နှာနီရဲသွားသည်။

"ခင်ဗျား ... ငယ်ငယ်ရွယ်ရွယ်နဲ့ နားလေးနေပြီ

ထင်တယ် ... ကျုပ်နာမည် သက်မောင်ကြီးလို့ ပြော

တာ ..."

"ဘိုးဘွားရိပ်သာကို ကျုပ်သွားရမှာ မဟုတ်ဘူး ...

ခင်ဗျားသွားရမှာ ..."

"ဘာ ... ဘာရှင့် ... ရှင် စော်ကားလှချည်လား ...

လူကိုများ ဘိုးဘွားရိပ်သာသွားသလေး ဘာလေးနဲ့ ...

"ရှင့်ကိုယ်ရှင် ဘာမှတ်နေလဲ ... ခုချက်ချင်း ရှင်

ဒီအိမ်က ထွက်သွား ..."

ဘယ်လိုမှ ဒေါသမထိန်းနိုင်သော သူမက နီရဲသော

ျက်နှာလေးဖြင့် လက်ညှိုးထိုးကာ သူ့ကို မောင်းထုတ်မိ၏။

နှင်ထုတ်ခံရ တာကြောင့် သူလည်း စိတ်တိုသွား၍

"ကျုပ်ကို ခင်ဗျား နှင်ထုတ်စရာမလိုဘူး ... ကျုပ်

လာတာ ခင်ဗျားဆီ မဟုတ်ဘူး ... ဒေါ်တင်မမဆီ ..."

"ဘာ ... ဒေါ်တင်မမလဲ ... ဘဝ ဒေါ်တင်မမမှ

ဒီမှာ မရှိဘူး ... ဒီအိမ်မှာ ကျွန်မပဲရှိတာ ..."

မာမီ မလာခင် အပြတ်နှင်ထုတ်ဖို့ သူမ စိတ်ကူးထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူမကို စိတ်ဆိုးကာ သူပြန်သွားလည်း အေးတာပဲဟု သဘောထာ
လိုက်သည်။

သို့သော် သူက သူမထင်သလို လွယ်လွယ်နှင့် အလျှေ
ပေးသူမဟုတ်။ ခေါင်းအသာခါရမ်းကာ အိတ်ထဲမှစာရွက်ကို ထုတ်
ကာ ခြိမ်းပါတ်စစ်လိုက်သေးသည်။

"တိုက်နံပါတ်လည်း အတိအကျပါလား ... ဒါ ...
မင်းညာနေတာပဲဖြစ်မယ် ..."

သူမကို သူ ပြန်ချွဲပစ်စွဲတော့ ခံပြင်းသွား၏။

"နေပါဦး ... ရှင့်ကိုညာရအောင် ရှင်နဲ့ ကျွန်မ ဘယ်
တုန်းက သိလို့လဲ ... နောင့်ယှက်မှုနဲ့ ရဲကို ဖုန်းဆက်တိုင်
လိုက်မယ်နော် ..."

သူမ ခြိမ်းခြောက်တော့ သူ ဖနှံးတွန့်ကာပြုံးသည်။

"တိုင်ဗျာ ... ဒါမှ ကျုပ်လည်း ယိဝ်စာအမှန်သိရ
အောင်လို့ ..."

"ရှင် ... ရှင် ဘယ်လိုလူလဲ ..."

သူမထက် ခေါင်းမာသော လူတစ်ယောက်ကို ပထမဆုံး
အကြိမ် တွေ့လိုက်ရခြင်းပါ။ ထိုစဉ် မာမီ ပြန်ရောက်လာသည်။

"ဟင် ... မာမီ ..."

"မော ... မောင်သက်တောင် ရောက်နေပြီကိုး ...





ကြည့်စမ်း ... အပေါက်ဝကြီးမှာ ... သမီး ေမာင်သက်
ကို ဘာကြောင့် အိမ်ထဲမခေါ်ရတာလဲ ..."

"ရှင် ... ဟို ..."

"သြော် ... အန်တီ ... အဟွန်း ... ကျွန်ေတာ်လည်း
ခုပဲ ရောက်တာပါ ခင်ဗျာ ..."

စောစောက သူမနှင့်အပြိုင် မျက်နှာသားတစ်ချက်
မလျှော့ဘဲ ရန်ဖြစ်နေသောသူက ခုတော့ ချက်ချင်းပုံစံပြောင်းသွား
၏။

မာမီ့မြင်လိုက်တာနှင့် မျက်နှာက အလိုလိုပြုံးချိုသွားကာ
ယဉ်ကျေးနေလိုက်ပုံများ စောစောကနှင့် တခြားစီ။

"အေးကွယ် ... အန်တီလည်း အပြင်ခဏသွားလိုက်
တာ ... ကဲ ... ကဲ ... မောင်သက် အိမ်ေ ၁င် ... ဟဲ့
... သမီး ... နင့်အစ်ကို အိတ်ကူဆွဲပေးလိုက် ..."

မာမီ့စကားကြောင့် သူမမျက်နှာလေး ့ ာ်သွား၏။ ပြောပြီး
ာမီက ရှေ့မှထွက်သွားသည်။ သူက နိုင်သူအပြုံ ဖြင့် သူမကိုကြည့်
ကာ ...

"ဘယ်လိုလဲ အမိ ... ရဲကို ဖုန်းဆက်တိုင်ပါဦးလား"

"ရှင် သိပ်လူပါးမဝနဲ့ ... မာမီ့မျက်နှာကြောင့်
သည်းခံနေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ ခုံလေးကြိတ်ကာပြောတော့ သူရယ်၏။

"အဟွန်း ... ဟွန်း ... ကဲ ... ကဲ ... အဝတ်အိတ်က လေးပါတယ်ဗျာ ... ဟောဒီမှာ ခင်ဗျားတို့အတွက် ယူလာတဲ့ လက်ဆောင်ထုပ် ... အဲဒါပဲ သယ်ခဲ့ ..."

ကျွတ်ကျွတ်အိတ်ကြီးကအပြည့်၊ သူ ထွက်သွားတော့ သူမ နှင့် ထိုအိတ်၊ ကျန်ခဲ့၏။

သူမ စိတ်ဆိုးဆိုးဖြင့် အိတ်ကြီးကို မ,လိုက်၏။

အား ... လေးလိုက်တာ။

ဘာတွေများ ယူလာတာပါလိမ့်။

တောသားဆိုတော့ ထိုးမုန့် လမုန့် အချိုမုန့်တွေ ယူလာမှာပေါ့။

သူမကတော့ အဆီတက်မှာစိုး၍ ထိုမုန့်မျိုးတွေ လုံးဝ မကြိုက်ပါ ...။

"မောင်သက် ... ဒါလေ ... အန်တီ့သမီး မြဒါလီတဲ့ ...

"သမီး ... ဒါ ... မောင်သက်မောင်ကြီးပဲ ... "

ညနေခင်းထဲရောက်ချိန် မာမီက သူမတို့နှစ်ယောက်ကို မိတ်ဆက်ပေးတာကြောင့် စိတ်ညစ်သွားရသည်။ သူက သူမကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး မာမီဘက်လှည့်ကာ ...

"မြဒါလီ ဆိုတာသူကိုး ... မသိပါဘူး ... အန်တီရယ်၊





ကျွန်တော်က ဘယ်က ကလေးမများ အန်တီခေါ်ထားပါလိမ့်လို့ ... "

ထိုစကားကြောင့် သူမမျက်နှာလေး ဖျတ်ခနဲ နီရဲသွား၏။

သူမကိုများ ကလေးမတဲ့။ ဒါတမင် အသိဉာဏ် မပြည့်စုံသေးတဲ့ သဘောနှိုင်းတာပဲ။

ဟင်း ... ဘယ်ရမလဲ။

မြဒါလီတဲ့ ...။

လက်လေးနှစ်ဖက်ပိုက်ကာ ခေါင်းမော့လိုက်ပြီး ...

"အဟင်း ... ကျွန်မကလည်း ရှင့်ကို ဘယ်ကဘုန်းကြီးကျောင်းသားများ ဒီကို မျက်စိလည် လမ်းမှား ရောက်လာတာပါလိမ့်လို့ အောက်မေ့မိတာ ... "

"ဘာဗျ ... ကျုပ်ကို ဘုန်းကြီးကျောင်းသား ဟုတ်လား ... "

ရုတ်တရက် သူမခံနိုင်ဖြစ်သွားပုံကို ကြည့်ကာ သူမ ကြိတ်ပြုံးလိုက်၏။

မေမေက ကြားဝင်ကာ ...

"ကြည့်စမ်း ဒါလီ ... ကိုသက်ကို ဘယ်လို ဆက်ဆံနေတာလဲ ... ကိုသက်က မာမီတို့ဆီလာတဲ့ဧည့်သည်ကို အိမ်ရှင်ပီပီ ယဉ်ယဉ်ကျေးကျေးဆက်ဆံမှပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



"အဟာင်း … အန်တီ တောင်းပန်ပါတယ် … မောင်သက်ရယ် … ဒါလီက အလိုလိုက်ထားတော့ နည်းနည်းဆိုးတယ် …

"ကဲ … သမီး … ကိုသက်ကို တောင်းပန်လိုက်"

မာမီမှာ သူ့ စိတ်ဆိုးမှာကို ဘာကြောင့်စိုးရိမ်နေတာပါလိမ့်။ သည့်လိုလူမျိုးကို သူမ မတောင်းပန်ချင်။ သို့သော် မာမီ အမိန့်ကိုလည်း မလွန်ဆန်နိုင်ပါ။ သူ့ကို ခပ်ဆတ်ဆတ်ကြည့်လိုက်ပြီး …

"ဦးသက်မောင်ကြီးက ကျွန်မတို့အိမ်လာတာဆိုတော့ … ဘယ်နေ့ ပြန်မယ်စိတ်ကူးပါသလဲရှင် … "

"ဟို … "

သူမ၏မထင်မှတ်သော မေးခွန်းကြောင့် မာမီ မျက်လုံးပြူးသွားပေမယ့် သူက အပြုံးမပျက်ပါ။

"ဩော် … ကိုယ်လား … ကိုယ်က ဒီကို လုပ်ငန်းကိစ္စနဲ့လာတာဆိုတော့ အချိန်အားဖြင့် ကန့်သတ်လို့မရဘူး …

"ကိုယ့်လုပ်ငန်းကိစ္စပြီးမှပဲ ပြန်မယ် … "

ဟင် …

သည်တစ်ခါ မျက်လုံးပြူးသွားရတာက သူမ။ ဘယ့်နှယ်





ဒီလိုဆို သူ ဒီမှာအကြာကြီး နေမည်ပေါ့။

အို … ဒီလိုလူနဲ့ တစ်အိမ်တည်း အတူနေရမှာ ဘယ်လောက် စိတ်ပျက်စရာကောင်းသလဲ။

သူ့အစီအစဉ်ကို မာမီက သဘောကျစွာ ထောက်ခံ၏။

"ဟင်း … ဟင်း … ဒါပေါ့ကွယ် … လာမှတော့ ကိစ္စ ပြီးမှ အေးအေးဆေးဆေးပြန်ပါ … မောင်သက် … အန်တီတို့အိမ်မှာ ဘာမှအားနာစရာ မလိုဘူး … သိလား"

မာမီမှာ မတော်ရသေးတဲ့ သမက်လောင်းကို မျက်နှာသာပေးလိုက်တာ။ သူမမျက်နှာလေး အလိုလိုမှုန်ကုတ်နေ၏။

"ကျေးဇူးပါပဲ အန်တီ … ဩော် … အန်တီတို့ဖို့ မေမေက လုံချည်တွေလက်ဆောင်ပေးလိုက်ပါတယ် …

"ဒီမှာပါ ခင်ဗျ … ဒါက အန်တီဖို့ … ဒါက မြဒါလီဖို့"

သူ ထုတ်ပေးသော အရာများမှာ သူမဘဝတွင် ယနေ့ထက်တိုင် တစ်ခါမှ မဝတ်ဘူးသေးသည့် ကြိုးကြိုးချိတ်လုံချည်များ။ မာမီအတွက်က အဝါရောင်နုနု၊ သူမအတွက် အဖြူရောင်။

"ကြည့်စမ်း … လှလိုက် ကောင်းလိုက်တဲ့ လုံချည်တွေ …

"ဒီအဖြူလေးက သမီးနဲ့သိပ်လိုက်တာပဲ … ဟင်း … ဟင်း … "



www.burmeseclassic.com

www.burmeseclassic.com



"အို … ဒီလိုလုံချည်တွေ သမီးမှ မဝတ်တတ်ဘဲ… မာမီ … မာမီပဲ နှစ်ထည်လုံး ယူလိုက် … "

"ဟဲ့ … ဒါလီ … ဘာတွေပြောနေတာလဲ … ဒါက လူငယ်ဆင် … နောက်တော့… ဇတ်ရင် အဆင်ပြေမှာ ပေါ့… ကဲ … သွားသိမ်းလိုက် … "

မာမီ အမိန့်ကြောင့် ထိုလုံချည်ကို မယူချင်ဘဲ လက်ခံယူပြီး အခန်းထဲ ဝင်ခဲ့၏။ နောက်မှ မာမီအသံကို ကြားရသည်။

"အန်တီ တောင်းပန်ပါတယ် မောင်သက်ရယ် … ဒါလီဟာ အန်တီ ဒီလောက် ဆုံးမထားတဲ့ကြားက ဆိုး လွန်းတယ် … "

"ကိစ္စမရှိပါဘူး အန်တီ … သူက ငယ်သေးတော့ ဒီလိုပဲပြုပြင်ရမှာပေါ့ ခင်ဗျာ … "

ဟင် …

လူကိုများ ပြုပြင်ဦးမတဲ့။

ကဲ … အညာသားရေ …

ရှင် … ကျွန်မကို ဘယ်လောက်ပြင်နိုင်မလဲဆိုတာ ကြည့်ရ သေးတာပေါ့။

မြဒါလီကို လက်ဖြောက်အရွှံပေးပြီး ရှင်ပဲ ပြန်သွားမလား ဆိုတာ သူမစိတ်ထဲက စိန်ခေါ်တာ ဘယ်သူမှမကြား။





"မီဒါလီ … "

"ဟင် မာမီ … "

ခဏနေ မာမီအခန်းဝပေါ်လာ၏။ သူမထံ မာမီမျက်နှာ တင်းတင်းဖြင့် လျှောက်လာကာ ဆွဲလိမ်သည်။

"နင့်ကို ငါ ဘယ်လိုဆုံးမထားလဲ … ဟင် … မောင်သက်ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါဆိုတာ"

"ခုတော့ … နင့်လောက်ရိုင်းတာ မရှိဘူး … ငါ့ မျက်နှာကို တမင်အိုးမဲသုတ်တာလားဟင် … "

အသံတိုးတိုးဖြင့် မာမီ အံကြိတ်ဆဲလိမ်တာကြောင့် သူမ အသားနာသွားရ၏။

"အား … နာတယ် မာမီ … "

"နာပါစေ … နင် ဒီလို အချိုးမျိုးဆိုရင် အသေသတ် ပစ်မယ် … "

ပြောရင်း မာမီက လက်ကိုရုပ်သိမ်းတာမို့ တော်သေး တယ်… ဟုတွေးကာ သက်ပြင်းချရ၏။ မာမီ ကို နှုတ်လမ်းလေးစူပြီး

"မာမီလူကကော … ဒါလီကို ဘာကြောင့်ရန်စလဲ"

"ဘာ … မောင်သက်က ညည်းကို ဘယ်တုန်းက ရန်စလဲ … "

"ဪ လူကိုများ … ကလေးမတဲ့ … "



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြောကြောင့် မာမီ တစ်ဘက်လှည့်ပြီးတော့ သူမ မမြင်လိုက်။ သူမဘက် ပြန်လှည့်တော့ မာမီမျက်နှာက ခပ်တည်တည်။

"ကလေးမ ခေါ်တာ စိတ်ဆိုးစရာလား ဒါလီ … ညည်းက သူ့ထက် ငယ်တာပဲ …"

"အို … ဒါလီ ဘွဲ့ရပြီးသား မာမီ … ဘာကြောင့်မှ ကလေးမလို့ ခေါ်စရာမလိုဘူး …"

"ဒါဆို ညည်း သူ့ လေးစားအောင်နေပေါ့ … ဒါလီ"

"ဟင် … သမီးက သူ မလေးစားအောင် ဘာလုပ်နေလဲ …"

"ဪ … ကိုယ်ဝတ်ထားတာပဲကြည့်ဦး … ကိုယ်ကြပ်အကျႌ စကဒ်တိုနံ့နံ့နဲ့ … ဟင်း … မောင်သက်တို့အသိုင်းအဝိုင်းက မိန်းကလေးတွေ ညည်းလို ဘယ်သူမှ မဝတ်ဘူး …"

အရင်က … သူမ ဘာဝတ်ဝတ် မဝေဖန်ဘူးသော မာမီ တစ်ယောက် သူရောက်လာမှ ခုလိုပြောလာတော့ အံ့သြရ၏။

"ဒါတော့ … ခေတ်တုံးနေတဲ့လူတွေသာ ဒီလိုဝတ်တာ … အခု ခေတ်မီတဲ့မိန်းကလေးတိုင်း ဒီလိုဝတ်ကြတာပဲ … ဒါလီ တစ်ယောက်တည်းမှ မဟုတ်ဘဲ မာမီရဲ့…"





"ဘာပဲဖြစ်ဖြစ် မောင်သက်ကိုတော့ ညည်း ကောင်းကောင်းမွန်မွန် ဆက်ဆံပါ …

"မောင်သက်ဟာ ညည်းတစ်နေ့ လက်ထပ်ရမယ့် ခင်ပွန်းလောင်းဆိုတာ မမေ့နဲ့ …"

ပြောပြီး မာမီ ထွက်သွားတာကြောင့် သူမစိတ်တွေရှုပ်၍ ခေါင်းကုတ်ကျန်ရစ်ခဲ့၏။

တောက် …

ဒီလူကြီး … ဘာကြောင့်များ စောစောစီးစီး မိန်းမ,မယူခဲ့တာပါလိမ့်။

"ကလေး …"

"ဪ … ဒေါ်ကြီးမြ …"

"မမက ထမင်းစားဖို့ ခေါ်ခိုင်းလိုက်တယ် …"

"ဟင် … ဒါလီ မစားသေးဘူးလို့ …"

"မရဘူးတဲ့ … ဟိုဧည့်သည်လေးပါ စောင့်နေတယ်"

"ကဲ … ကဲ … ဒါလီ လာခဲ့မယ် ပြောလိုက် …"

ဒေါ်ကြီးမြ ပြန်ထွက်သွားတာနှင့် သူမ ခုတင်ပေါ်မှ ဝုန်းခနဲ ဆင်းကာ မှန်ရှေ့ထိုင်လိုက်၏။ စောစောက ကုပ်၍ ပွနေသော ဆံပင်တို့ကို ဘီးကျဲဖြင့် ဖီးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သည့်တိုင်းထွက်သွားရင် မာမီ အမြစ်တင်ဦးမှာ၊ အဆီပြန်နေတဲ့ မျက်နှာကို ပေါင်ဒါဖို့လိုက်သေးသည်။

သေသပ်မှုက အရေးကြီးတယ်။

တော်ကြာ သူမကို အထင်သေးမခံနိုင်ပေ၊ အဝတ်အစားကို ဆန့်ဆန့်ပြန့်ပြန့် ပြုပြီးမှ ထမင်းစားခန်းထွက်ခဲ့၏။

"စား ... မောင်သက် ... ဒီမနက် ဈေးထဲမှာ ပုစွန်တုပ်ကြီးတွေ လတ်လတ်ဆတ်ဆတ်ရလို့ အန်တီကိုယ်တိုင် ချက်ထားတာ ..."

ထမင်းစားခန်းထဲ ဝင်လိုက်တာနှင့် မာမီက သဘောမနောကောင်းစွာ သူ့ပန်းကန်ထဲ ပုစွန်တုပ်ကြီးတစ်ကောင် ထည့်ပေးနေ၏။

သူကလည်း အားပါးတရစားလို့ ...။

"မာမီ ..."

သူမ ရှုအောင့်အောင့်လေး ခေါ်လိုက်တော့ မာမီလှည့်ကြည့်၏။

"ထမင်းစားခေါ်တာ ဘာကြောင့် ခုမှလာရတာလဲ၊ ဒီမှာ မောင်သက်တောင် စားနေပြီ ..."

"ဟင်း ... မြင်သားပဲ ... ဒါလီ ကြိုက်တာတွေကုန်ပြီ ..."





ထိုအပြောကြောင့် မာမီမျက်နှာအားနာဟန်ဖြင့် သူ့ကိုကြည့်၏။

"မောင်သက် စားကောင်းရဲ့လား ..."

"ဟုတ်ကဲ့ ခင်ဗျ ... အန်တီ ဟင်းချက်သိပ်ကောင်းတော့ ... ရထားကဆင်း ကျွန်တော် ဘာမှ စားမလာရသေးတာနဲ့ အတော်ပဲ ခင်ဗျ ..."

သည်လောက် ပြောနေတဲ့ကြားက သူ အပြုံးမပျက်တာကြောင့် သူမ အခန်းထဲဝင်ကာ ကက်ဆက်ခလုတ်ကို နှိပ်ချလိုက်၏။

"တစ်နေ့ကလာတဲ့ ညှို့သည် ကျွန်မတို့အိမ်မှာ သူတည်းတယ် ... စားလိုက်ပါတဲ့ ... ထမင်းကကွယ် သုံးယောက်စာ မကာတယ် ..."

ကျယ်လောင်သော ကက်ဆက်သံက ထမင်းစားခန်းထဲ ဖြန့်လို့သွား၏။

"ကြည့်စမ်း ... မီဒါလီ ... ကဲ ..."

"ဒေါက် ..."

"အား ..."

နောက်မှရောက်လာသော မာမီက ကက်ဆက်ကိုပိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူမခေါင်းကို ခပ်နာနာလေး ခေါက်၍ အံကြိတ်ပြုတွက်သွား
၏။

သူမမှာ ခေါင်းနာနေတဲ့ကြားက ကိုယ်လုပ်ချင်တာ ...
၍ အလွန်ကျေနပ်နေလေသည်။

ကဲ ... ဦးသဉ္ဇာမောင်ကြီး ...

ရှင် ဘယ်လောက်ထိ ကျွန်မတို့အိမ်မှာ နေနိုင်မလဲဟ

◆❀◆





"မာမီ ... မာမီ ..."

"ဟဲ့ ... ဘာတုန်း ..."

ညအိပ်ရာဝင်ကာနီး နှုတ်ခမ်းတစူစူဖြင့် ရောက်လာသော သူမကို ဒီနေ့ အရောင်းအဝယ်စာရင်းများ တွက်နေသော မာမီက မျက်မှန်လေးပင့်ကြည့်၏။

"မာမီ ဘယ်လိုလုပ်လိုက်တာလဲ ..."

"ဘာကို ပြောတာလဲ ဒါလီ ..."

"အို ... ဟိုလူကိုပေါ့ ..."

"ဟဲ့ ... ငါ ... ကိုသက်ကို ဘာမှမလုပ်ရပါလား ... မီဒါလီ ..."

အရေးထဲ မာမီစကားကြောင့် သူမ ရယ်ချင်သွား၏။ သို့သော် ရယ်ချင်စိတ်ကို မျိုသိပ်ကာ မျက်နှာခပ်တည်တည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဒါလီ ပြောတာ ... အဲဒါ မဟုတ်ဘူး ... ဟိုဟာကို ..."

"မီဒါလီ စကားကို ရှင်းရှင်းပြောစမ်း ... ဘာလဲ ဟိုဟာတွေ ဒီဟာတွေ ..."

ကြာတော့ မာမီ စိတ်ရှုပ်လာဟန်ဖြင့် မျက်မှောင်ကြုတ်ကြုတ်နှင့် မေး၏။ သူမ ခေါင်းကုတ်ကာ ...

"မာမီက ဟိုလူ့အခန်းကို ဘာကြောင့် သမီးအခန်းရှေ့မှာ ထားရတာလဲလို့ ..."

"ဪ ဒါလား ... ဒီအိမ်မှာ အခန်းလွတ် ဒါပဲရှိတယ်လေ ... အဲဒီမှာ မထားလို့ ကျုပ်က ဘယ်မှာထားရမလဲ ..."

မာမီ အမေးကြောင့် သူမ စိတ်ညစ်သွား၏။ သူမတို့ တစ်ထပ်တိုက်လေးမှာ ရှေ့မှာဧည့်ခန်းကျယ်ကျယ်၊ အလယ်မှာ မျက်နှာချင်းဆိုင် အိပ်ခန်းကျယ်နှစ်ခန်း။ အပေါ်ထပ် ထပ်ခိုးလေးမှာ ဘုရားခန်းနှင့် အိပ်ခန်းတစ်ခန်း၊ အောက်မှာ ထမင်းစားခန်း၊ မီးဖိုခန်းတို့ဖြင့် အစက သူမတို့မိသားစုလေးအတွက်တော့ အဆင်ပြေနေတာပါ။

ယခုတော့ မာမီက အပေါ်ထပ်ခန်းမှာနေတာမို့ အောက်မှာ သူနဲ့ သူမ နှစ်ယောက်တည်း။ ဒေါ်ကြီးမြကိ မီးဖိုဘက်က အခန်းမှာအိပ်သည်မို့ တခြားစီ။





"အပေါ်ထားပေါ့ ..."

"ဪ ... လူကို အပေါ်တင်ပြီး ကျုပ်က ကိုးကွယ်ရမှာလား ... မီဒါလီ ..."

"ခက်တာပဲ ... ဒါဆို ညဘက် သူနဲ့ဒါလီနှစ်ယောက်တည်း ..."

"ဟဲ့ ... ဘာဖြစ်လဲ ... ကိုယ့်အခန်းနဲ့ ကိုယ်အိပ်တာ"

မာမီ့ဟန်က သူ့အတွက် တစ်စက်ကလေးမှ မပူတဲ့ ပုံစံ။ မာမီ့မှာ သမီးမွေးထားတယ်ဆိုတာ မေ့နေသလားမသိ။

"မာမီ့လူက ဘယ်လောက်စိတ်ချရမှု မို့လဲ ..."

"အမယ် ... မောင်သက်ကို ညည်းက ဘယ်လိုလူထင်နေလဲ ... ဟိုက ညည်း လက်ညှိုးထည့်ပေးရင်တောင် ကိုက်တတ်တာ မဟုတ်ဘူး ..."

ကြည့် ...။

မာမီတို့ သူ့သမက်လောင်းကို အထင်ကြီးပုံ၊ သူမကတော့ ဘယ်လောက်ရိုးသားတဲ့ ယောက်ျားဖြစ်ပါစေ အထင်မကြီး။

"မာမီက အဲ့ဒီလူကို အထင်ကြီးလွန်းတယ် ..."

"ဟဲ့ ... ငါက သူ့အကြောင်း သိတာ ကိုး ... ကဲ ... မီဒါလီ ... ပြောစရာ ဒါပဲ မဟုတ်လား ... မာမီစာရင်း လုပ်စရာတွေ ရှိသေးတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောတော့ သူမ အလိုက်သိစွာ ပြန်ထွက်ခဲ့ရ၏။ မာမီ အခန်းမှထွက်ပြီး အောက်သို့ ဆင်းအလာ ...

"ဩော် ... ခင်ဗျားကိုး ... ကျုပ် ရှာနေတာနဲ့ အတော်ပဲ ..."

"ဘာကိစ္စလဲ ..."

"ကျုပ်နဲ့ မျက်နှာချင်းဆိုင်က ခင်ဗျားအခန်းနော်"

"ဟုတ်တယ် ..."

သူမလက်ပိုက်ကာ မျက်နှာထားတည်တည်ဖြင့် ဖြေလိုက်၏။ သူ ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ကောင်းပြီ ... ဒါဆို ကျုပ်အခန်းထဲကို ဘာကိစ္စနဲ့မှ မလာပါနဲ့ ..."

"ဘာရှင့် ..."

ရုတ်တရက် သူမလက်လေးနှစ်ဖက်မှာ သေးကျဉ်သော ခါးပေါ်ရောက်ကာ သူ့အား စူးစူးဝါးဝါးကြည့်လိုက်၏။

"ဩော် ... ကျုပ်ပြောတာက ခင်ဗျားက အိမ်ရှင်ဆိုတော့ တော်ကြာ ... ကျုပ်အခန်းထဲ စွပ်ခနဲ ဝင်လာတတ်တာမျိုး မဖြစ်အောင်လို့ပါ ..."

"ရှင် ... ရှင် ဘာလုပ်နေတာလဲဟင် ... ရှင့်အခန်းထဲကို ကျွန်မက ဘာကိစ္စနဲ့ ဝင်ရမှာလဲ ..."





မျက်နှာလေး နီနီဖြင့် သူမက ဒေါသဖြစ်စွာမေးတော့ သူ ကွန့်သည်။

"ဒါကတော့ ကြိုမှာထားရတာပေါ့ ... ဩော် ... ကျုပ်အခန်းထဲမှာ ခင်ဗျားလိုချင်စရာပစ္စည်း ဘာရှိလဲ"

"ဘာမှ မရှိဘူး ..."

"ဒါဖြင့် ပြီးရော ... ကျုပ်က လူပျိုသန့်သန့်လေးဆိုတော့ ... စိတ်ချရအောင် မှာတာပါ ..."

"ရှင် ... ရှင် ..."

ခွေ့ခွေ့ခုန်ဖြစ်တယ်ဆိုတာ ဒါမျိုး၊ သူမလို မိန်းကလေးကို စိတ်ဆိုးအောင် လုပ်တာ သူတစ်ယောက်ပဲရှိမည်။

ထိုစဉ် မာမီရောက်လာကာ ...

"ဟော မောင်သက် ... မအိပ်သေးဘဲကိုးကွယ် ..."

"ဟုတ်ကဲ့ အန်တီ ... ကျွန်တော်က မအိပ်ခင် စာလေး ... ဘာလေး ဖတ်ပြီးမှ အိပ်တတ်လို့ ... မြဒါလီ ဆီမှာ ဘာစာအုပ်များရှိလဲလို့ မေးနေတာပါ ..."

ကြည့် ... ၊ တတ်လည်း တတ်နိုင်တဲ့ လူ၊ စောစောကကို ဒေါသဖြစ်အောင် မပြောဖူးသလိုမျိုး မျက်နှာက ပြုံးလို့။

"ဩော် ... ဟုတ်တာပေါ့ ... သမီးက စာဖတ် ဝါသနာရှိတော့ စာအုပ်တွေ ဝယ်ထားတတ်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါလီ ... သမီးအစ်ကိုကို စာအုပ်တွေ ပေးဖတ်လိုက်လေ ..."

"အို ... မာမီကလည်း သမီးဝယ်တာတွေ သူမဖတ်တတ်ပါဘူး ..."

သူနှင့် အဆက်အဆံမလုပ်ချင်တာမို့ သူမ ခပ်လွဲလွဲ ပြေ[illegible]မိ၏။

"ဟဲ့ ... ဘာလို့ မဖတ်တာတော်ရမှာလဲ ... သမီးက ဘာစာအုပ်တွေ ဝယ်ထားလို့လဲ ..."

သူမက သူ့ကို ခပ်စွေစွေ ကြည့်လိုက်သေးသည်။

"ကာတွန်းစာအုပ်နဲ့ ပုံပြင်စာအုပ်တွေပေါ့ ..."

"ဟောဗျာ ... အဟွန်း ..."

"ရှင်က ဘာရယ်တာလဲ ..."

သည်လို ခပ်လှောင်လှောင်ရယ်တာမျိုးလောက် သူမ[illegible] မုန်းတာ မရှိ၊ ခါးလောက်ထောက်ကာ မေးတော့ မာမီက မျက်[illegible] မှောင်ကြုတ်ကြည့်၏။

သူမ သက်ပြင်းကြိတ်ချကာ ခါးထောက်သောလက်က[illegible] အောက်သို့ အသာချလိုက်ရ၏။

"ကြော် ... ကာတွန်းဖတ်တယ် ... ပုံပြင်စာအုပ်ဖတ်တယ်ဆိုတာ ကလေးဆန်တဲ့ လူတွေ မဟုတ်လား"





"မဟုတ်ဘူးလား အန်တီ ..."

မာမီကို ထောက်ခံနိုင်းသေးတာမို့ မျက်စောင်းထိုးမိသည်။

"အဟင်း ... ဟုတ်တာပေါ့ကွယ် ... ဒါလီတို့ကလေးဆန်ပုံကတော့ မပြောနဲ့ ... ဒီအသက်ရွယ်သာ ရောက်တယ် ... ညအိပ်ရာဝင်ကာနီး အန်တီ့ကို ပုံပြောနိုင်းတုန်း ..."

"ဟင် ... မာမီကလည်း ..."

ဒါတကယ်ပေမယ့် သူ့ရှေ့မှာတော့ သူမ လူကြီးဆန်တာပဲ ဖြစ်ချင်၏။

သူက သူမကို ဖျတ်ခနဲ ကြည့်ကာ ပြီးသည်။

"ကျွန်တော်ကတော့ အဲဒီလိုစာအုပ်တွေ မကြိုက်ဘူး အန်တီရဲ့ ... ကျွန်တော်ဖတ်တာတွေက ဘာသာဗြန်တို့ ... နိုတီစာအုပ်တွေတို့ ... ဘာသာတရားနဲ့ ပတ်သက်တဲ့ စာအုပ်မျိုးတွေပဲ ကြိုက်တာ ..."

သူမအကွက်ဝင်လာပြီမို့ သူ့ကိုခပ်လှောင်လှောင်ကြည့်ကာ ပြုံးလိုက်သည်။

"ဟင်း ... ဟင်း ... ဦးသက်မောင်ကြီးပုံစံကို မြင်ကတည်းက ထင်တော့ထင်သား ... ဘုန်းကြီးကျောင်းထွက်ပုံစံလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



သည်လိုပြော၍ သူစိတ်ဆိုးမည်ထင်တာ မှားသွား၏။ သူက ခပ်ပြုံးပြုံးဖြင့် ...

"ဒါပေါ့ဗျာ ... မြန်မာမှန်ရင် ဘုန်းကြီးကျောင်းက စရတာပဲ ... ဒါမှ ဘာသာတရားက သင်ပေးလိုက်တဲ့ ယဉ်ကျေးမှုတွေ ... ဘာသာတရားအသိတွေ စည်းကမ်း သေသပ်ကျနမှုတွေ ရလာတာ မဟုတ်လား ... မြဒါလီ ကော ဘယ်ကျောင်းက ထွက်တာပါလိမ့် ..."

ထိုအမေးကို သူမက ခေါင်းလေးမော့၊ လက်လေးပိုက်ကာ ဂုဏ်ယူစွာ ဖြေလိုက်၏။

"ဒီနှစ်မှာပဲ ဘီအေဘွဲ့ကို ပွမ္မွေးမွေးနဲ့ ... ရန်ကုန် တက္ကသိုလ်က ရထားတာရှင့် ..."

"ဪ ... ဘွဲ့ရကြီးသားကိုး ... မသိပါဘူးဗျာ ... ဖတ်တော့ ကာတွန်းတို့ ပုံပြင်စာအုပ်တွေဆိုတော့ ... အဟွန်း ... ကျွန်တော်က မူကြိုတက်တုန်း အောက်မေ့ နေလို့ ..."

"ဘာ ... ဘာရှင့် ..."

"အန်တီ ... ကျွန်တော်အိပ်မှာမို့ ခွင့်ပြုပါဦးခင်ဗျာ"

"အေး ... အေးကွယ် ..."

သူမကို တစ်ချက်လှည့်မကြည့်၊ သူ့အခန်းထဲ တန်းတန်း





ဝင်မတ်ဝင်ကာ တံခါးကို ချက်ချသွားလေတော့၏။

ဒေါသများဖြင့် ကျန်ခဲ့သူက သူမ ...

"မာမီ ... မာမီ့လူပြောသွားတာ ကြားတယ်မဟုတ်လား ... ဒါလိုကို မူကြိုတဲ့ ..."

"ကြားသားပဲ ... သမီးကလည်း သူ့ကို ဘုန်းကြီး ကျောင်းထွက်လို့ ပြောတာကိုး ..."

"အို ... သူဖတ်တဲ့စာအုပ်တွေလည်း ကြည့်ဦး ..."

"အေးလေ ... ဟိုကလည်း ညည်းဖတ်တဲ့စာအုပ် တွေပေါ်ကို ကြည့်ပြီး ဝေဖန်သွားတာပဲ ..."

"တဲ့ ... အိပ်တော့ ... ငါလည်း ဘုရားဝတ်ပြုပြီး အိပ်တော့မယ် ..."

ပြောပြောဆိုဆိုနှင့် မာမီ အပေါ်ထပ်သို့ တက်သွားသည်။ သူမတစ်ယောက်တည်း ကျန်ခဲ့တော့ ဘယ်သူ့ကို စိတ်တိုရမှန်း မသိ။

မာမီတို့များ ...

တစ်သက်လုံး မွေးလာတဲ့ သမီးဘက်က နည်းနည်းလေး မှ နာပုံမရတာ ရင်နာစရာ။

သူမမှာ တံခါးပိတ်ထားပြီးဖြစ်သော သူ့အခန်းကိုကြည့် ကာ ပြေး၍ ဝုန်းခိုင်းသော ထုရိုက်ဖွင့်ချင်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတာ စီးစီးပိုးပိုးနဲ့ သူကိုယ်သူ ဒီအိမ်ကိုလာတဲ့ ညှေသည်နဲ့ မတူ၊ အိမ်ရှင်ပုံစံအတိုင်း။

စိတ်ထဲရှိသမျှ မလုပ်ရတော့ သူမမှာ ကိုယ့်အခန်းထဲ ကိုယ်ဝင်ကာ ဝုန်းဒိုင်းကျဲမိတော့၏။

တစ်သက်လုံး ဒီအိမ်မှာ ဗိုလ်လုပ်လာခဲ့သူ၊ ယခုတော့ သူ့နဲ့မှ အရှုံးပေးရတဲ့ အဖြစ်။

မကျေနပ်ဘူး။

ဒီလူကို လုံးဝမကျေနပ်ဘူး။

ဒီလူ အိမ်ကထွက်သွားအောင် သူမ ဘယ်လိုလုပ်ရမလဲ။

မြဲဒါလိ ... ကြံစမ်း ... ကြံစမ်း ...။

◆◆◆





"ဩကာသ ... ဩကာသ ... ဩကာသ ... ကာယ
 ကံ ... ဝစီကံ ... မနောကံ ..."

ကျယ်လောင်စွာ ရွတ်သော ဘုရားရှိခိုးသံကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ လန့်နိုးသွားသူက မြဲဒါလီ။

ဘယ်က အသံပါလိမ့်။

သူမတို့အိမ်မှာ ဒီလောက်အော်ကြီးဟစ်ကျယ်နဲ့ ဘုရားရှိခိုးမယ့်သူ မရှိ။ သူမ ဦးနှောက်က ဖျတ်ခနဲ မနေ့ကရောက်လာသော ကိုရွှေညှေသည်ကို သတိရလိုက်၏။

ကြည့်စမ်း ...

ဒီလူ့အသံပဲ၊ နာရီကြည့်လိုက်တော့ မနက်ခြောက်နာရီပင် မထိုးသေးပေ၊ သူများတွေ အိပ်ကောင်းချိန်၊ သူ့အသံက အော်ကျယ်ဟစ်ကျယ်နဲ့ တော်တော်အလိုက်မသိတဲ့ အညာသားပါလား။

သူမက နားကို လက်နှစ်ဖက်နှင့် အုပ်ကာ ပြန်၍ အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကြီးစား၏။ သို့သော် မပြီးဆုံးနိုင်သော သူ့ဘုရားရှိခိုးသံကြ
က သူမနားထဲ ဖောက်ထွင်းဝင်ရောက်နေသောကြောင့် နှုတ်မှိတ်
ထားသော မျက်လုံးတွေ ပြန်ပွင့်လာရ၏။

ဘုရားရှိခိုးပြီး အမျှပေးဝေနေလိုက်တာကလည်း တစ်ရှည်
တစ်လျား။ မှန်တာပြောလျှင် မိန်းကလေးဖြစ်တဲ့ သူမပင်သူ့လောက်
ဘုရားစာများ မရ။

သည်လူ့ အုန်းကြီးကျောင်းထွက်ဆိုတာ ဟုတ်တယ်ဟုတ်ရ
ဟုတ်နေမှာ။

အိပ်မရတော့တာမို့ သူမခုတင်ပေါ်မှ ဝုန်းခနဲ ဆင်းကာ
ဒေါသဖြစ်ဖြစ်နှင့် သူ့ကို သွားစောင့်နေလိုက်၏။

"ကြည့်စမ်း ... ငါ့သမီးဒါလီ အိပ်ရာက မထစဖူး
အစောကြီး ထနေတာပါလား ... ကောင်းတယ် ...
ကောင်းတယ် ... မောင်သက်ရှိတဲ့အချိန် ဒီလိုစောစော
ထသင့်တယ် ..."

အရေးထဲ ဆွမ်းပွဲပြင်ပြီး ဝင်လာသော မာမီက သူမက
တွေ့ကာ ချီးကျူးနေ၏။ သူမမှာ မာမီ့စကားကြောင့် အလိုက်သင့်
ကြနေလိုက်၏။

"ဟို ... သမီး ဒီနေ့ အိပ်ရာစောတာ ..."

"အိပ်ရာ စောစောထတာ ကောင်းတာပေါ့ သမီး





ရယ် ... ကဲ ... ကဲ ... မောင်သက်ပို့ မနက်စာပြင်ဖို့
ဒေါ်ကြီးမြကို ပြောလိုက် ... မာမီ ဘုရားရှိခိုးလိုက်ဦး
မယ် ..."

"ဟုတ်ကဲ့ မာမီ ..."

မာမီဘုရားခန်းထဲ ဝင်သွားတော့ သူမစိတ်ရှုပ်ကျန်ခဲ့
သည်။ အောက်ထပ်သို့ နှုတ်ခမ်းလေးစူကာ ဆင်းလာပြီး လှေကား
ထောင့်ချိုးမှာ ဟိုလူ့ကို စောင့်နေလိုက်သည်။

ဟော ... လာပါပြီ ... မင်းသား။

အဖြူရောင် စတစ်ကော်လံရှပ်အင်္ကျီလက်ရှည်ကို ကြယ်
သီးစေ့တပ် ဝတ်လျက်၊ အပြာရောင်ပိုးတွဲပုဆိုးနှင့် ဆံပင်ခပ်တိုတို
ကို သေသပ်စွာ ဖြီးကာ မနက်စောစောစီးစီးမှာ သပ်ရပ်နေ၏။

"ဒီမှာ ..."

"ဟာဗျာ ... ခင်ဗျား အလန့်တကြားနဲ့ ..."

သက်မောင်ကြီးမှာ လှေကားထောင့်ချိုးအရောက်တွင်
ရုတ်တရက်ပေါ်လာသော ညဝတ်အင်္ကျီပွပွ၊ ဘောင်းဘီရှည်ပွပွကြီး
နှင့် ဆံပင်စုတ်ဖွားဖြင့် မြဒါလီကို တွေ့လိုက်ရသောကြောင့် အံ့သြ
သွားရ၏။

"ဟင်း ... ခုမှ ဘုရားရှိခိုးလာတဲ့ဂျူက လန့်ရသေး
လား ..."



www.burmeseclassic.com

www.burmeseclassic.com



လက်ပိုက်ကာ ခပ်မဲ့မဲ့ မျက်နှာပေးလေးဖြင့် မေးနေသော မြဒါလီကို ခပ်စူးစူးကြည့်လိုက်၏။

သည်လောက် ဖရိုဖရဲဖြစ်နေတဲ့ကြားက မြဒါလီဆိုတဲ့ ကောင်မလေး၏ အလှက အထင်းသားပေါ်လွင်လို့။

အင်း … ဆိုးတေတေလေးသာ မဟုတ်ရင် တော်တော် ချစ်စရာကောင်းမယ့် မိန်းကလေး။

"ရှင် … ဘာကြည့်နေတာလဲ …"

သူမအသံကြားမှ ကိုယ့်အကြည့်လွန်သွားတာကို သတိပြုမိပေမယ့် ခပ်တည်တည်မျက်နှာထားဖြင့် ပခုံးတွန့်လိုက်၏။

"ကြည့်ရတာပေါ့ … အမိက ကျုပ်ကို မပြောတော့ လန်သလေး ဘာလေးနဲ့ … အမိပုံကလည်း ကြည့်ဦး မနက်စောစောစီးစီး ရှုပ်ရှုပ်ပွပွနဲ့ သရဲမလေးပုံ ပေါက်နေတာကိုး …"

"ဟင် … ဘာ … ဘာရှင့် … ရှင်ကများ ဟန်မကို သရဲမတဲ့ …"

"ရှင် … ရှင် သိပ်လူပါးဝတယ် …"

သည်လူနှင့် တွေ့ရတိုင်း သူမမှာ နေ့ညမရွေး ဒေါသဖြစ်ရနေရတဲ့ အဖြစ်။ ယခုလည်း စောစောစီးစီး သင်းရန်စကားတမင် ပြောတာ။





"လူပဲ … လူပါးဝတာပေါ့ဗျာ … အမိကကော လူပါး မဝဘူးလား …"

"ဟင် … ရှင်စော်ကားလှချည်လား … ဒါ … ကျွန်မ အိမ်ဆိုတာကော ရှင်နားလည်ရဲ့လားဟင် … ရှင့်လို လူပါးဝတဲ့ညွှသည်မျိုး … ဒီမြန်မာပြည်မှာ ရှင်တစ် ယောက်တည်းရှိမယ် …"

သူ့မျက်နှာကို လက်ညှိုးထိုးကာ သူမ ခပ်ဆတ်ဆတ်လေး ရန်ထောင်တာကို သူက ဂရုမစိုက်ပဲ အေးစက်စက်။

"ဒါဆို ကျုပ်မျက်နှာကို ကြည့်ထား …"

"ဘာပြောတယ် …"

"ကြော် … ကျုပ်လိုလူမျိုး ဒီမြန်မာပြည်မှာ တစ် ယောက်တည်းရှိတယ်ဆိုလို့ … ကျုပ်မျက်နှာကြည့်ထား လို့ ပြောတာ …"

"ဘာ … ရှင့်မျက်နှာကိုတော့ မကြည့်ဘူး … ဟောဒီ လိုပဲလုပ်မယ် …"

"မြန်း …"

"ဟင် …"

ဘယ်လိုမှ စိတ်မထိန်းနိုင်တော့သော သူမက သူ့ပါးပြင်ကို လက်တစ်ဖက်ဖြင့် တအားလွှဲရိုက်မိတော့၏။ ရုတ်တရက်မို့ သင်



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးခံလိုက်ရကာ သူမကိုလည်း အံ့ဩစွာ ကြည့်မိ၏။

"ခင်ဗျား ..."

ထိုစဉ် ဒေါ်တင်မစ ရောက်လာကာ ...

"ဟော သမီး ... မောင်သက်ဖို့ မနက်စာပြင်ဖို့ ဒေါ်မြကို ပြောပြီးပြီလား ..."

"ရှင် ဟုတ်ကဲ့ ... သမီး အခုသွားပြောမလို့ ..."

အခွင့်အရေး ရသွားသော သူမက ထိုနေရာမှ ဖျတ်ခနဲ ပြေးထွက်ခဲ့တော့၏။

စိတ်တော့ မကောင်းပါ။

ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို ခြေလှမ်းလက်လှမ်းရိုက်မိသွားတဲ့ အဖြစ်။

သည်အဖြစ်ကို သူ မာမီအား တိုင်လျှင်၊ အို ... မာမီ ဘယ်လောက် စိတ်ဆိုးလိုက်မလဲ။

ဒါမှမဟုတ် သူစိတ်ဆိုးပြီး ဒီအိမ်က ထွက်သွားမလား။

ဒါဆို ... မာမီ ရိုက်မိသွားမှာပေါ့။

"ဒေါက် ... ဒေါက် ... ဒါလီ မမခေါ်နေတယ် ..."

"ရှင် ... ဟုတ်ကဲ့ ဒေါ်ကြီးမြ ..."

စက်တာပဲ၊ သူနှင့် မျက်နှာချင်းမဆိုင်ဖို့နေကာမှ မာမီ ခေါ်နေသတဲ့။





အို ... သူ ... သူ မာမီ့ကို တိုင်လိုက်တာများလား၊ ဒါကြောင့် မာမီခေါ်တာ။

ကဲ ... လုပ်ပြီးမှတော့ သေးမနေနဲ့။

မြဒါလီ ... ။

သူမ ရေချိုးခန်းထဲဝင်ကာ သန့်စင်ရေးလုပ်လိုက်၏။ ရေချိုးသာနှင့် မျက်နှာလေးကိုဘာမှမလိမ်းဘဲ ဆံပင်ကိုသေသပ်အောင်ဘာ အဖြာရောင်နုနု ဂါဝန်ရှည်လေးဝတ်ပြီး ထွက်ခဲ့သည်။

"အမယ်လေး ... စောင့်လိုက်ရတာ မယ်မင်းကြီးမရယ် ... ဒီမှာ မောင်သက်တောင် မနက်စာပြီးတော့မယ် ... မာမီဈေးသွားမယ် ... သမီး မနက်စာ စားပြီးရင် ... မောင်သက်ကို အဖော်လုပ်လိုက်ဦး ... တော်ကြာ ... မောင်သက်တစ်ယောက်တည်း ပျင်းနေမယ်"

မာမီ့စကားကြောင့် သူမသက်ပြင်းကြိတ်ချနိုင်တော့၏။ အသူမဝင်လာစဉ် တစ်ချက်သာလှမ်းကြည့်ပြီး ကော်ဖီကို ဆက်သောက်နေသည်။

"ဒါဆို ... သူ မာမီ့ကို မတိုင်ဘူးပေါ့ တော်သေးတာပေါ့ ..."

ဟု သူမက တွေးကာ လက်ဖက်ရည် ဆက်သောက်လိုက်

www.burmeseclassic.com



မာမီက ကောင်မလေးခေါ်ကာ ဈေးသို့သွားပြီး ဒေါ်ကြီးမြကာ ထမင်းစားခန်းနှင့် မီးဖိုထဲ တစ်ယောက်တည်း အလုပ်ရှုပ်နေသည်။

သူမ ဆက်ဖက်ရည်သောက်ပြီး ထလာခဲ့သည်။

"ဒီမှာ ..."

"ဟင် ... ရှင် ..."

သူမနောက်တွင် သူကစပ်ပါလာတာကြောင့် ရုတ်တရက် လန့်သွားသည်။

"ရှင် ... ရှင် ... ကျွန်မကို ..."

"ဟွန်း ... မင်းကို ပါးပြန်ရိုက်မှာယ် ထင်နေသလား"

နှုတ်ခမ်းပါးများကို တွန့်ပြီးကာ မေးလိုက်ဟန်က တစ်ခုခုကို ရက်စက်တော့မည့်ဟန်။

"ဒီမှာ ရှင်ခုနက ကျွန်မကြောင့် မာမီကို ဘာလို့မတိုင်တာလဲ ..."

မထူးတော့တာမို့ သူနဲ့ မျက်နှာချင်းဆိုင်ကာ မေးလေးထောက်ပြီး မေးလိုက်၏။ သူက သူမမျက်နှာလေးကို စေ့စေ့ကြည့်ကာ ပြုံးလိုက်သည်။

"ကျုပ်က ဘာကြောင့် တိုင်ရမှာလဲ ... ဒီမှာ အမိရဲ့ တိုင်တယ် တောတယ်ဆိုတာ ကလေးတွေရဲ့ အလုပ်ဗျ





ကျုပ်က လူကြီး ..."

"ဓိဩ ... ဒါဆို ရှင်က ကျွန်မကို ပါးပြန်ရိုက်မယ် ပေါ့ ... ဟုတ်လား ... မာ်င်း ... ရိုက်ရဲ ရိုက်ကြည့်လေ"

ဖြူဖြူနုနု သေးသေးသွယ်သွယ် သူမက ရှေ့မှာရှိနေသော ယောကျ်ားပီသစွာ ချောင့်တင်းကျစ်လျစ်သည့် ခရုပ်မြင့်မြင့်နှင့် ထိုလူကို နည်းနည်းလေးမှ ကြောက်လန့် ဂရုစိုက်ဟန်မရှိဘဲ စိန်ခေါ်နေပုံက ဘယ်လောက်အသည်းယားစရာကောင်းလဲမသိ။

"ကျုပ်ကလား ... ဒီလောက်နုနယ်တဲ့ ခင်ဗျားပါးကို ရိုက်ရင် ... ကျုပ်လောက်မိုက်တဲ့လူ ဘယ်ရှိမလဲ ... ကျုပ်က ခင်ဗျားကို ဟောဒီလို လက်စားချေမှာ ..."

"အို ..."

ရုတ်တရက် သူက ပြောပြောဆိုဆို သူမကိုယ်နလေးကို အတင်းပွေ့ဖက်ကာ ရင်ခွင်ထဲ ဆွဲယူပြီး မျက်နှာလှလှလေးကို တစ်ရှိက်မက်မက် နမ်းလေသည်။

သည်အချိန်အထိ ယင်ဖိုတောင် မသမ်းဖူးသေးသော အပျိုစင်မလေး မြဒါလီမှာ ထူးခြားသော အတွေ့အထိကြောင့် ခေါင်းထဲ ရိုက်ခနဲ ဖြစ်လျက် ရုတ်တရက် ရုန်းကန်ဖို့ သတိမရ။

သို့သော် အသိချက်ချင်းဝင်လာတော့ ...

"ရှင် ... ရှင် ... ကဲ ... ကဲဟယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"မြန်း ... မြန်း ..."

သူ့ရင်ခွင်မှ လွတ်ကာနှင့် ရုက်ကြောက်လွန်းသော သူ

သူ့ပါးပြင်နှစ်ဖက်ကို ဘယ်ပြန်ညာပြန် ရိုက်မိတော့၏။

"ဆောရီး မြဒါလီ ..."

ပါးရိုက်ခံရသည့်ကြားက သူလွန်သွားပြီဟု သိလိုက်

သူမကို တောင်းပန်မိ၏။ သူမမျက်နှာကို လက်ဝါးနှင့်အုပ်ကာ

ခန်းထဲသို့ ပြေးဝင်ခဲ့တော့၏။

ယောကျ်ားတစ်ယောက်က ဒီလိုနည်းနဲ့ လက်စားချေ

မယ်လို့ သူမတကယ်မထင်ခဲ့ပါ။

◆❀◆





အိပ်ရာပေါ်ရောက်ပေမယ့် သက်ပြင်းတွေ အကြိမ်ကြိမ်ချ

နေရတာက သက်မောင်ကြီး။

တကယ်တော့ သူက ယနေ့ချိန်ထိ ချစ်သူရည်းစားဆိုတာ

မရှိ၊ ရတနာကုန်သည် ဒေါ်မမကြီး၏ တစ်ဦးတည်းသော သား။ သူ

ကိုယ်တိုင်ကလည်း အင်ဂျင်နီယာဘွဲ့ရထားတာမို့ အပျိုချောတွေ

ဝိုင်းဝိုင်းလည်ခဲ့ပါသည်။

သို့သော် သူကိုယ်တိုင်က မည်သူ့ကိုမှ စိတ်မဝင်စား။

ဖြစ်ချင်တော့ မေမေ့မိတ်ဆွေ ဒေါ်တင်မမတစ်ယောက်

အိမ်သို့ လာရောက်မှာပဲ သူ့အဖို့ ရင်ခုန်ရမယ့်သူ တွေ့တော့၏။

မြဒါလီတဲ့။

ဒေါ်တင်မမရဲ့ သမီး။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံထဲမှာ အဖြစ်ကင်းစင်စွာ ရယ်နေဟန်လေးက တကယ့်ချစ်စရာ။

ရှေ့ဆက်ဆိုရှင်တော့ မေမေကိုယ်တိုင်က သူ့ဓာတ်ပုံကို ကြည့်ကာ သဘောကျသွားသည်။

"မြဒါလီကို ချွေးမတော်မှာပဲ ..."

ထိုစကားကြောင့် သူရင်ခုန်သွားရ၏။ တစ်သက်လုံး ဘယ်မိန်းမမှ မချစ်ခဲ့သမျှ မြဒါလီနှင့်ကျမှ သူ့နှလုံးသားက အရှုံးပေးသွားရတာ။

"မေမေကတော့ သားကို မြဒါလီနဲ့ သဘောတူတယ် သားသဘောကကော ..."

သူ့ကို မိန်းမယူစေချင်တာကြာပြီဖြစ်သော မေမေမှာ ချွေးမရှာရတာ အမော။

သို့သော် သူက သဘောမကျတော့ မေမေပဲ မောလေ၏။

"သားသဘောကျတဲ့ မိန်းကလေးမျိုးမှ လက်ထပ်ပါ ရစေ ... မေမေ ..."

"မေမေကလည်း သားစိတ်ချမ်းသာဖို့ အဓိကထားတာပါ ... သားသဘောမတူဘဲနဲ့ ဘာမှမစီစဉ်ဘူး ... စိတ်ချ ..."

သဘောထားပြည့်ဝသော မေမေကြောင့် သူစိတ်ချမ်းသာ





ရတာ အမှန်။ မြဒါလီကျတော့ သူမငြင်းနိုင်။

"မေမေ သဘောကျရင် ပြီးတာပါပဲ ..."

"အဟင်း ... ဟင်း ... ဒါဆို တင်တင်ကို ပြောလိုက်တော့မယ် ..."

ဒေါ်မမကြီးဆိုတာ စိန်ရွှေရတနာကုန်သည်၊ သက်မဲ့အရာတွေကိုတောင် ကျွမ်းကျင်စွာ အကဲခတ်နိုင်သူမို့ သက်ရှိလူသားဖြစ်တဲ့ ကိုယ့်သားသဘောကို ကောင်းကောင်းနားလည်သည်။

မြဒါလီကို သားသဘောကျသွားပြီဆိုတာ၊ ထို့ကြောင့် လူကြီးချင်း ဖွင့်ပြောဖြစ်၏။ ဒေါ်တင့်မမဘက်က အတိုင်းထက်အလွန် ဝမ်းသာစွာ လက်ခံသည်။

"တင်တင်သဘောတူတာ ဟုတ်ပါပြီ ... သမီးလေး မြဒါလီသဘောကကော ..."

"အို ... သမီးက တင်တင်သဘောပါ မမ ... မမတို့ဘက်က ခုလို သဘောတူလာတာပဲ ဝမ်းသာစရာပါ သမီးကို တင်တင်ပြောပါ့မယ် ..."

"မဟုတ်ဘူးလေ ... လူကြီးတွေ ဆန္ဒထက် ... လူငယ်တွေဆန္ဒလည်း ရှိသေးတာပဲ ... သူတို့ချင်း အဆင်ပြေရင် ပိုကောင်းတာပေါ့ ... တင်တင် ..."

ဒေါ်မမကြီးတို့က ဒီလိုခေတ်မီ၏။ ငါ မိဘပဲ၊ သားသမီးကို



www.burmeseclassic.com

www.burmeseclassic.com



ဒါဖြစ်ရမယ်ဟု တစ္ဆတ်တိုး မစိစဉ်၊ ရှုပယ်တွေ သဘောထား
တီးခေါက်ရမည်။

"မခြေပြောတာ တင်တင်နားလည်ပါတယ် ... ဒီလို
လုပ်ပါ မမ ... သမီးကို တင်တင်လည်း ပြောထားပါ
မယ် ... ရှုပယ်ချင်း ရင်းနှီးအောင်လည်း လုပ်ပေးကြ
တာပေါ့ ..."

"အင်း ... ဒါဆို ... သားကို ရန်ကုန်လွှတ်လိုက်မယ်
လေ ... ရန်ကုန်မှာလည်း နိုင်းစရာ ကိစ္စတချို့ရှိနေတာနဲ့
အတော်ပါပဲ ..."

"သိပ်ကောင်းတဲ့အစီအစဉ်ပေါ့ မမ ... မောင်သက်
လို လူမျိုးနဲ့ သမီးဆုံတာ ကံကောင်းတာပဲ ..."

မိခင်ဖြစ်သူ ဒေါ်တင်မမက တကယ်ဝမ်းသာ၏။ ဒေါ်
ကြီးဆိုတာ တကယ့်ကို ဂုဏ်သရေရှိ အမျိုးသမီးကြီးမဟုတ်လား

"မောင်သက်ကို တစ်ခုတော့ ကြိုတောင်းပန်ထားပါ
ရစေကွယ် ..."

"ဘာများလဲ အန်တီတင် ..."

"တခြား မဟုတ်ပါဘူးကွယ် ... သမီးက အန်တီ
အလိုလိုက်ထားလွန်းတော့ နည်းနည်းဆိုးတယ် ...
တကယ်လို့ မောင်သက်လာရင် သမီးဆိုးတာတွေ့ရင်





နည်းနည်းသည်းခံပေးပါလို့ ..."

"ဗြော် ... အဟွန်း ဒါများ အန်တီရယ် ... မြဒါလီက
ကျွန်တော့်ထက် ငယ်တာပဲ ... ကျွန်တော်သည်းခံရမှာ
ပေါ့ ... ခင်ဗျာ ..."

ယဉ်ကျေးမွန်ရည်သော သက်မောင်ကြီးလို လူမျိုးကို
သမက်တော်ရမှာ ဒေါ်တင်မမအတွက် ထိုဆုကြီးပေါက်သလိုပါပဲ။

မြဒါလီလို ခပ်ဆိုးဆိုးမိန်းကလေးဟာ သက်မောင်ကြီးလို
ရိုးသားအေးဆေးတဲ့ ယောက်ျားမျိုးနဲ့မှ ကိုက်တာဟု တွေးကာ မိခင်
ဖီဖီ ကျေနပ်ရလေသည်။

ထို့သို့ဖြင့် သက်မောင်ကြီးတစ်ယောက် မြဒါလီကို တွေ့ဆုံ
ဖို့ ရောက်လာခဲ့သည်။ သို့သော် တွေ့စမှာပင် အဆင်မပြေ။ တစ္ဆတ်
တိုးမလေး မြဒါလီက သူ့ကို ရန်သူတစ်ယောက်လို သဘောထားနေ
ပုံ၊ သူကတော့ ဓာတ်ပုံထဲမှာထက် အပြင်ဘက်မှာ ပို၍ချောမော
သော ချစ်စရာကောင်းနေသော ကောင်မလေးကို အသည်းယားစွာ
ချစ်မိ၏။

ယခုတော့ မမျှော်လင့်တဲ့ သူမကို ချစ်မိသွားရပြီ၊ အစက
သူမအား အနည်းအကျဉ်းမျှ သင်ခန်းစာပေးရုံ၊ သို့သော် နည်းအိတွေး
သော အတွေ့အထိတို့ကြားမှာ မလွန်ဆန်နိုင်တာ သူ လိုက်လိုက်လှဲ
လှဲချစ်မိခဲ့တာ ကလိစားချေချင်စိတ်နဲ့ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လို့မင်းကိုချစ်မိသွားလို့ ကိုယ်နမ်းရှိုက်မိတာပါကွယ်။

အတွေ့အကြုံမျှသေးသော အပျိုရိုင်းလေးပီပီ သူမကိုယ်လေးက သူရင်ခွင်ထဲ ဆတ်ဆတ်တုန်လို့၊ လွန်စွာပင် သနားမိရတဲ့ အဖြစ်၊ ကလေးဆန်ဆန် ဆိုးခဲ့တာက လွဲလို့ သူမဟာ ဖြူစင်သူလေးပါလားဟု မြတ်နိုးမိရတာလည်း အမှန်။

မြဒါလီ ကိုယ့်ကို မင်းမုန်းသွားပြီလားကွယ်။

ထိုနေ့တစ်နေ့လုံး မြဒါလီက သူမ သူငယ်ချင်းအိမ်သွားကာ သူ့ကို ရှောင်နေ၏။

သူ့မှာသာ သူမ ဘယ်အချိန်ပြန်လာမလဲလို့ ခြေပေါက်ကြည့်ရတာ မကြာခဏ။

“ဒီကောင်မလေးတော့ အိမ်မှာ မောင်သက်ကို တစ်ယောက်တည်းထားပြီး လျှောက်သွားနေတယ် … လာပါစေဦး …”

ဒေါ်တင်မမက သူ့ကိုအားနာနေသည်။

“နေပါစေ အန်တီ … သူလည်း လူငယ်ဆိုတော့ လည်ချင်ပတ်ချင်မှာပေါ့ …”

“အိုကွယ် … မနက်ကတည်းက ထွက်သွားတာ ခုညနေအထိ ရောက်နေပြီ … မိန်းကလေး ဒီလောက် အိမ်လည်တာ ကောင်းသလား … ကိုယ့် လက်ထပ်ရ





မယ့် သတို့သားလောင်းရှေ့မှာ မိုးလင်းက မိုးချုပ် အိမ်လည်တဲ့ မိန်းကလေးမျိုး ဘယ်သူက အထင်ကြီးမလဲ”

မိမြဒါလီ …

တမင်သက်မောင်ကြီး စိတ်ကုန်သွားအောင် လုပ်နေလားမသိ။

“သူသွားတာ … မိန်းကလေး သူငယ်ချင်းအိမ်ပဲ မဟုတ်လား … အန်တီ …”

“ဟုတ်တယ် မောင်သက် … စာခြည်ဆိုတာ ဒါလီ အခင်ဆုံးသူငယ်ချင်းလေး … ဒါကြောင့် သွားရင် တစ်နေကုန်နေတာ …”

စိတ်မပူသလိုနဲ့ မောင်သက်တစ်ယောက် မြဒါလီအတွက် စိတ်ပူနေတာ တွေ့ရတော့ ဒေါ်တင်မမ ကျိတ်ပြုံးမိ၏။

အင်း … ဒီပုံဆို မြဒါလီတို့ ဆိုးဦးမှာပဲ။ မနေသာတာမို့ ဒေါ်တင်မမမှာ စာခြည်တို့ အိမ်သို့ ဖုန်းဆက်လိုက်ရ၏။

“ဟဲလို …”

“စာခြည် သမီးရေ … အဲဒီမှာ မြဒါလီ ရောက်နေတယ် မဟုတ်လားကွယ့် …”

“ရှင် … ဟုတ်ကဲ့ အန်တီ … ဒါလီ့ကို ဖုန်းပေးလိုက်မယ်နော် …”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ..."

စာခြည်လက်ထဲမှ ဖုန်းက ဒါလီ့ထံရောက်သွား၏။

"ဟဲလို ..."

"မီဒါလီ ..."

"မာင် ... မာမီ ..."

ဖုန်းထဲက မာမီ့အသံမှာ ဒေါသတွေ ဘယ်လောက်ထွက်နေပြီဆိုတာ မြဒါလီသိလိုက်ပြီ။

"ဘာ မာမီလဲဟင် ... ငါ ဈေးက ပြန်လာတာနဲ့ ညည်းမရှိတာ ဘာသဘောလဲ ... မောင်သက်ကိုအဖော်လုပ်လိုက်ပါဆိုမှ တစ်ယောက်တည်းထားခဲ့တယ်လို့ ..."

"ဟို ... သူက ..."

"သူက ဘာဖြစ်လဲ ... သူက ချေသည်လေ ... သည်းခံရောရှိရင် ... ညည်းက သည်းခံရမှာပေါ့ မီဒါလီ"

တစ်ဖက်မှ စိတ်ပျက်စွာ ခေါင်းကုပ်မိတာ မြဒါလီ။ ကော်တာပဲ အဖြစ်အပျက်မှန်ကို မာမီမသိဘဲ ပြောနေတာလား။

"အို ... ဒီလိုနည်းမျိုးတော့ သမီးသည်းမခံနိုင်တော့ဘူး ... မာမီ ..."

"ဘာ ... ဘယ်လိုနည်းမျိုးလဲ ... မီဒါလီ ... ညည်း





မဟုတ်တာ ဘာလုပ်ကြီးပြောဦးမလို့လဲဟင် ... မောင်သက်လောက် ရိုးသားအေးဆေးတဲ့ ကလေး ... ထမင်းထုပ်နဲ့ လည်ရှာရင်တောင် မတွေ့နိုင်ဘူး ..."

ထိုစကားကြောင့် သူမ ဖါးလုံးကွဲသာ ရယ်ချင်၏။ ရိုးသားသူ ... ဟင်း သူ့ရိုးသားလိုက်ပုံက ... အို ... ထိုအကြောင်းတွေးရင် သူမ၏ ဖြူနုသော မျက်နှာငယ်လေးအလိုလို ရဲလာသည်။

သူနမ်းရှိုက်ထားသော ပါးပြင်နုနုကိုပင် သူမမှာ မန်ထဲတွင် ရည်မကြည့်ရဲလောက်အောင်ဘဲ။

"မီဒါလီ ... ညည်း အခုပြန်လာခဲ့ ..."

"ဟင် ... သမီး စာခြည်ဆီမှာ အိပ်မလို့ ..."

"ဘာ ... ဘာပြောတယ် ... ငါ့အကြောင်းသိချင်တယ်ပေါ့လေ ... ခုပဲ ငါလာခေါ်လိုက်ရမလား ... မီဒါလီ"

"ဟာဗ် ... မလာနဲ့ ... မလာနဲ့ ... မာမီ သမီးအခုပြန်လာမယ် ..."

"အေး ... ဒါဆို စုချက်ချင်းလာ ... ဒါပဲ ..."

မာမီ ဖုန်းချသွားတော့ သူမ ငိုချင်သွားရ၏။ အဲဒီလူမျက်နှာကြည့်ချင်ပါဘူးဆိုမှ ... ။

"ဘာတဲ့လဲ ဒါလီ ..."

"ကျွန်မ ပြန်တော့မယ် စာခြည် ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... စာခြည်လိုက်ပို့ပေးရမလား ... ဒါလီ ..."

"နေပါစေကွယ် ..."

အိတ်ကိုဆွဲကာ သူမနေရာမှ လေးလံစွာ ထလိုက်၏။

"ဒါလီ ..."

"ဟင် ... ဘာလဲ စာခြည် ..."

"ရှင် တစ်နေကုန် မျက်နှာမကောင်းနဲ့ ဘာဖြစ်လာတာလဲ မေးလို့ရှရ ... ခုလည်း ဒီအတိုင်းပြန်တော့မှာလား ..."

အခင်မင်ဆုံး စာခြည်ကိုပင် ဆိုအကြောင်းတွေသူမ ဘယ်လိုပြောရမလဲ။ ထို့ကြောင့် နှုတ်ပိတ်နေတာ ယခုတော့ မရိုးပြီးလေးဖြင့် ...

"ဟို အညာသား လွမ်းဝလို့ပါကွယ် ... ကဲ ... ပြန်မယ်နော် ..."

"အင်း ..."

စာခြည့်မှာ ခေါင်းညိတ်ရုံကလွဲလို့ ဘာတတ်နိုင်မှာလဲ၊ သေချာတာကတော့ မြဒါလီဟာ အရင်တုန်းကလို ပွင့်လင်းမှုမျိုး မရှိတော့တာပါဘဲ။

◆ဒ◆





ဘုရားရှိခိုးနေရာမှ စူးရှကျယ်လောင်သော ကက်ဆက်သံကြောင့် ဘုရားရှိခိုးရပ်သွားသူက သက်မောင်ကြီး။

ဘုရားကို အမြန်ကန်တော့ပြီး ပြတင်းပေါက်က ကြည့်လိုက်တော့။

"ဟင် ..."

ကိုယ်ကျပ်ဝတ်စုံလေးနှင့်ကက်ဆက်အကျယ်ကြီးဖွင့်ကာ အေရိုးဗစ်ကစားနေသော မြဒါလီ။

ဖြူဖွေးသော အသားအရေမှာ ချွေးလေးတွေ ဥကာ အေရိုးဗစ်ကစားသေ အကျိုးကျေးဇူးကြောင့်လား မသိ၊ သူမခန္ဓာကိုယ်လေးက အပိုအလိုမရှိ ကျစ်လျစ်လှပအချိုးကျနေ၏။

သူ့ခြေထောက်တွေက မြဲထဲ ဘယ်လိုရောက်သွားတယ် မသိ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ခြံထဲသို့ ကားတစ်စီးဝင်လာ၏။

"ဟေး ... ဒါလီ ..."

"ဟင် ... ရောဘတ် ..."

ကားပေါ်မှ ဂျင်းဘောင်းဘီခပ်ကျစ်ကျစ်ဝတ်ထားသည့် ခပ်ဝိန်ဝိန် ဖြူဖြူ လူတစ်ယောက်ဆင်းလာ၏။

ထိုလူကိုတွေ့သည်နှင့် သူမ ကစားရပ်ကာ မျက်နှာတစ်ခုလုံး ပြုံး၍ ကြိုနေတာကြောင့် သူ မျက်မှောင်အလိုလိုကြုတ်သွားရ၏။

ဒီလူ ဘယ်သူလဲ ...။

သူမ ခေါ်တာ ရောဘတ် ...

နီကြောင်ကြောင်ဆံပင်နဲ့ မြန်မာမဟုတ်၊ အင်္ဂလိပ်မဟုတ်။

"ဟဲ့ ... ဟဲ ... ဒါလီတို့များ မတွေ့ရတာကြာလို့ လား မသိဘူး ... တစ်နေ့တခြား ပိုလှလာတယ်ဗျာ"

မြဒါလီ၏ အချိုးကျပြေပြစ်သော ကိုယ်လုံးလေးကို အားမနာတမ်း စိုက်ကြည့်ကာ ထိုလူ့အပြောကြောင့် သူဒေါသဖြစ်သွားရ၏။

ယခုတော့ မိုမရွှေရှောက သဘောကျနေလိုက်တာ။

မိန်းမတွေများ အမြောက်ကြိုက်တယ်ဆိုတာ တယ်မှန်ပါလား။ သူနှင့် တွေ့လျှင် မျက်နှာက အမြဲတင်းလို့ ... အေးစလေ။





သူကလည်း ဒီလိုတစ်ခါမှ မမြောက်ဘူးတာဘဲ။

"ရောဘတ်တို့က လုပ်ပြီ ... ခုမှ ဒါလီ့ကို သတိရပြီး တော့ ..."

"ဟဲ ... ဟဲ ... ဒီလို မပြောပါနဲ့ ... ဒါလီရယ် ရောဘတ်ရင်ထဲမှာ ဒါလီဆိုတာ အမြဲနေရာယူနေတာပါ"

ဒါတော့ ... လွန်ပြီ။ ဟိုသူငယ်မ ဒေါသမဖြစ်ပေမယ့် သူ ဒေါသ ဖြစ်ပြီ။

အန်တီတင်ကလည်း ဈေးသွားနေတော့ မရှိ။

"အတာမ်း ..."

သူချောင်းဟန့်ကာ သူမတို့နား ရောက်သွား၏။ ရောဘတ်က သူကိုတွေ့တော့ အံ့ဩဟန်ဖြင့် ကြည့်ကာ ...

"ဒါလီ သူက ဘယ်သူလဲ ..."

"ကိုယ်လား ... ကိုယ်က ဒီအိမ်ရဲ့ ..."

"အို ... သူက မာမီဆီလာတဲ့ မန္တလေးက ဧည့်သည်ပါ ရောဘတ်ရဲ့ ... ကဲ ... လာ လာ ... ဝိုနံ့လေးမှာ သွားထိုင်ရအောင် ..."

သူဖြေတာကို မခံဘဲ ဒါလီကကြားမှ ဝင်ဖြေသည်။ ထို့နောက် သူ့ကို မျက်စောင်းထိုးကာ ရောဘတ်ကို ခေါ်၏။

"နေဦး ... ဒါလီ ..."



www.burmeseclassic.com

www.burmeseclassic.com



တားလိုက်တာက သက်မောင်ကြီး။ သူမခြေလှမ်းရပ်သွ

ကာ ...

"ဘာလဲ ..."

ဟု ခပ်ဆတ်ဆတ်မေး၏။ သူက နှုတ်ခမ်းတင်းတင်း

ကာ သူမကို မျက်မှောင်တွန့်ကြည့်သည်။

"မင်းတစ်ကိုယ်လုံး ကစားထားလို့ ချွေးတွေနစ်နေ

ပြီ ... အဝတ်အစား အရင်သွားလဲလိုက်ပါဦး ... တော်

ကြာ ... မင်းအအေးမိပြီး ဖျားနေလိမ့်မယ် ..."

"အို ... ဒါ ... ရှင့်အပူ ..."

"ကိုယ့်အပူမဟုတ်ပေမယ့် ဟိုကောင့်မျက်လုံးတွေ

က မင်းရင်ဘတ်ထဲကိုပဲ ရောက်နေတယ် မြဒါလီ ..."

"အို ..."

သူမက မျက်နှာလေးနီကာ ဖွံ့ထွားလှပသော ရင်အ

နေရာကို မြူသွယ်သော လက်လေးများဖြင့် ရုတ်တရက် ကာလို

၏။

"ရောဘတ် ခဏနော် ..."

ထို့နောက် သူမနေရာမှ လှစ်ခနဲ ပြေးထွက်ပြီး အိမ်ထဲ

သွားသည်။ ရောဘတ်က ကျေနပ်ဟန်မရှိဘဲ သူ့ကိုစပ်မိုက်မိုက်ကြ

လာ၏။





"နေပါဦး ... ခုနက ဟိုကောင်လို့ ဘယ်သူ့ကို

ခင်ဗျားပြောတာလဲဗျ ... ဟင် ..."

သူ ပခုံးတွန့်ကာ ...

"မင်းကိုပေါ့ ..."

"ဘာကွ ... မင်းက ဘာကောင်မို့လို့ ဒါလိုဂို အမိန့်

တွေ ပေးနေရတာလဲ ..."

"ကျုပ်လား ... ကျုပ်က မြဒါလီရဲ့ ..."

"ဟေး ... ရောဘတ် ... ရော့ ဒီမှာ ကော်ဖီယူလာ

တယ် ... သောက်လိုက်ဦး ..."

ထိုခဏ၌ သူမက အညိုပေါ် အဝါပွင့်လေးများပါသော

ဂါဝန်ရှည်ရှည်လေး လဲထား၏။

"သင့် ဒါလီ ..."

"ကဲ ... ရောဘတ် ... လာ ..."

မြဒါလီခေါ်ရာသို့ ခပ်ဆောင့်ကြွားကြွား ရောဘတ်လိုက်

သွားတာကိုကြည့်ပြီး အံကြိတ်မိတာက သူ။

မြဒါလီ ... မြဒါလီ။

ဒါ သူ့ကို စမင်အရှုံးတိုက်တာလား။

ထိုင်ခုံတွင် နှစ်ယောက်ကပ်ကာ ရယ်မောပြီး စကားတွေ

ပြောနေလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com

တောက် ...

သည်မြင်ကွင်း သူမကြည့်လိုတာမို့ အိမ်ထဲသို့ ခြေလှမ်းများဖြင့် ဝင်ခဲ့၏။

သို့သော် ဟိုကောင်ကို စိတ်မချတာမို့ ပြတင်းပေါက်ချောင်းကြည့်မိပြန်သည်။

ဩော် ... ကိုယ်က ချစ်ရတော့လည်း အမျိုးမျိုးပူရပါလား။

သို့သော် ... ဒေါ်တင်မမ ပြန်လာချိန်မှာတော့။

"ကြည့်စမ်း ... ညည်းကို ဒီကောင်နဲ့ မရောရဘူးလို့ ငါပြောထားတာ မမှတ်ဘူးလား ... မီဒါလီ ..."

သူမကို ဆွဲလိမ်ကာ ဒေါ်တင်မမမေး၏။ ရောဘတ်မာမီ လုံးဝကြည့်၍ ရှေ၏။

"အား ... နာတယ် ... မာမီ ..."

"နာပါစေ ... ငါမေးတာ ဖြေစမ်း ... မီဒါလီ ..."

"အို ... သမီးက မရောပါဘူး ... သူဟာသာ လာတာပဲ ... မာမီရဲ့ ..."

"ဟွန့် ... အဲဒါ နင်အရေးပေးလို့ပေါ့ ... ဟင် ... ကိုယ်နဲ့ လက်ထပ်မယ့် လူကောင်း သူကောင်း မောင်သက်ကျတော့ မျက်နှာက တင်းတင်းနဲ့ ... ရောဘတ်လို ဘိန်းစားမျိုးနဲ့ယှဉ်ပြီး နင်က ဘိန်းဖိုးရှာပေးမလို့လား





မီဒါလီ ..."

"မာမီ ဘာလဲ ... သူများ သားသမီးကိုး ..."

"ဟာ ... ကဲ ... ကဲ ... ရောဘတ်တာ က နာဦး"

"အား ... ကြောက်ပါပြီ မာမီရဲ့ ..."

ဒေါ်တင်မမ တကယ်စိတ်တိုလာလျှင် လက်ပါတတ်သည်။ ယခုလည်း ခေါင်းကြောမာသော မြဒါလီ ကို ကျောကိုထုရိုက်တော့၏။ ဒါက အခန်းထဲမှာ ကြိတ်ပွဲ။

"ဘာကြောက်ပါပြီလဲ ... ကြောက်ရင် ငါ့စကားနားထောင်သလား ... သွား ... မောင်သက် ကို ရန်ကုန်မြို့အနှံ့ လိုက်ပို့ပေး ... အဆင်ပြေပြေဖြစ် ပါစေနော် ... ပြန်လာလို့ အဆင်မပြေတာကြားရင် ငါ့ အကြောင်းသိမယ် ..."

ဈေးက ပြန်လာတော့ ဒေါ်တင်မမရင် မောသွားရ၏။ မြဒါလီက ရောဘတ်နဲ့ ရယ်မောလို့။ သက်မောင်ကြီးက အိမ်ထဲမှာ တစ်ယောက်တည်း။

ကဲ ... ဘယ်လောက်အားနာစရာကောင်းလဲ။

ဒေါ်တင်မမ မျက်နှာတင်းတာနဲ့ ရောဘတ်တို့ ချက်ချင်းလစ်၏။ ရောဘတ်ပြန်တာနှင့် မြဒါလီကို အခန်းထဲခေါ်ကာ ဆုံးမနေခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဒေါ်တင်မမထွက်သွား၏။

"အဟမ်း ... မောင်သက်လည်း ပျင်းနေရောပေါ့ ဒါလီက မောင်သက်ကို မြို့အနှံ့လိုက်ပို့ပေးလိမ့်မယ် ... အေးအေးဆေးဆေးသာ လည်ကြ ... ဒါလီ့မှာ ဘာ အလုပ်မှ ရှိတာမဟုတ်ဘူး ... မောင်သက် ..."

"ကျွန်တော်လည်း ရန်ကုန်ကို မရောက်တာကြာလို့ အတော်ပါပဲ အန်တီ ..."

မြဒါလီက လိုက်ပို့မည်ဆိုတာကြောင့် သူ့နားပင် မယုံနိုင်။

သို့သော် ဒေါ်တင်မမ၏ ...

"ဒါလီရေ ... ပြီးပြီလား ..."

ဟု အော်ခေါ်လိုက်တာနှင့် ဖြူဖွေးစင်းဝါသော အသားအရေမှာ ခရမ်းရင့်ရောင်ဝတ်စုံလေးဖြင့် မျက်နှာကို ဘာမှလိမ်း မထားဘဲ နှုတ်ခမ်းကို ခရမ်းရင့်ရောင်ဆိုးထားသော မြဒါလီ ဘွားခနဲ ပေါ်လာလေ၏။

"ဪ ... ဒါလီတောင် ပြီးပြီပဲ ... ကဲ ... မောင်သက်ရေ သွားတော့ ..."

"ဟုတ်ကဲ့ အန်တီ ..."

အိတ်အဖြူလေးကို ဆွဲကာ မြဒါလီသည် ကားမောင်းသူ နေရာတွင် ဝင်ထိုင်၏။





သူက မြဒါလီ ဘေးနေရာ ရှေ့ခန်းတွင် ဝင်ထိုင်တော့ ဒေါ်တင်မမ သဘောကျလေ၏။

မျက်နှာလေးတည်တည်ဖြင့် ကားလေး ငြိမ့်ခနဲ မောင်းထွက်သော မြဒါလီကို သူအကဲခတ်ကြည့်လိုက်သည်။

မြဒါလီက သူ့ကို တစ်ချက်မကြည့်။

"ဒီမှာ မင်း ကျုပ်ကို စိတ်ဆိုးနေတာလား ..."

သူမေးပေမယ့် သူမဘာမှမပြော၊ ကားကိုသာ ဂရုစိုက် မောင်းနေ၏။

"မင်း ဒီလိုပုံစံမျိုးနဲ့ ကျုပ်နဲ့ လျှောက်လည်ဖို့ ဘာကြောင့် လက်ခံလိုက်ရတာလဲ ..."

ထိုအခါမှ သူမ ဆတ်ခနဲ လှည့်ကြည့်သည်။ သူမ၏မျက်လုံးဝိုင်းတို့မှာ အစိမ်းရောင်သမ်းနေသယောင်။

"ဘာကြောင့်လဲဆိုတော့ ကျွန်မ မာမီ့ကို မလွန်ဆန်နိုင်လို့ပေါ့ရှင် ..."

"ဪ ... ဒီလိုလား ... မင်းရင်ထဲမှာ ကျုပ်အပေါ် စေတနာမရှိဘူးပေါ့ ..."

သူမ မဖြေပြန်၊ ဒါဟာ ဝန်ခံခြင်းတစ်မျိုးဟု သူနားလည်ကာ စိတ်မကောင်းဖြစ်မိရ၏။ တကယ်တော့ မြဒါလီ မုန်းတာကို သူ မခံချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... မင်း တားရုပ်လိုက် ..."

"ဟင် ... ရှင် ဘာလုပ်မလို့လဲ ..."

"မင်းမှ ကျုပ်ကို စေတနာမရှိဘဲ ... ဒီတော့ အနိုင်တိ ကွယ်ရာလည်းဖြစ်ပြီ ... မင်း ကျုပ်ကို ဟန်ဆောင်လိုက် ဖို့စရာမလိုတော့ဘူး ..."

"အို ... ဖြစ်မလား ... ပြီးတော့ ရှင်က မာမီ့ကို ပြန်ပြောမှာ မဟုတ်လား ..."

ထိုစကားကြောင့် သူဒေါသဖြစ်သွားသည်။

"မင်းက ကျုပ်ကို ဘယ်လိုလူမျိုးထင်နေလဲ ... အဲဒီ လောက်ကျုပ်စိတ်ဓာတ်အောက်တန်းမကျဘူး မြဒါလီ"

မျက်နှာထား တည်တည်နှင့် သူပြောတော့ သူမတစ်ချက် ငြိမ်သွား၏။

ထို့နောက် အသံလေးတိုးတိုးဖြင့် ...

"ကျွန်မကတော့ ရှင့်ကို တာဝန်အရ လိုက်ပို့ရမှာ ပဲ ..."

ဟု ပြောကာ ကားကို ဆက်မောင်းလေ၏။ ဝက်နေတာ က ဒီကောင်။ သူမထံမှ လတ်ဆတ်မွှေးတော့ သင်းပျံ့သည့် "ရှ... လေးကို ကြော်ငြာ ရှုရှိုက်မိတိုင်း သက်ပြင်းချနေရ၏။

အနီးကပ်မြင်ရသော သူမအလှတွေက တစ်စိတ်တစ်ပိုင်း ခြင်း ပြောစရာမရှိပေ။ ဖြူနု၍ သွယ်ပျောင်းနေသော လက်ချောင်း လှလှတွေက အစ ဖြူနုပြည့်တင်းနေသော ခြေဖမိုးဖောင်းဖောင်း လေးတွေအထိဖြစ်သည်။

အကြည့် အာရုံကို လွှဲကာ ...

"ကျုပ်ကို ဘယ်အရင်ပို့မှာလဲ ..."

"အို ... ဒါကတော့ ကျွန်မသွားတာကဲ့နေရာမှန် သမျှကို ပို့မှာပဲ ..."

ဝထမဆုံးလာတာက စိုလ်ချုပ်ဈေး၊ သူမကားကို ဝါကာပ် ထိုးရပ်၏။

"ဒီမှာတော့ လိုချင်တာမှန်သမျှ ေတယ် ... ရှင် ကြိုက်တာ ဝယ်ပေါ့ ..."

ပြောပြီး သူမက ရှေ့မှခပ်သွက်သွက်လျှောက်၏။ သို့ သော် ... သူ့ခြေလှမ်းကျဲတွေက သူမနှင့် ယှဉ်တွဲ။

"နေပါဦး ... ကျုပ်က ဒီကို ဘာလာလုပ်ရမှာလဲ မြဒါလီ ..."

"ဒါတော့ ရှင့်သဘောပဲ ... ကျွန်မတော့ ဝယ်စရာရှိ တယ် ... ဟိုနားမှာ ကျွန်မအသိဆိုင် ... ရှင် ဒီမှာနေခဲ့"

သူကြည့်လိုက်တော့ ခေတ်မီဇော်သော်သီဆိုင်၊ မြဒါလီက သူ့ကို တစ်ချက်မကြည့်၊ ဆိုင်ထဲဝင်သွားလေ၏၊







www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါလား။

သူလိုက်မသွားဘဲ တခြားဆိုင်တွေ လျှောက်ကြည့်ရတော့၏။ ဗိုလ်ချုပ်ဈေးဆိုတာ အများအားဖြင့် မိန်းမတွေလာတာပဲ၊ သူ့အတွက် ဘာမှလုပ်စရာမရှိ။

"ဟာ ... ကိုသက်မောင်ကြီး ... ရန်ကုန် ဘယ်တုန်းက ရောက်လဲဗျ ..."

ရုတ်နာတန်းမှ မိတ်ဆွေတစ်ယောက်နှင့် ပြောတွေ့နေသည်။

"အဟွန်း ... ကျွန်တော်ရောက်နေတာ မကြာသေးဘူးခင်ဗျ ..."

"ကျွန်တော့်ဆီလာလည်ပါဦး ... ကိုသက်မောင်ကြီးဒါ ကျွန်တော့်ဆိုင်လေ ..."

"ဪ ..."

မှန်ဘောင်ထဲမှ ရွှေထည်နှင့် ကျောက်ထည်ပစ္စည်းများ၊ အမှန်တော့ ဒီလုပ်ငန်းတွေတွေကို မေမေသာ စိတ်ဝင်စားသည်။

သူကတော့ ရထားသော ဘွဲ့နှင့် ကိုက်ညီစွာ ကွန်စထပ်ရှင်းစိတ်ဝင်စား၏။

ထို့ကြောင့် မန္တလေးမှာလည်း သူလက်ရာတိုက်တာ အဆောက်အဦများ မနည်းပေ။





"အခု ကိုသက်မောင်ကြီး ဘယ်သူနဲ့ လာတာလဲ"

"ကျွန်တော့်မိတ်ဆွေနဲ့ဗျ ... ဟော ဟိုမှာလာပါပြီ"

မိတ်ဆွေက လှမ်းကြည့်ပြီး မျက်နှာကြီးပြုံးသွားသည်။

"ကိုသက်မောင်ကြီးမိတ်ဆွေက အတော်လှပါလားဗျ ... ကျွန်တော်တို့ ဘယ်တော့စားရမှာလဲ ..."

သူက ပြုံးလိုက်ရင်း ...

"မကြာခင်ပေါ့ဗျာ ... ကဲ သွားပြီဗျို့ ..."

နှုတ်ဆက်ကာ သူထံလာနေသော မြဒါလီဆီ ထွက်ခဲ့၏။

"ဟင် ... ရှင် ဘာမှမဝယ်ဘူးလား ..."

"ဪ ... ဒီလိုဈေးမျိုးမှာ ကျုပ်က ဘာဝယ်ရမှာလဲ အမိ ..."

သူမ ပခုံးတွန့်ကာ ဘာမှမပြောတော့၊ သူမလက်ထဲမှာတော့ အထုပ်တွေနှင့်။

"ရှင်ဝယ်စရာမရှိပေမယ့် ကျွန်မမှာ ဝယ်စရာတွေရှိတယ် ..."

တကယ်ပဲ သူမက စိတ်ကြိုက်အထည်ပစ္စည်းများ တွေ့တိုင်း ငွေကိုအထပ်လိုက် ကိုင်သုံးသွားသည်။ တခြားလူဆို ရင်မောစရာဖြစ်ပေမယ့် သူကတော့ လက်ပိုက်ကာ ပြုံး၍ကြည့်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်နည်းနဲ့ ကျွဲ၀်တို့ စိတ်ချမ်းအောင် လုပ်ဖို့ ရည်ရွယ်သလား မြဒါလီ။

◆◆◆





"မာမီ … စာခြည့်ဘတ်ဒေး သမီးသွားမယ်နော် …"

ကလေးတစ်ယောက်လို ပူဆာနေသော မြဒါလီကို ဒေါ်တင်မမ ကြည့်သည်။ စာခြည့် ဘတ်ဒေးပါတီက ညပိုင်းမို့ မြဒါလီ တစ်ယောက်တည်း မလွှတ်ချင်။ ရောဘတ်လိုကောင်မျိုးနှင့် တွေ့ သကို မလိုလားပေ။

"အေး … သွားမယ်ဆိုရင် … မောင်သက် လိုက်ပို့ပေးလိမ့်မယ် …"

သက်မောင်ကြီးပါမယ်ဆိုတော့ … မြဒါလီ စိတ်ပျက်သွား၏။ စာခြည့် ဘတ်ဒေးမှာ ဆိုမှာက သူမတို့ သူငယ်ချင်းသူငယ်တွေ ည်။ သည်လူကြီးနဲ့ သွားပါက သူမအကဲ့ရဲ့စံဖို့သာရှိသည်။

"သူက … လိုက်ပါမလား မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မလိုက်ရမှာလဲ ... မောင်သက်က ညည်းလို မဟုတ်ဘူး ... မာမီ့စကားဆို တစ်ခွန်းပဲ ..."

"ဟိုရောက်တော့ ... သူ ဘယ်နေတတ်မလဲမာမီ ... သမီးတို့က လူငယ်တွေချည်းဆိုတော့ ..."

"အေး ... ဒါကြောင့် မောင်သက်ကို တမင်ထည့်တာ ... ဒါမှ ညည်းကဲချင်တိုင်းကဲလို့ မရမှာ ..."

"ဟာ ... မာမီကလည်း ..."

"မာမီကလည်းတွေ ဘာတွေလုပ်မနေနဲ့ ... မောင်သက်မပါရင် မသွားရဘူး ဒါပဲ ..."

မာမီတစ်ချက်လွှတ် အမိန့်မှာ သူမ စိတ်ညစ်ကာ ခေါင်းကိုင် ကျန်ခဲ့သည်။ သည်လူဟာ ... မာမီ့မျက်စိထဲ သဘောကျ သလောက် သူမအတွက်တော့ အမှိုက်။

တောက် ... ဒီလူကြီး နေရာတကာ ကန့်လန့်ပါလား။

မာမီ့ကို ပြောမရတော့ သူမဒေါသတွေက သက်မောင်ကြီး ထံရောက်၏။ ဟင်း သူ ဘယ်တော့ပြန်မှာလဲ။

မြဒါလီရောက်ရာတော့ မြစ်ထဲမှာ ပန်းပင်တွေကို ရေလောင်း နေသည်။ သူကတော့ အပြင်ထွက်စရာမရှိလျှင် အိပ်မက်မှာ အငြိမ် မနေ၊ တစ်ခုပြီး တစ်ခုလုပ်နေတတ်သူ။

သူမတို့ ခြံလေးထဲမှာ သူရောက်လာမှ ရှင်းလင်း သပ်ရပ်

ာ အပင်တွေလည်း စနစ်တကျနှင့်။ မာမီကတော့ သူ၏ အအား နေတတ်မှုကို သဘောကျမဆုံး။

"မောင်သက်ဟာ ... အချိန်ကို အလကား သား တတ်တဲ့ ယောက်ျားမျိုးပဲ ..."

သူမကတော့ အားလျှင်အလှပြင် ဝတ္ထုဖတ် ဗီဒီယိုကြည့် လျှောက်လည် သူငယ်ချင်းတွေနဲ့ အတင်းပြော စသည်ဖြင့်။ မာမီက စ်စက်လေးမှ ကြည့်မရပေ။

"မြဒါလီလိုမိန်းကလေး မောင်သက်နဲ့မှလိုက်မယ်"

ဟု ဒေါ်တင်မမက ဆုံးဖြတ်ချက်တစ်ခုပဲ ချထား၏။ ူငယ်ချင်း ပိုမိုရင်းနှီးစေရန် သက်မောင်ကြီး ဒီကိုလာနေပေမယ့် ဒါလီ အချိုးက နည်းနည်းမှ မပြောင်း။ ကြာတော့ သက်မောင်ကြီး တ်ပျက်သွားမှာတောင် စိုးရိမ်မိသည်။

"ဟိတ် လူကြီး ..."

"ဗျာ ..."

သစ်ပင်တွေ ရေလောင်းနေရာမှ သူလှည့်ကြည့်တော့ ွင်း ဂါဝန်ရှည်လေးနှင့် မြဒါလီ၊ မျက်နှာက မှန်ကုပ်ဂုပ်၊ နှုတ်ခမ်း ာ စူပွပွဖြင့် ဘာတွေအလိုမကျပြန်လည်း မသိ။ သူ့ကို ခါးထောက် ာ ကြည့်ဟန်က ခပ်မိုက်မိုက် ခက်တာက ဒီကောင်မလေး ုပ်သမျှ သူမမုန်းနိုင်ဘဲ အားလုံး သဘောကျနေခြင်းပါ။

www.burmeseclassic.com



"မာမီက ပြောတယ်၊ ဆာခြည့်မွေးနေ့ပွဲကို ခင်ဗျားနဲ့သွားတဲ့ ..."

"ဒီတော့ ..."

"အို ... အဲဒီမှာလာမယ့်လူတွေအားလုံး ... ကျွန်မသူငယ်ချင်းနဲ့ အသိတွေချည်းပဲ ... ကျွန်မ သူတို့အားလုံးထက်သာချင်တယ် ..."

သူ့ မျက်မှောင်တွန့်ကာ ...

"ဒါဆို ... ကိုယ်က ဘာလုပ်ပေးရမှာလဲ ဒါလီ"

"ကျွန်မ အိမ်က ကားနဲ့မသွားချင်ဘူး ... ကားကောင်းကောင်းနဲ့ သွားချင်တယ် ... ရှင်ဗိုဲ့ချင်ရင် ... ကျွန်မ သွားချင်တဲ့ကားနဲ့လိုက်ပို့ ဒါပဲ ..."

ထို့နောက် သူမလှည့်ထွက်သွားလေ၏။ တာလေးဆန့်အ... အပြောကြောင့် သူပြုံးမိသည်။ ဒါ သူ့ကို တမင်ကျိုကြတာ။ သို့သေ...

သူက သူမဆန္ဒကို ဘာမဆို ဖြည့်ပေးချင်သည်လေ။

မြဒါလီက အခန်းထဲဝင်၍ ကျေနပ်စွာပြုံးနေ၏။ ဟ...

သူ့ကို ဒီလိုပြောတော့ ဘာတတ်နိုင်သေးလဲ။ တကယ်တော့...

မလိုက်စေချင်၍ ကားအကောင်းစားကြီး စီးချင်ပါတယ်ပြော...

တစ်နေ့ကလည်း သူ့ကို မာမီလိုက်ပို့နိုင်းတော့ မြဒါလီ...

သွားတဲ့ နေရာတွေကြည့်ဦး ဗိုလ်ချုပ်ဈေး ပြီးတော့ ဟက်ပီးဝေါ...





...တီရှပ်နှင့် ဥယျာဉ်တဲ့။ ကဲ သူ့မျက်နှာကြီးမှာ စိတ်ပျက်သောအမူအရာတွေ အပြည့်။

သူမကြိုက်တာ ပြီးမိခဲ့ရ၏။ ယခုလည်း သူ့မျက်နှာကြီးဘယ်လို နေမလဲ။

သို့သော် အဲ့ဒါစရာကောင်းတာက ဆာ[ခြ]ည်မွေးနေ့ပွဲသွားမယ့်အချိန်မှာ လှပစွာပြင်ဆင်ပြီး ထွက်လာသော သူမမှာ ပေါ်တီကို အောက်ရပ်ထားသော အဖြူရောင် လင်ခရုဇ[ာ]ကားကြီး တွေ့လိုက်ရသောအခါ မျက်လုံးပြူးသွားသည်။

ဟင် ... ဒါ

"မြဒါလီ အသင့်ဖြစ်ပြီဆိုရင် သွားကြ[စ]ိုပေါ့ ..."

ပြောလာသူကို ကြည့်လိုက်တော့ ကြေ[း]ရောင်တောက်နေ... သော အဖြူရောင် ဆောင်ကော်လံရှပ်အင်္ကျီ [အ]က်ရှည်ပေါ်မှာ သက္ကလပ်အပါးစား တိုက်ပုံအင်္ကျီအနက်နှင့် ကြ[ေး]ပြာရောင် ဗိုးတွ... ဟ[ာ]ဒုဆိုးတို့ဖြင့် ခန့်ညားနေသည့် သူ။

"ရှင် ... ရှင် ဒီကားဘယ်သူ့ဆီက ငှား[ခဲ့]တာလဲ ... သူများကားကို ကျွန်မ မစီးဘူး ..."

"ဟဲ့ ... သမီး ဘာတွေပြောနေတာလ[ဲ] .. ဒါ ... မောင်သက် မန္တလေးမှာ စီးနေတဲ့ကား ... မှာလိုက်လို့ လာပို့ထားတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

သည်လူတစ်ယောက် ပုံတုန်းတုန်းဖြင့် ဒီလိုချမ်းသာကြွ

ဝတယ်ဟု မထင်မိ။ သူ့အကြောင်းကို တစ်ခါမှလည်း မမေး၊ မ

ပြော၍ သူ့အမေချမ်းသာတယ်ဆိုတာသာ သိ၏။ သည်လိုကား

စီးမည်ဟု မထင်ခဲ့ပေ။ အညာသားတွေကို ကာပ်စေးနဲ့တယ်ဟု သ

ထင်ကာ တမင်ပြောခဲ့ခြင်းပါ။

"ကဲ ... ကိုယ့်ရဲ့ကားကိုတော့ မြဒါလီ စီးမယ်မဟုတ်

လား ... "

အပြုံးဖြင့် သူမေးလာတော့လည်း သူမ မကြိုက်ချင်ဟန်ဖြ

မျက်စောင်းထိုးမိ၏။

ကြည့်ပါဦး ...

သူဝတ်ထားတာက ဘယ်လောက် ရိုးအတုံးလွန်းလဲ

သူမမှာ အနက်ရောင်လက်ပြတ်ဂါဝန်ရှည်လေးနှင့် ဖြူဖွေးနေနယ်က

စနစ်တကျ မိတ်ကပ်ပြင်ထားတာ့ကြောင့် အစွမ်းကုန် လှပနေ

"ရှင်က ... ဒီအဝတ်အစားနဲ့ လိုက်မှာလား ... "

"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ ... "

"အို ... မွေးနေ့ပါတီကို ဟိုမှာလာမယ့် လူတွေအား

လုံး ရှင့်လို တစ်ယောက်မှ ဝတ်စားလာမှာ မဟုတ်ဘူး။

ရှင့်မှာ အနောက်တိုင်းဝတ်စုံမရှိဘူးလား ... "





"ကိုယ်က မြန်မာလူမျိုးပဲ ... မြန်မာဝတ်စုံနဲ့ တက်

တာ ဂုဏ်ယူစရာပဲ ... ဒါနဲ့ ... တဆိတ်လောက်

မင်းရဲ့အကျီလည်ပင်း မဟိုက်ဘူးလား ... "

"ရှင် ... "

ဖျတ်ခနဲ ဖြူနေသော လက်လေးဖြင့် သူမရင်ညွန့်မိုင်းကို

အုပ်မိ၏။

"အန်တီလည်း ... အဲဒါ ပြောမလို့ ... သမီးအဝတ်

အစားသွားလဲစမ်း ... "

"အို ... မာမီကလည်း ... "

"သွားလဲဆို ... လဲ ... ဒီပုံနဲ့ မသွားရဘူး ... "

သူမ ငိုချင်သွား၏။ သူ့ကို မျက်စောင်းပြင်းပြင်းထိုးကာ

အိမ်ထဲဝင်ခဲ့သည်။

"ခက်တယ် ... မောင်သက်ရယ် ... ဒီကောင်မလေး

နဲ့"

"ဖြည်းဖြည်း ပြောရမှာပေါ့အန်တီ ... ဒီအရွယ်က

ဒီလိုပါပဲခင်ဗျာ ... "

"ဟင်း ... မောင်သက်မို့လို့ပေါ့ကွယ် ... မြင့်လှသာ

ဆို ... သင်းလိုပုံမျိုးနဲ့ ဘယ်ခံနိုင်ပါ့မလဲ ... "

ဒေါ်တင့်မမကတော့ သက်မောင်ကြီးကို တကယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးအောင်နေ၏။ ခဏနေတော့ ပန်းနုရောင် ဝတ်စုံဖြင့် သူမ ပြန်ရောက်လာသည်။ ယခုတော့ လှိုလှိုခြီခြီ။ သူက ခုံချက်ပြီးရင်း သူမ အတွက် ကားတံခါးဖွင့်ပေးလိုက်၏။

သူမ ရွှေအောင့်အောင့်နှင့် ဝင်ထိုင်သည်။ ဒေါ်တင်မမကို နှုတ်ဆက်ပြီး သူတို့ ကားညင်သာစွာ ထွက်ခဲ့၏။

သို့သော် လမ်းတစ်ဝက်အရောက်မှာတော့

"ဒီမှာ ... ကျွန်မကို ရှေ့နားက အလှပြင်ဆိုင် မှာ ရပ်ပေးပါ ..."

"ဟင် ... ဘာလုပ်ဖို့လဲ ..."

"အို ... မွေးနေ့ပါတီကို ကျွန်မ ဒီလိုမှုတ်ုးတုံး အဝတ်အစားနဲ့ သွားရင် အကဲ့ရဲ့ခံရမှာပေါ့ ... အဝတ် အစားလဲမလို့ ..."

"ဘာ ... အဝတ်အစားလဲမယ် ဟုတ်လား ... ဒါဆို မရပ်ပေးနိုင်ဘူး အမိ ... အမိကိုယ်ပေါ်က ဝတ်စုံက ကျုပ်မျက်စိထဲမှာတော့ ... အကောင်းဆုံးပဲ ..."

သူပြောရင်း ကားသာဆက်မောင်းတော့ သူမဒေါသလေး ဖြစ်သွားသည်။

"ရှင် ... ရှင် ... ဒါဘာလုပ်တာလဲ ... ကျွန်မက ရပ်ဆို ရပ်ပါ ..."





"ဩော် ... အဟွန်း ... ကျုပ်ကို အမိရဲ့ဒရိုင်ဘာ များ မှတ်နေသလားဗျာ ..."

"အာ ..."

"ဟုတ်တယ်လေ ... ကျုပ်က အမိကိုဒရိုင်ဘာ အနေ နဲ့ လိုက်ပို့တာမဟုတ်ဘူး ... အမိ ခင်ပွန်းလောင်း အနေ နဲ့ စောင့်ရှောက်ဖို့ လိုက်ပို့တာဗျ ..."

အမိ ခင်ပွန်းလောင်းဆိုသော ပိုင်စိုးပိုင်နင်းစကားကြောင့် မျက်နှာလေး နီရဲသွား၏။

"နေပါဦး ... ရှင့်ကို ဘယ်သူက လက်ထပ်မယ်ပြော လဲ ..."

"ဘာဗျ ..."

"ဟုတ်တယ်လေ ... ရှင့်လို လူကို လက်ထပ်မယ့် အစား ..."

"ဘာလဲ ... ခွေးမြီးဖြတ်ယူမယ် ပြောမလို့လား ... အဟွန်း ... ဒါတော့ ... တန်ရာ တန်ရာပဲလေ ..."

"ဘာ ... ရှင် ... ရှင် ဘာလုပ်ပါးဝတာလဲ ..."

သူမ ဆွေ့ဆွေ့ခုန်လေး ဖြစ်ချိန်မှာ သူတို့ကား အခြည်တို့ ရှေ့ရောက်နေပြီ။

"သိပ်ဒေါသဖြစ်မနေနဲ့ အမိ ... အမိပြင်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလှတွေ အလကားဖြစ်ကုန်ဦးမယ် ...”

သူ့ အေးဆေးစွာပြောရင်း ကားပါကင်ထိုးလိုက်မိ သူမမှာ ဘာမှ မတတ်နိုင်။ သူ့ကို အံကြိတ်ကာ ကြည့်နေလိုက်သည်။

◆❀◆





“ဟယ် ... ဒါလီ”

မွေးနေ့ရှင် စာခြည်က သူမကိုတွေ့တော့ ဝမ်းသာအားရ ကြိုဆိုသည်။ စာခြည်ကိုယ်တိုင် အဖြူရောင် ဂါဝန်လေးကို ဝတ်ထားကာ လှပနေ၏။ သူမ ဝတ်ထားတာ ရိုးရိုးပန်းရောင်ဝမ်းဆက်မို့ ကိုယ့်ကိုကိုယ် မလုံမလဲ ဖြစ်နေရသည်။ ပွဲလာတဲ့ မိန်းကလေးတွေ အားလုံး ပုံစံ ဒီဇိုင်းသစ်တွေနဲ့ ...

ဟင်း ... ဟိုလူကြောင့် သူမဒီလိုပုံစံနဲ့ ပွဲတက်ရတာ၊ မျက်စောင်းထိုးကြည့်တော့ သူက နောက်မှာ။ စာခြည်က သူ့ကို လှမ်းကြည့်တာ ...

“အဲဒါ ရှင်ပြောတဲ့ ဦးသက်မောင်ကြီးဆိုတာလား...”

“အင်း ...”

သူမ စိတ်မပါစွာ ခေါင်းညိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"အဟီး ... ရှင့်လူကြီးက ခန့်တယ်နော် ..."

"ဘာ ... ဘာ ... ကျွန်မလူလဲ ဧခြည်နော် ..."

သူ့ကို စိတ်တိုနေရတဲ့အထဲ ဧခြည့်စကားက သူမကို ဒေါသ ပိုဖြစ်စေသည်။

"ဟွဲ ... တိုးတိုးပြောပါ ... ဟိုက ကြားရင်အားနာ စရာ ..."

"ကြားပါစေ ..."

တကယ်ပဲ သူမကတော့ သူ့ကိုနည်းနည်းလေးမှ ဂရုမစိုက်ပေ။ ဧခြည်က သူမအစား အပြုံးလေးဖြင့် ...

"အဟင်း ... ဒါလီ ဧည့်သည်နော် ... ကျွန်မက ဧခြည်ပါရှင် ..."

"ဟုတ်ကဲ့ ... ကျွန်တော် သက်မောင်ကြီးပါ ..."

အရပ်မြင့်မြင့် ကိုယ်ဟန်ကျစ်ကျစ်ဖြင့် တည်ကြည့်ခန့်ညား နေသော 'သက်မောင်ကြီး' ကို ဧခြည် အထင်ကြီးလေးစားသွားရ၏။

ဧခြည့်မွေးနေ့ပွဲမှာ လူကြီးလူကောင်း ဝတ်စုံနှင့်တက်လာတာ သူတစ်ယောက်တည်း။

"ဦးသက်မောင်ကြီးအကြောင်း ဒါလီပြောပြထားလို့ ... ကျွန်မက သိနေပါတယ် ... ကြွပါရှင် ..."





သူ မြဒါလီကို မျက်ခုံးလှမ်းကြည့်သည်၊ သူ့အကြောင်း ဘာတွေ ပြောထားပါလိမ့်။ မြဒါလီ မျက်နှာက ရှုပ်ပုပ်။ သည် မွေးနေ့ပွဲလာတဲ့ သူတွေအားလုံး လူငယ်လေးတွေ နဲ့ ဝတ်တာ စားတာကအစ ခေတ်ရှေ့ပြေးနေကြသည်။

သူတို့လို မဝတ်ရ၍ ဟိုကောင်မလေး ပိဘဲကောက်နေတာ။ ကလေး တစ်ယောက်လိုပဲ။

"တီတီ ... မျက်နှာကြီးက ဘာလို့ ရှုပုပ်နေတာလဲ၊ သူများ မွေးနေ့ပွဲလာပြီး ပြုံးပြုံးလေးနေမှပေါ့ ..."

သူ့စတော့ သူမ မျက်စောင်းထိုးသည်။

"ရှင့်ကြောင့် ... ရှင့်ကြောင့် ... ဟိုမှာ သူများတွေ ဘယ်လိုဝတ်လာသလဲ မြင်လား ..."

စကတ်၊ ဂါဝန်ရှည်တို့ ဘောင်းဘီရှည်၊ ဘောင်းဘီတို ထဘီ ရှေ့ခွဲ၊ နောက်ခွဲ၊ ဘေးခွဲပုံစံမျိုးစုံဖြင့် ကောင်မလေးတွေကို ကြည့်ကာ သူ ပခုံးတွန့်လိုက်၏။

"မြင်သားပဲ ... အားလုံး တစ်မျိုးမဟုတ် ဘစ်မျိုး မေါ်နေကြတာ ... လာတဲ့ကောင်တွေရဲ့ မျက်လုံးကို ကြည့်ဦး ... အားလုံး အဲဒီမှာ ရောက်နေတာ ... အခု မင်းဝတ်လာတဲ့ ဝတ်စုံလေးက ဘယ်လောက် လုံခြုံလဲ



www.burmeseclassic.com

www.burmeseclassic.com



မြဒါလီ ... အားလုံးထဲမှာ မင်း ကျက်သရေအရှိဆုံးပဲ ဗျ...”

သူမကို ပြုံးပြုံးကြီး စိုက်ကြည့်ကာ သူပြောလိုက်၏။

“အို ... တော်စမ်းပါ ... ရှင်မြှောက်တိုင်း ကျွန်မက မြှောက်မယ်ထင်နေလား။ တော်ပြီ ... ကျွန်မ ဓာခြည် တို့ဆီသွားမယ် ...”

“ဟော့ ... အပြန်မိုးမရွာပဲဖို့ အနီတီက မှာလိုက်တယ် နော် ...”

သူ သတိပေးပေမယ့် မြဒါလီက တစ်ချက်လှည့်မကြည့် ပေ။ သူ့ သက်ပြင်းချကာ ကျန်ရစ်သည်။

“ဦးသက်မောင်ကြီး ...”

“ဟော ... ဓာခြည်”

ဓာခြည်နှင့်အတူ မိန်းကလေးနှစ်ယောက်ပါလာသည်။ ထိုကလေးမတွေ ပြုံးကာ ...

“ဦးလေးကြီး ... တစ်ယောက်တည်းပျင်းနေပြီ လား ...”

“ကိုကိုကြီးက သိပ်ခန့်တာပဲ ... မီးတို့က ကိုကိုကြီး လို ပုံစံမှ ကြိုက်တာ ...”

သူ ပြုံး၍ ...





“ချာတိတ်တွေက ဓာခြည့်မိတ်ဆွေတွေလား ...”

“ဟုတ်တယ် ... ဦးသက်မောင်ကြီး ဒီကလေးမတွေ က ... ဦးသက်မောင်ကြီးနဲ့သိချင်လို့လေ ...”

“ဒါလီကော ...”

“ဟိုဘက်ဝိုင်းမှာ ရှောဘတ်တို့နဲ့လေ ...”

“ဟင် ...”

သူကြည့်လိုက်တော့ တကယ်ပဲ ရှောဘတ်တို့ဝိုင်းမှာ ဓာခြည်ရောက်နေ၏။ ရှောဘတ်နှင့် ရယ်မောကာ စကားပြောနေ သော မြဒါလီကြောင့် သူ့ရင်ထဲ ပူလောင်သွားရသည်။

“ကဲ ... ဓာခြည် တခြားဝိုင်းတွေ ဧည့်ခံလိုက်ဦး မယ် ... ဦးသက်မောင်ကြီး ပျင်းနေမှာဟိုးလို့ ... ဒီ ကလေးမ နှစ်ယောက်လာပို့တာ ...”

ဓာခြည်ထွက်သွားတော့ ချာတိတ်မလေးနှစ်ယောက်နှင့် သူကျန်ခဲ့သည်။ ချာတိတ်မလေးတွေက ပွင့်လင်းသူလေးတွေမို့ စကားပြောရတာ ရင်းရင်းနှီးနှီး။ သူအလိုက်သင့် ရယ်မောပြောရင်း တစ်ချက်သတိရတာ မြဒါလီတို့ဘက် ကြည့်လိုက်တော့ ...

“ဟင် ...”

ရှောဘတ်နှင့် မြဒါလီကို မတွေ့တာကြောင့် ရင်ထဲပူ လောင်သွား၏။ သူတို့နှစ်ယောက် ဘယ်ရောက်ကုန်ပါပြီမှို့။



www.burmeseclassic.com

www.burmeseclassic.com



သူနေရာမှထလာခဲ့လိုက်၏။ ခြေခြည်တို့ ခြံနောက်ဘက်လေးမှာတော့ ...

"ရောဘတ် ... ကျွန်မတို့ ဒီနေ့လာတာ ဘာလုပ်ဖို့လဲ ..."

"ပြောစရာလေး ရှိလို့ပါ ... ဒါလီတို့အိမ်ရောက်နေတဲ့ ဟိုလူက ဘယ်သူလဲ ..."

"သက်မောင်ကြီးပါ ..."

"သူနဲ့ဒါလီက ..."

"အို ... ဒီအကြောင်းတွေမေးပြီး ... ရောဘတ် ဘာလုပ်အလို့လဲ ... အဲဒီလူကြောင့် ... ကျွန်မစိတ်ရှုပ်ရတဲ့ အထဲ ..."

မြဒါလီ၏ အသံလေးသာမက မျက်နှာလေးပါ အလိုမကျဟန်။ ဒါကို ရောဘတ်အခွင့်ကောင်းယူကာ ...

"ဟဲ ... ဟဲ ... ဒါလီ စိတ်မရှုပ်ရအောင် တို့က အကြံ ပေးမလို့ပါဗျာ ..."

"ဘာအကြံလဲ ..."

"ဒါလီ ... တို့အချစ်ကို လက်ခံလိုက်ပါနော် ... တို့ တို့ ... ဒါလီ့ကို သိပ်ချစ်တယ်ဆိုတာ ... သိတယ် မဟုတ်လား ..."





"အို ... ဘာလုပ်တာလဲ ရောဘတ် ..."

ခြေမြန် လက်မြန်သမား ရောဘတ်က ပြောပြောဆိုဆို မြဒါလီ ကိုယ်လေးကို ဆွဲပွေ့ယူသည်။

"တို့ချစ်လို့ပါ ဒါလီရယ် ... ဒါလီ ဟိုလူကို မချစ်ဘူး မဟုတ်လား ..."

ဟိုလူဆိုတာ သက်မောင်ကြီးကို ရည်ညွှန်းတယ်ဆိုတာ မြဒါလီ သိလိုက်၏။

"အို ... သူ့ကိုချစ်တာ ... မချစ်တာ ရှင်နဲ့မဆိုင်ဘူး ရောဘတ် ... လွှတ်စမ်း ကျွန်မကို ..."

"မလွှတ်နိုင်ဘူးဗျာ ... တို့က ဒါလီ့ကို တကယ်ချစ်တာ ..."

"ဟွင် ... ရောဘတ် ရှင် ... ရှင်"

ရမ္မက်ကြွမ်းစီးနေသော ရောဘတ်က အရက်လည်း သောက်ထားတာကြောင့် မြဒါလီကို နှုတ်အတင်းသိမ်းပိုက်ဖို့ ကြံတော့၏။ ယောကျ်ားတစ်ယောက်ကို ယှဉ်လွယ်သော မြဒါလီရှိတဲ့ အားမာန်ဖြင့် ရုန်းကန်ပေမယ့် ယောကျ်ားအား ပြန်နိုင်စွမ်းမရှိ မမျှ။

"ခွေး ... ခွေးလွှတ် ..."

"ဟဲ ... ဟဲ ဒါလီက လှမ်းစမ်းပါကွယ် ... ဒါလီ လည်း တို့ကို စိတ်ဝင်စားတယ် မဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... နှင့်လိုလှကို ဘယ်တုန်းကမှ စိတ်မဝင်စား
ခဲ့ဘူး သိလား ..."

ဒါကြောင့် မာမီက အကဲခတ်မိ၍ ရောဘတ်နှင့် သူမကို အရောမဝင်ဖို့ တားဆီးခဲ့တာပဲ။

"ဟိတ်ကောင် ... ခု ဒါလိုကို လွှတ်လိုက်စမ်း ..."

"ဟင် ... ကိုသက်မောင်ကြီး ..."

သက်မောင်ကြီးကို ဘွားခနဲတွေ့လိုက်ရတော့ ရောဘတ်မှာ ပါးစပ်ထဲ ရောက်ကာနီးဆဲဆဲ သားကောင်ကို လွှတ်လိုက်ရသလို မျိုး ဖြစ်သွား၏။

"ဗြော် ... ခင်ဗျားကိုး ..."

"မင်း ... သိပ်ယုတ်မာတဲ့ကောင် ... ကဲကွာ"

"ခွပ် ..."

သက်မောင်ကြီး၏ လက်သီးပြင်းအားက ရောဘတ်မျက်နှာပေါ်ကျရောက်တော့ တစ်ချက်တည်းလဲစေသည်။

"အဟင့် ... ဟင့်"

မြဒါလီမှာ သက်မောင်ကြီးရှေ့တွင် ဒီလိုဖြစ်ရတာမို့ ရှက်ကာ ငိုမိ၏။

"မင်း ... ဘာဖြစ်သွားသေးလဲ ..."

"ဟင့်အင်း ..."





"ကဲ ... ခုမှ ငိုမနေနဲ့ ... အဓိ အဝတ်အစားတွေ
သေသပ်အောင် ပြင်ဦး ..."

"အို ..."

သည်တော့မှ သူမ သတိရကာ အဝတ် အစားများသေသပ် အောင် ပြင်လိုက်၏။

"ကဲ ... သွားမယ် ..."

"အို ... ဇာခြည်တို့ကို ..."

"နှုတ်ဆက်မနေနဲ့ ... မင်းမျက်နှာ ငိုယိထားတာ
မဟုတ်လား ..."

သူမ ဘာမှမပြောသာတော့ဘဲ သူနောက်မှ တိတ်တဆိတ် လိုက်ခဲ့သည်။ သူ ကားတံခါးအသင့်ဖွင့်ပေး၏။ ဂစ်လမ်းလုံး သူမတို့ နှစ်ယောက် ဘာစကားမှ မပြောဖြစ်ပေ။

"အိမ်ရောက်ရင် ဘာမှမတွေးဘဲ ေးသောက်ပြီး
အိပ်လိုက် ..."

အိမ်ရောက်ကာနီး သူကမှာသည်။ ၁ူမ သူ့ကို မျက်လွှာ ပင့်ကြည့်ကာ ...

"ရှင် ဒီအကြောင်းတွေ မာမီပြောပြ ာလား ..."

သူ ဖျတ်ခနဲ မျက်နှာတင်းတင်းဖြင့် လှည့်ကြည့်၏။

"ကျုပ်က ဘာကြောင့်ပြောပြရမှာ ာဲ ... တစ်ခု
တော့ အန်တီ့ကို ပြောရမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာကိုလဲ ..."

"မင်းနဲ့ ကျွပ် အမြန်ဆုံး လက်ထပ်ဖို့ပေါ့ ..."

"အို ..."

မထင်မှတ်သော စကားကြောင့် သူမ မျက်နှာလေးနီ[illegible]
ခေါင်းငုံ့သွားရလေ၏။

သူ့ကို ဘာမှလည်း ပြန်မပြောနိုင်တော့ပေ။

◆❖◆





သူ၏ မိခင်ဒေါ်မကြီးက သူမတို့နှစ်ယောက် လက်ထပ်ဖို့အတွက် လိုက်လာသည်။ ဒေါ်မကြီးမှာ အသက်ငါးဆယ်ကျော် ဝန်းကျင်ဖြစ်ကာ ခန့်ညားတည်ကြည်သော အမျိုးသမီးကြီးတစ်ဦးပင်။

"မလာရင် ညည်းရှိရှိသေသေ ဆက်ခံနော် ... အချိုးမပြေ လုံးဝ မမြင်ချင်ဘူး ..."

မာမီက သူမကို ကြိုတင်မှာထား၏။ သက်မောင်ကြီးဆိုတဲ့ သူ့ကို ကြည့်မရပေမယ့် ရယာကျွမလောင်း ဒေါ်မကြီးကိုတော့ သူမ မြင်မြင်ချင်း လေးစားခင်မင်ပါသည်။

လေယာဉ်ကွင်းကို သူနှင့်အတူ သူမသွားကြိုသည်။

"သမီးလေးက ချစ်စရာကောင်းလိုက်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



မေမေတော့ သမီးအတွက် လက်ဆောင်တွေ ယူလာ
တယ်ကွယ် ... "

ဒေါ်မမကြီးက သူ့ကိုယ်သူ မေမေတဲ့။ အဖြူရောင်
ဝတ်စုံလေးနှင့် သူမကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ ပြုံး၍ ခေ
ကြီးပြော၏။

"ကျေးဇူးတင်ပါတယ်ရှင် ... "

မေမေဟု ရုတ်တရက် မခေါ်ရသေးတာကြောင့်
ခေါင်းလေးညွှတ်ကာ အရိုအသေပေးလိုက်ရ၏။ သက်မောင်
တော့ မေမေနှင့်မြဒါလီတို့ အဆင်ပြေတာကို ပြုံးကြည့်နေသ

"အန်တီတင်တော့ ... မေမေ့အတွက် ထမင်းပွဲနဲ့
အသင့်စောင့်နေတယ် ... "

"ဟုတ်ပါတယ် ... မေ ... မေ ... မာမီက မေမေတာ
ဖို့ သူ့ကိုယ်တိုင် ချက်ပြုတ်နေလို့ လေဆိပ်ကို ကိုယ်တိုင်
လာမကြိုနိုင်တာပါရှင် ... "

ဒုတိယအကြိမ်မြောက်မှာတော့ ဒေါ်မမကြီးကို သူ
တရဲဖြင့် 'မေမေ'ဟု ခေါ်လိုက်ရပြီ။ သူ နှစ်နှစ်ခြိုက်ခြိုက်ကြ
လိုက်တာကို သူမ မမြင်ချင်ယောင် ဆောင်မိသည်။

"အပေါင်း ... ဟင်း ... တင်တင်ကတော့ မေမေ
အပေါ် တကယ်စေတနာထားတာပဲ ... အင်း ...





သားနဲ့ သမီး ခုလိုအမြန်ဆုံး လက်ထပ်ဖြစ်မှာကိုပဲ ...
မေမေ ဝမ်းသာပါတယ်ကွယ် ... "

"အို ... ဟို"

သူမက တစ်စုံတစ်ရာ ပြောဖို့ကြိုးစားပေမယ့် သူက သူမ
ာ်မျှားလေးကို အသာညှစ်ကာ တား၏။

"ဟုတ်တယ် မေမေ ... ဒါကြောင့် မေမေလိုက်လာ
ဖို့ ... ကျွန်တော် ဖုန်းဆက်ခေါ်တာပါ ... ကဲ ... အန်တီ
တင်အိမ်မှာ စောင့်နေတယ် ... သွားစို့ မေမေ ... "

ကားကို သူက မောင်း၍ နောက်ခန်းမှာ ဒေါ်မမကြီးနှင့်
တို့ ထိုင်လေ၏။ ဒေါ်မမကြီးက သူမလက်လေးကို အသာ ဆုပ်
င်ကာ ပြုံးသည်။

"တကယ်တမ်းမှာ ... သားက မိန်းမယူဖို့အတွက်
ရွေး(ကိုး) သိပ်များတာကွယ့် ... ဟော့ဒီ သမီးလေးကြမှ
သူ ခေါင်းညိတ်တာ ... သမီးလေးကလည်း ချစ်စရာ
ကောင်းအောင် လှတာကိုး ... "

ဒေါ်မမကြီး၏ ချီးကျူးစကားကြောင့် သူမ ရှက်ပြုံးလေးဖြင့်
ိနေလိုက်ရသည်။

စိတ်ထဲကတော့ သူ့ကို ရှုံ့ထောင်ချင်မိ၏။ လက်ထပ်ဖို့
သူမ ဘယ်တုန်းက ခေါင်းညိတ်လို့ ဒေါ်မမကြီးကို ခေါ်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



လဲဟု … ။

အိမ်ရောက်တော့ မာဓီက ဒေါ်မမကြီးကို လှိုက်လှဲ
သာစွာ ဆီးကြိုၡ၏။

"ကြွပါ မမရယ် … ကြွပါ … မမလာမယ်ဆိုလို့ …
တင်မွာင်ကိုယ်တိုင်ချက်ပြုတ်နေတာနဲ့ … ခုလေဆိပ်
မလိုက်ဖြစ်တာပါ … " မမ

"သားနဲ့ သမီးက ပြောပုံါတယ် တင်တင် … မမ
အတွက် တင်တင်အလကား အပင်ပန်းခံတယ်ကွယ် …
မမော ရှိတာနဲ့ စားတတ်ပါတယ် … "

စိန်တွေ တဖျပ်ဖျပ် ဝတ်ထားသော ဒေါ်မမကြီးက မ
မာနကင်းသော စကားဆို၏။

"ဒီလို ဘယ်ဟုတ်မလဲ မမရဲ့ … တင်တင်က မမ
တင်တင်ဆီလာတုန်း အားရပါးရ ပြုစုချင်တာ … ခြော်
သမီး … သမီး မေမေအတွက် ရေခဲသေတ္တာထဲမှာ
သံပရာရည်အေးအေးလေး အသင့်ဖျော်ထားတာရှိတယ်၊
သွားယူကွယ် … "

"ဟုတ်ကဲ့ မာဓီ … "

လူကြီးတွေရှေ့မှာ စိတ်ကြပ်နေသော သူမက ထမင်း
ခန်းထဲ ဝင်ခဲ့၏။





ဒေါ်မမကြီးလိုက်လာပြီဆိုတော့ သူနှင့်တကယ်ဆက်ထပ်
ရတော့မည်လား။ သံပရာရည် ဖန်ခွက်လေးကို လင်ပန်းလေးထဲ
ထည့်ကာ သူမ အိမ်ရှေ့ယူလာလိုက်၏။

"အမေ့အပြေ သောက်လိုက်ပါဦးမေမေ … "

"အဟင်း … ဟင်း … သမီးလေးက တကယ်လှိမ့်
တာပဲ … ဒါကြောင့် … သားက သဘောကျတာ … "

"အမယ်လေး … မမသားက ပိုလို့ဟာပါရှင် …
မောင်သက်လို ရှင်ယမျိုးလေးကတော့ ဒီခေတ်မှာ
ရှားပါးတဲ့ ကလေးပဲမမရဲ့ … "

အမေနှစ်ယောက်က သားသမီးနှစ်ယောက်ကို အမြန်
အလှန် ချီးမွမ်းနေသလောက် သူမမျက်နှာလေး မသိမသာ ငုံ့နေ၏။
ဟင်း သူကတော့ သူမကို မကြာခဏ ကြည့်ကာ ပြုံးပြုံးကြီး သဘော
ကျလို့။

"သားရေ့ … မေမေ့အိတ်ထဲမှာ လက်ဆောင်တွေပါ
တယ် … သမီးကို ပေးလိုက်ပါကွယ် … "

"ဟုတ်ကဲ့ မေမေ … ဒါလီလာလေ … "

ဒေါ်မမကြီး အိတ်တွေကို အခန်းထဲပို့လိုက်ပြီးမှ သူခေါ်
ခြင်း ဖြစ်၏။ လူကြီးတွေရှေ့မှ သူမ အသာထလိုက်လာခဲ့သည်။

အခန်းထဲရောက်တာနှင့် သူမ မျိုသိပ်ထားတာတွေ မှင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်တော့၏။

"ဒီမှာ ... ဦးသက်ကြီး ..."

"ဗျာ ... ဘယ်လို ခေါ်လိုက်တယ် ..."

"ဟင်း ... ရှင့်နာမည်ခေါ်တာလေ ..."

ခါးလေးထောက်ကာ ရန်စွာနေပုံလေးကြောင့် သူမျက်မှောင် မသိမသာတွန့်သွားရ၏။

ဘယ့်နှယ် ဒီမနက် သူမကိုလည်း စိတ်ဆိုးအောင် မလုပ်မိရပါလား။

"ဒီမှာ ... ကျုပ်နာမည် သက်မောင်ကြီး ... ဦးသက်ကြီး မဟုတ်ဘူး ... ဘယ့်နှယ် အမိခေါ်မှ ... ကျုပ်ခုပဲ ဘိုးဘွားရိပ်သာ သွားရမလိုလို ..."

နှစ်ယောက်လုံး တစ်ဦးတည်းသော သားသမီးတွေမို့ ငယ်စဉ်ကတည်းက မိဘတွေအလိုလိုက်ခံထားရတာမို့ ကိုယ်ကသာ အနိုင်လိုချင်စိတ်ရှိခဲ့သည်။ ယခုလို နှစ်ဦးထိပ်တိုက် တွေ့တော့ တစ်ယောက်နဲ့တစ်ယောက် အလျှော့မပေးနိုင်ဘဲ ဆတ်ဆတ်ထိ မခံပေ။

"ဟင်း ... သွားသင့်သွားရမှာပေါ့ ... ကျွန်မထက်စာရင် ရှင်က အဘိုးကြီးပဲ ..."

"ဘာကွ ..."

"ဟုတ်တယ်လေ ... ကျွန်မ အသက်က ခုမှနှစ်ဆယ်





ဒီနှစ်မှ ဘွဲ့ရပြီးကာစ ပူပူနွေးနွေးလေးရှင့် ..."

"ဪ ... အဖွန်း ... ယောက်ျားလေးစယောက်အတွက် အသက်လေးဆယ်မှ ဘဝစတယ်ဆိုတာ မင်းကြားဖူးလား ... ကျုပ် အသက်သုံးဆယ်ဆိုတာ ... တကယ်တော့ ဘဝစချိန်တောင် မတန်သေးပါဘူးလေ"

သူ၏ မခိုးမခန့်ပြောဟန်ကြောင့် သူမ ဒေါသလေးပိုဖြစ်သွားရသည်။ သူကပဲ အသာစီးကြီးနှင့်။

"ဪ ... ဒါဆို ... ဘယ်သူက ဘဝစခိုင်းနေလို့လဲ ... ဒီလက်ထပ်မယ့် ကိစ္စကို ရှင့်ဘက်က ဖျက်လိုက်ပေါ့ ..."

"ဘာဗျ ... ဖြစ်မလား အမိ"

ခပ်လှယ်လှယ် ပြောနေသော မြဒါလီကို သူမျက်မှောင်တွန့်တွန့်ဖြင့် ကြည့်သည်။

"နို ... ဘာကြောင့် မဖြစ်ရမှာလဲ ... ရှင့်ဘက်ကသာ ငြင်းလိုက်ရင် ... ဒီကိစ္စပျက်ပြီ ..."

လက်ထပ်ဖို့ ကိစ္စအတွက် မေမေရောက်လာပြီးမှ သူမ ဒီလို စကားမျိုး ပြောတာ သူဒေါသဖြစ်ရ၏။

"ကျုပ်က ဒီကိစ္စကို စခဲ့တာ မဟုတ်ဘူး ... မေမေ့စကားကို သားတစ်ယောက်အနေနဲ့ ကျုပ်လက်ခံတာ ...



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ချင်ရင် မင်းဘက်က ဖျက်ခွင့်ကျုပ်ပေးတယ် အမီ"

"ဟင် ..."

သူ့မဘက် မြှားဦးလှည့်လာတာကြောင့် ရုတ်တရက် နှုတ်ပိတ်သွားရ၏။ ဒါ တမင်တာပ်ပြောတာ။

"ကျွန်မက မာမီ့ကို ပြောမရလို့ပေါ့ရှင် ..."

"ကျုပ်လည်း ... ဒီလိုပဲ ..."

"ရှင် ... ရှင် ... တမင်စကားကပ်ပြောတာ"

လက်ညှိုးလေးထိုးကာ သူ့မစွပ်စွဲသည်။ သူ့ဖျတ်ခနဲ သူ့လက်ညှိုးလေးကို ဖမ်းယူဆုပ်ကိုင်ကာ ...

"ပြောစမ်း ... မင်းက ကျုပ်ကိုဘာကြောင့် လက်မထပ်ချင်ရတာလဲ ... ဘာလဲ ... ရောဘတ်လိုကောင်မျိုးကြောင့်လား ..."

"အို ... သူနဲ့ဘာမှ မဆိုင်ဘူး ... တကယ်တော့ ... ရောဘတ်နဲ့ တွဲဖြစ်တဲ့ကာလည်း ... ရှင့်ကြောင့် ... ကျွန်မကို ရှင်စိတ်ပျက်သွားအောင်လို့ ..."

"ကြော် ... တော်ခက်ခက်လေး ကောင်းတဲ့အကြံပေါ့လေ ... အဲဒီနေ့က ကျုပ်သာ မလာရင် ... ခင်ဗျား ဘဝ ဘယ်လိုဖြစ်သွားနိုင်တယ်ဆိုတာ သိရဲ့လား ..."





ထိုအမေးကြောင့် သူ့မ မျက်နှာလေး နီရဲသွားရသည်။

"ကောင်းပြီ ... ကောင်းပြီ ... ဒီလောက်ဆို ကျုပ်သဘောပေါက်ပြီ ... ခုပဲ ... လူကြီးတွေကို ကျုပ်သွားပြောမယ် ... 'လက်ထပ်ပွဲကို ဖျက်မယ့်အကြောင်း ..."

ပြောပြောဆိုဆို သူက ခြေလှမ်းကျဲကြီးဖြင့် ထွက်မို့ပြင်၏။

"ဟင် ... နေဦး"

သူ့မ တားတော့ သူ ရပ်ကာလှည့်ကြည့်သည်။

"ဟို ... ရှင်က လူကြီးတွေကို ဘယ်လိုပြောမှာလဲ ..."

"လွယ်ပါတယ် ... ကျုပ်တို့နှစ်ယောက်လုံး သဘောမတူလို့ ဒီကိစ္စဖျက်တယ်လို့ ..."

"အို ... မာမီတို့က လက်ခံပါ့မလား ..."

သေချာပေါက် မာမီလက်မခံမှာကို သူ့မ သိနေ၏။

"ဒီတော့ ... အမီက ဘာလုပ်ချင်လဲဗျာ ..."

"ဒါတော့ ... ကျွန်မ မသိဘူး ..."

နှုတ်ခမ်းလေးစူကာ ပြောပြီး သူ့မ ထိုနေရာမှထွက်ခဲ့တော့သည်။ မြည့်တင်းလှမသော သူ့မနောက်ကျောပြင်လေးကို ကြည့်ကာ သူ ပြုံးလိုက်၏။

www.burmeseclassic.com



တကယ်တော့ လူကြီးတွေကို သူ့ ဘာကြောင့်သွားပြောမှာလဲ။ သူမ စိတ်ကို စမ်းချင်လို့လေ။

အပျွန်း စုလိုကြတော့လည်း သူမက သဘောထားတစ်မျိုးပါလား ... ။

•❦•





သူမတို့ မင်္ဂလာဆောင်ကို ရန်ကုန်နှင့်မန္တလေးတို့တွင် အကြီးအကျယ် ကျင်းပသည်။ ဂုဏ်သရေရှိ အသိုင်းအဝိုင်းမို့ စည်ကားတာ အမှန်။ ဒေါ်မမကြီးက သူမတို့အတွက် ရန်ကုန်မှာ တိုက်တစ်လုံး၊ ကားတစ်စီးအပြင် သူမအတွက် လက်ဝတ်လက်စားများ လက်ဖွဲ့၏။

မိဘတွေကို ကန်တော့တဲ့အချိန်မှာ မိခင်နှစ်ဦးက ဆုံးမဩဝါဒပေးသည်။

"သားတို့ သမီးတို့ကို မေမေမှာချင်တာက ... အိမ်ထောင်တစ်ခု တည်ဆောက်ပြီးရင် ... ရိုးမြေကျပေါင်းသင်းဖို့ပဲ ... တစ်ယောက်ကိုတစ်ယောက် သည်းခံပြီး ချစ်ချစ်ခင်ခင်နဲ့ တစ်သက်လုံးလက်တွဲကြဖို့ မှာချင်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ မေမေ ... မေမေ ဖြစ်စေချင်သလို ဖြစ်ရပါစေမယ် ခင်ဗျာ ..."

"သမီးလည်း ဒီလိုပါပဲမေမေ ..."

သူတို့နှစ်ယောက် ကတိစကားကြောင့် ဒေါ်မမကြီး စိတ်ချမ်းသာစွာ ပြုံးလေ၏။ မာမီဒေါ်တင်မမအလှည့်။

"အထူးသဖြင့် ... မာမီမှာချင်တာက သမီးမြေဒါလီကိုပဲ ... သမီးဟာ ခုဆို့အိမ်ထောင်ရှင်မ တစ်ယောက်ဖြစ်သွားပြီ ... ဒါကြောင့် ... ယခင်လို ကလေးဆိုးတွေကို ဖျောက်ပြီး ... တည်ငြိမ်ရင့်ကျက်တဲ့ အိမ်ထောင်ရှင်မကောင်းဖြစ်ဖို့ ကြိုးစားပါ ..."

သူမ ဘာမှမပြောဘဲ ငြိမ်နေလိုက်၏။ မာမီပြောတဲ့ အိမ်ရှင်မကောင်းမျိုး ဖြစ်ဖို့ဆိုတာ သူမအတွက် အတော်ကြိုးစားရမှာ။

"သားကိုတော့ ... မာမီက သမီးအပေါ် အစာတ်နိုင်ဆုံး သည်းခံပေးပါကွယ် ... မလိုမှာတာရှိရင်လည်း ဆုံးမပါ ..."

"ဟုတ်ကဲ့ပါ မာမီ"

လိုက်လိုက်လှဲလှဲ ပြောလိုက်သောသူ့ကို မျက်စောင်းကြီး ထိုးလိုက်၏။ သူ့ နှုတ်ခမ်းထောင့်က ပြုံးပြီး မသိချင်ယောင်ဆောင်နေလိုက်သည်။





"ကဲ ... ကဲ ... ဒါဆို မာမီတို့ ပြန်ကြမယ် ... ခုချိန်ကစပြီး ... ကိုယ့်အိုးနဲ့ကိုယ့်အိမ် တကယ်ချမ်းမြေ့အောင်နေကြ ..."

"မေမေလည်း တစ်ရက်နှစ်ရက်နေပြီး ပြန်မယ် ... သားနဲ့သမီး ..."

"အို ... သမီးတို့ လေဆိပ်လိုက်ပို့မှာပေါ့ မေမေ ..."

"အေး ... အေး"

မိခင်နှစ်ယောက်ကို ကားနားထိလိုက်ပို့ကြသည်။ အမေတွေပြန်သွားတော့ တစ်အိမ်လုံး တစ်ခြံလုံးမှာ သူတို့နှစ်ယောက်တည်း။

မိခင်များက လူရိုထားပေးမည်ဆိုတော့ သူက ...

"ခုချိန်မှာ ကျွန်တော်တို့ နှစ်ယောက်ပဲ ရှိသေးတာ ... လူရို မလိုသေးပါဘူးခင်ဗျာ ..."

ဆိုတာကြောင့် ဆက်မပြောတော့ပေ။ မာမီကလည်း

"ဟုတ်တယ် ... ဒါမှ သမီးက ကိုယ့်အိမ်အလုပ်တွေ ကိုယ့်ဘာသာ လုပ်တတ်သွားမှာ ..."

ဟု ထောက်ခံတာကြောင့် ငြိမ်သွားရ၏။

ကဲ ခုတော့ ... လှပခမ်းနားသော တိုက်ကြီးမှာ သူမက ယောင်ချာချာ။

www.burmeseclassic.com



"အဟမ်း ..."

သူ ချောင်းဟန့်သံကြောင့် သူမ သတိဝင်လာ၏။ အ
မြင့်မြင့်၊ ကိုယ်ဟန်ကျစ်ကျစ်၊ မျက်ခုံး၊ မျက်လုံးကောင်းကောင်း
ကြွေရောင်တောက်နေသော စတစ်ကော်လံရှပ်အင်္ကျီလက်ရှည်
တွင် အဖြူရောင်တိုက်ပုံနှင့် ရွှေဝါရောင်ပိုးပုဆိုးနှင့် သူ့အသွင်
ကြည့်ကောင်းသလိုလို ...

သို့သော် သူမရှုက်ချင်း အကြည့်လွှဲကာ ရွှေဝါရောင်ဝ
လေးဖြင့် မှန်တင်ခုံ ရှေ့ထိုင်၏။

သူ ဝင်လာတာ မြင်တော့ ...

"ရှင် ... ဒီအခန်းထဲဘာလုပ်တာလဲ ..."

ရုတ်တရက် သူနားကြားလွဲသလားဟုပင်။ မင်္ဂလာဆေ
ပြီးသည့် ထိုရက်ပိုင်းတွေက မင်္ဂလာပွဲအတွက် ပင်ပန်းလွန်းလို့
မသိ ညတိုင်းနှစ်ခြိုက်စွာ အိပ်ပျော်ကာ၊ မင်္ဂလာဦးညဆိုတာ ဘာ
မသိ။

မနက်မိုးလင်းလို့ သူမကို ကြည့်လိုက်လျှင် ဒရင်းဘက်
မှာ။

တစ်ခုတော့ သတိထားမိ၏။ အဲဒီညတွေက သူမ သ
ကိုယ်တိုင် ကော်ဖီဖျော်တိုက်ခြင်းပင်။ ကော်ဖီသောက်ပြီးတိုင်
နှစ်ခြိုက်စွာ အိပ်ပျော်သွားရတာ မဟုတ်လား။





"ဒီမှာ ... ဖိုတုန်းကတော့ ... မေမေတို့ လူကြီး
တွေရှိနေလို့ ... ရှင်နဲ့ တစ်ခန်းတည်းနေတာကို အဟုတ်
မထင်နဲ့ ... အခု ဒီတိုက်မှာ အခန်းတွေအများ ကြီး ...
ရှင် ကြိုက်တဲ့ အခန်းမှာနေ ..."

"ဟင် ..."

ရွှေဝါရောင် သတို့သမီးဝတ်စုံလေးဖြင့် ကြွေရုပ်လေးလို
လှပသော သူမနှုတ်ဖျားက စိမ်းကားတဲ့ စကားတွေထွက်လာတော့
သူ့ရင်ထဲ နာကျင်သလိုလို။

"ကြော် ... မင်းက ဒီလိုလား ... ဒီမှာကျုပ်ကလည်း
စိန်ခေါ်ရင် ဘွာမခတ်ကြေးပဲဗျ ... ပြီးတော့မှ မင်း
နောင်တမရနဲ့ ..."

နဂိုက မာနရှိသူမို့ သူဆတ်ခနဲ ပစ္စည်းတွေ ကောက်သိမ်း
ကာ၊ တစ်ဖက်ခန်း ရွှေ့ဖို့ ပြင်၏။

"အို ... ဘယ်တော့မှ နောင်တမရဘူး ... ရှင်သာ
ကိုယ့်စည်းကမ်းနဲ့ ကိုယ်နေပါ ..."

"မင်း ..."

ရုတ်တရက် သူဒေါသတို့ကို ပြန်လည်မျိုသိပ်လိုက်ရ၏။
မင်္ဂလာဦးရက်ကြီးမှာ သူမနှင့်ငြိုငြင်ပြီး ရန်ဖြစ်ရတာ ကောင်းပါဘူး
လေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမအခန်းထဲက ချာခနဲလှည့်ထွက်ခဲ့သည်။

သူ ထွက်သွားမှ သူမမှားသွားပြီလားဟု တွေးမိပေမယ့် ...

အို သူ့ကို ချစ်လို့ လက်ထပ်ခဲ့တာမှ မဟုတ်ဘဲ။ လူကြီးတွေကြောင့် ငါလက်ထပ်ခဲ့ရတာ။

ဟင်း သူကကော ငါ့ကို ခုချိန်ထိ 'ချစ်တယ်' လို့ တစ်ခွန်းပြောဖူးလို့လား။ သူလည်း လူကြီးတွေကြောင့် ငါ့ကို လက်ထပ်တာပဲ၊ ခုလို ရှင်းရှင်းနေတာ ကောင်းတယ်ဟု မြဒါလီတွေးသည်။

မှန်တာပြောလျှင် သူမက ခုချိန်ထိ အမျိုးစင်၊ သူ့ကို ကော်ဖီထဲ အိပ်ဆေးခတ်ကာ တိုက်တာကြောင့် ညအကြိမ်တွေ သူ တုတ်တုတ်မှ မလှုပ်၊ နေ့ခင်းပိုင်းတွေမှာ သူမက လူကြီးတွေနှင့်ရော နေလိုက်၏။

ယခုတော့ နှစ်ယောက်တည်း ...

ဒါပေမယ့် သူ့ကို မကြောက်။

တစ်ဖက်ခန်းမှာ နဖူးပေါ် လက်တင်အိပ်ကာ သက်ပြင်းတွေ အကြိမ်ကြိမ်ချနေတာက သက်ဓောင်ကြီး။

သူငယ်ချင်းတွေ မြင်လျှင် သူ့အဖြစ်ကို ဘယ်လောက်များ ဟားမလဲ။ မင်္ဂလာဆောင်ပြီးသားတဲ့ တစ်ယောက်တည်းအိပ်နေရတဲ့ အဖြစ်။

မြဒါလီ ...





သူမကို ချစ်မိ၍ သူမကို အစကတည်းက ချစ်တာကော သိရဲ့လား။ သူမ သဘောမတူဘဲ သူမဘဝကို ဖွတ်ဖောင်းမယူချင်ပါ။

သူချစ်တဲ့ မိန်းကလေးကို မျက်စိရှေ့မှာ မြင်လျှင်ကျေနပ်၏။

သူမ ဒီမှာ နေချင်တယ်ဆိုတာကြောင့် သူ လုပ်ငန်းကို ဒီမှာ ထပ်ချဲ့လိုက်၏။ နဂိုကတည်းက မိတ်ဆွေခင်ပွန်း ရှိတာကြောင့် သူ့အတွက် အဆင်ပြေသည်။

"ဒေါက် ... ဒေါက်"

သူ တံခါးလာခေါက်တာကြောင့် ထဖွင့်ပေးလိုက်တော့ အပြာနုရောင်ဝတ်စုံလေးနှင့် လှပကျော့ရှင်းနေသော မြဒါလီ။

"မာမီက ထမင်းချိုင့်ပို့ခိုင်းလိုက်တယ် ..."

"ဪ ..."

သည်လိုကြတော့ သူမက သိတတ်သနိုလို့။ မနက်ကတည်းက ဘာမှ မစားရ၍ ယခု ဆာလာသလိုဖြစ်လာ၏။

"ကိုယ်လာခဲ့မယ် ..."

သူမ လှည့်ထွက်သွားတာကို မျက်စိတစ်ဆုံး ကြည့်မိသည်။

အင်း သူ့မှရုပ်လေးမြင်လိုက်ရတာနဲ့ စောစောက စိတ်ထိုင်းမကျမှုတွေ ဘာကြောင့် လွင့်ပြယ်ကုန်ရပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နေရင်း သူက အစိမ်းနုရောင် ရှပ်လက်တို ချည်ပုဆိုး အစိမ်းနုကွက်အဆင်ဖြင့် ဝတ်ထားသည်။

သူရောက်တော့ ထမင်းပွဲ အသင့်ပြင်ထား၏။

"မာမီက စာရေးပေးလိုက်တယ် ..."

"ဘာတဲ့လဲ ..."

"နောက်နေ့ ထမင်းချိုင့်မပို့တော့ဘူးတဲ့ ..."

"ဟုတ်သားပဲ ... ကိုယ့်အိမ်နဲ့ကိုယ် ဖြစ်နေပြီး ... ကိုယ့်ဘာသာ ချက်ရမှာပေါ့ ... မြဒါလီ"

သူ အေးအေးဆေးဆေး ပြောတော့ သူမဆွတ်ခနဲကြည့်သည်။

"ကျွန်မမှ ... ဟင်းမချက်တတ်ဘဲရှင့်"

သူ ပခုံးတွန့်ကာ ...

"မိန်းကလေးဖြစ်ပြီး ... အလှတော့ ပြင်တတ်တယ် ... ချက်ပြုတ်တာတော့ မတတ်ဘူး ဟုတ်လား ... မြဒါလီ ..."

"အို ... ရှင် ကျွန်မကို ကဲ့ရဲ့စရာမလိုပါဘူး ... ချက်ပြုတ်တတ်တာလိုချင်ရင် ... ရှင် ထမင်းချက်ယူထားပေါ့"

"အေး ... ကျုပ်က မင်းကို ယူမိပြီလေ ... ဒီတော့ မင်းပဲ ကျုပ်ကို ချက်ကျွေး ..."

အတင့်စီးစကားကြောင့် သူမ ဒေါသလေးဖြစ်သွား၏။

"ရှင် နိုင်းတိုင်း ... ကျွန်မက လုပ်ရမှာလား ... ဦးသက်ကြီး ..."

"ဟေ့ ... မင်း ... မင်း ... ကျုပ်ကို ဦးသက်ကြီးကို မခေါ်နဲ့ ... ကျုပ်နာမည် ပျက်တယ် ..."

"အို ... ဒါကလည်း ရှင့်နာမည်တွေထဲကပဲ ... ဟင်း နာမည်ကိုက ခေါ်ရခက်တဲ့ ခွကျကျနဲ့ ..."

"အဟော်း ... ဒါဆို လွယ်လွယ်ခေါ်ပေါ့ကွာ ... ကျုပ်နာမည်တွေထဲက ... သက်ခေါ်မလား ... မောင်ခေါ်မလား ... ကြိုက်တာခေါ် ..."

သူ ပြုံးစိစိ ပြောတော့ သူမမျက်စောင်းထိုးကာ ...

"ဟွန်း ... ဘကြီးလို့ပဲ ခေါ်မယ်သိလား ..."

"ဟောဗျာ ... အဟွန်း ... ဟွန်း"

ကျောခိုင်းထွက်ခွာသွားသော သူမကို ကြည့်ကာ နှစ်ခြိုက်စွာ ရယ်မိတော့၏။

◆❦◆







www.burmeseclassic.com

www.burmeseclassic.com



၁၁

"ဟော ... မလေး အိပ်ရာထလာပြီလား ... ဒီမှာ မနက်စာ အသင့်ဖြစ်ပြီခင်ဗျ ..."

မနက်ဖိုးလင်း၍ သူမ အိပ်ရာထလာတာနှင့် ခုနစ်နာ ရျက်ခန်းများ ပွင့်ချိန်မှာ အစက သူမကိုယ်သူမ မာမီတို့အိမ်မှာ ထင်၏။ ပြီးမှ ပန်းနုရောင် အိစက်နေသော နှစ်ယောက်အိပ်ခု ကြီးကို ကြည့်ကာ ထခုန်မိတော့သည်။

ဟုတ်သားပဲ။

မနေ့က ဟိုလူနဲ့ လက်ထပ်ခဲ့တာ ယခု သူနဲ့တစ်အိမ်တည် မှာ နှစ်ယောက်တည်း။ ညက သူမတံခါးကို လုံလုံခြုံခြုံ ပိတ်အိပ် ၏။ ဒါတောင် တစ်ရေးနိုးစိတ်မချ၍ ထအကဲခတ်တတ်သည်။ ဘက်မှ လုံးဝ တိတ်ဆိတ်နေမှ စိတ်ချစွာ အိပ်ပျော်တော့၏။

အိပ်ရာထတာနှင့် ရေချိုးပြီး အလှပြင်ကာ အဖြူ...





အပြာပွင့်လေးတွေပါသော ဂါဝန်ရှည်ရှည်လေးကို ဝတ်ကာ ထမင်း စားခန်းထဲဝင်ခဲ့စဉ် သူ ရှမ်းကြည့်ကာ ပြောခြင်းပင်။

အိပ်ရေးဝဟန်ရှိ မျက်နှာနုနုလေးမှာ လှ ကာလန်းနေ၏။

သူမကြည့်လိုက်တော့ စားပွဲပေါ်မှ ပူနွေးသော မုန့်ဟင်း ခါးနှင့် လက်ဖက်ရည်အဆင်သင့်၊ သူက ထမင်းကြော်နှင့် ကော်ဖီ သောက်၏။ သူမ စားပွဲတွင် ဝင်ထိုင်ရင်း ...

"ဒီဟာတွေ ရှင်ဘယ်ကရတာလဲ ..."

"ဟောဗျာ ... ဘယ်ကရမှာလဲ ... သွားဝယ်ထားရ တာပေါ့ ... ခင်ဗျားလေး နိုးလာရင် ... အဆင်သင့် ဖြစ်အောင်လို့လေ ..."

ထိုအပြောကြောင့် သူမ ရင်ထဲလှပ်ခနဲ ဖြစ်သွား၏။ သည် လူ သူမကို ဘာကြောင့် ဂရုစိုက်နေတာပါလိမ့်။ ဘာဘယ်ဆို သူနဲ့ သူမက နည်းနည်းလေးမှ တည့်တာမဟုတ်။

စတည့်မေမယ့် သူမ အိပ်ရာထ နောက်ကျကာမို့ ဗိုက်ဆာ နေပြီ။ ထို့ကြောင့် ငါးဖယ်၊ ဘဲဥ၊ အကြော်စုံပါသော ငါးနိုင်းခြင်းနှင့် ချက်ထားသော မုန့်ဟင်းခါးကို သူမ ငုံ့စားလိုက်၏။

ကိုယ်က မိန်းကလေးဆိုတော့ မုန့်ဟင်းခါး ကြိုက်တတ် သည်။

"ဘယ်နှယ့်လဲ ... မုန့်ဟင်းခါး ကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖြိုးချို မေးတော့ သူမခေါင်းညိတ်ပြလိုက်၏။

"ကောင်းသားပဲ … ရှင် ဘယ်ကဝယ်လာတာလဲ"

"လမ်းထိပ်မှာမေးပြီး … ညွှန်ပြလိုက်တဲ့ ဆိုင်က ဝယ်တာပဲဗျ … "

သူမ ပခုံးလေးတွန့်ကာ …

"ရှင်က ကျွန်မ မုန့်ဟင်းခါးကြိုက်မှန်း ဘယ်လိုသိလဲ … "

"ဟောဗျာ … ခင်ဗျားပဲ အိမ်မှာ မနက်တိုင်း မုန့်ဟင်းခါး စားနေတာ မဟုတ်လား … "

ကြည့်စမ်း ဒါကို သူသတိထားမိသားပဲ။ ဘာကြောင့် ဒီ… သတိထားမိတာလဲဟု ဖျတ်ခနဲ အတွေးဝင်ရောက်လာ၏။

"ထမင်းကြော်ကကော … "

"ဆိုင်က ဝယ်လာတာပဲလေ … ဒါမှမဟုတ် … မနက်ဖြန်ကစပြီး … အိမ်မှာ ကြော်ရမယ် … "

သူမ ပခုံးလေးတွန့်ကာ …

"ကျွန်မက လုပ်ပေးရမှာလား … "

မကြိုက်နှစ်သက်ဟန်ဖြင့် မေးတော့ သူပြုံးသည်။

"ဒါပေါ့ … ဒီအိမ်မှာ ခင်ဗျားက အိမ်ရှင်မပဲ … ကဲ ပြီးရင် ဈေးသွားကြမယ် … "





"ဟင် … ဘာလုပ်ဖို့လဲ … "

ဈေးဆိုတာ မာမီသွားနေကြမို့ သူမနှင့်မဆိုင်ဟု ခံယူထားသမျှ ယခုတော့ သူကဈေးသွားမယ်တဲ့။

"တော်ဗျာ … ဘာလုပ်ရမှာလဲ … အိမ်မှာ ဘာမှမရှိဘူးလေ အိမ် … ကိုယ့်ဘာသာ ဈေးဝယ်ပြီး ချက်စားရမှာပေါ့ဗျ … "

"အို … ကျွန်မမှ မချက်တတ်တာဘဲ … "

"ရတယ် … ဒီနေ့ ကိုယ်ချက်မှာ … မင်းက ဘေးက ကြည့်ပြီးမှတ်ထားပေါ့ … နောက်နေ့ ကိုယ်အလုပ်သွားရင် … မင်းပဲ ချက်ရမှာ မဟုတ်လား … "

ဒါ သူမကို အနုနည်းနဲ့နှိုင်းတာဟု ဒိတ်ကထင်မှတ်ကာ ချက်ချင်း သူ့ကို ကန့်လန့်တိုက်တော့၏။

"မချက်ဘူး … ရှင်ဘာသာ အပြင်ကဝယ်စား"

"ဒါဖြင့် … မင်းက ဘယ်လိုစားမှာလဲ … "

"အို … ကျွန်မလည်း မာမီ့အိမ်သွားစားမယ်"

"အဟွန်း … ပြောတာလွယ်လို့ … အန်တီတင်က မင်း အဲဒီလို လုပ်တာကို … လက်ခံမယ် ထင်လို့လားဗျ"

အင်း ဟုတ်သားပဲ။

မာမီက သူမကို အိမ်ထောင်ရှင်မကောင်း ဖြစ်သဖို့ ဆုံးမခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ သည်လိုမျိုး ခွင့်ပြုလိမ့်မည် မဟုတ်။ သူမ ချက်နှာလေး စိတ်ရှုပ်ကာ ဖွဲ့သွားရ၏။

"ဒါဆိုလည်း ... ချိုင့်ဆွဲစားမယ် ..."

"ဒီမှာ အပိုတွေပြောမနေနဲ့ ... အိမ်ရှိလျက်နဲ့ ကိုယ်လည်း အပြင်မှာ မစားဘူး ... မင်းလည်း ချိုင့်ဆွဲ စားစရာမလိုဘူး ... မင်းဘွဲ့ရအောင်တော့င် ပညာသင် ခဲ့တာပဲ ... ချက်တတ် ပြုတ်တတ်လည်း သင်ရင်တတ်ရမှာ ပေါ့ ... မြဒါလီ ..."

"ကျွန်မက မလုပ်ဘူးဆိုရင်ကော ..."

သူ မေးတွန့်သည်။

"ရတယ်လေ ... အကျိုးအကြောင်း အန်တီတင်ကို ပြောလိုက်ရုံပဲ ..."

"ဘာလဲ ... ရှင်က ကျွန်မကို မာမီနဲ့ ခြောက်တာ လား ..."

"ဒီလိုထင်ရင် မှားတာပေါ့ ... ကိုယ် သင်ပေးလို့ မရရင် ... မင်းမာမီကို ခေါ်ပြီး ... ချက်ပြုတ်နည်း သင် နိုင်းရမှာပဲ ... မိန်းမယူပြီး ... အပြင်မှာ ကိုယ်စားရင် ဘယ်လောက် သိက္ခာကျမလဲ ..."

သူ့ဘက်က ဒီလောက် အခွင့်အရေးတောင်းဆိုတာ မလွန်





ပေ။ နေ့ရာတကာ သူမ ဆန္ဒမလိုက်လျောနိုင်တာ သူ့ကို အပြစ်တင် ၍ မရ။ လက်ထပ်ပြီး ဘယ်ယောက်ျားမှ ဒီလို အခန်းခွဲအိပ်လိမ့်မည် မဟုတ်။

ထို့ကြောင့် သူ့ဘက်မှ ဒီလောက်တောင်းဆိုတာ ခွင့်ပြုဖို့ သူမ ကြိုးစားရသည်။

"ကောင်းပြီလေ ... ရှင်က ကျွန်မဆန္ဒကို လိုက် လျောထားတော့ ... ကျွန်မကလည်း ရှင့်တောင်းဆို ချက်ကို လက်ခံရမှာပေါ့ ..."

"ဒါဆို ... အိုကေ ... ဈေးသွားစို့ မြဒါလီ"

သူသည် အစစအရာရာ စေ့စပ်သေချာသူတစ်ဦးဆိုတာ သူနှင့်အတူ ဈေးလိုက်ဖူးမှ သိတော့၏။

"မာမီ ဈေးသွားရင် ... ကိုယ် နောက်က ခြင်းဆွဲပြီး လိုက်ပေးနေကြလေ ... ဒါကြောင့် ... ဘာတွေဝယ်ရ မယ်ဆိုတာ ... သိနေတာပေါ့ ..."

သူကိုယ်တိုင် ဈေးခြင်းကြီးဆွဲကာ သုံးလေးရက်စာ လောက်ရှိသည့် အသားငါးနှင့် အသီးအရွက်၊ ဒယ်သီးအနှံတွေ ဝယ်၏။ ကြက်သွန်မြိတ်၊ နံ၊ ရှောက်သီး၊ ဂျင်းကအစ ပါသည်။

သူ ဘေးမှ လိုက်ကာ သူဝယ်တာတွေ ကြည့်ပြီး သူမက ခေါင်းမူးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မပြီးသေးဘူးလား ..."

သူမ စိတ်မရှည်ဟန်ဖြင့် မေးတော့ သူလှည့်ကြည့်၏။ မျက်နှာနုနုလေးမှာ ချွေးပျံချင်နေပြီ။

"ဘာလဲ ... စိတ်ရှုပ်နေပြီလား ..."

"အင်း ..."

"အဟွန်း ... မင်းရောက်ဖူးတဲ့ ဈေးမျိုးကတော့ ဝိုလ်ချုပ်ဈေးလို နေရာပဲ ဖြစ်လိမ့်မယ်ထင်တယ် ... မြဒါလီ"

"သေချာတာပေါ့ ... ကျွန်မ ဒီလိုဈေးတွေ တစ်ခါမှ မလိုက်ဖူးဘူး ..."

တကယ်ပဲ သူမ မသိ။ ကိုယ်စားချင်သောဟင်းကို ပြောလိုက်ရုံနှင့် စားပွဲပေါ် အသင့်ရောက်တတ်သည့် မဟုတ်လား။

"ဩော် ... ဩော် ... ဒါဆို အခုသေချာကြည့်ထား ... နောက် ... ဒါတွေ ခင်ဗျားပဲ ဝယ်ရမှာ ..."

"ဟင် ... "

သူက ခြေလှမ်းကျဲကြီးများဖြင့် ဝယ်စရာရှိတာ ဆက်ဝယ်နေ၏။ မိန်းမကြီး၊ ငယ်၊ လတ်တွေ ဈေးလိုက်နေတာကို ကြည့်ပြီး ဒါတွေအားလုံး အိမ်ထောင်ရှင်မတွေပါလားဟု သူမတွေးမိ၏။

သူတို့ကတော့ ပေါ့ပါးလန်းဆန်းသော မျက်နှာတွေနှင့်





တချို့က သူတို့ခင်ပွန်းတွေနှင့် ရယ်မောကာ ဈေးလိုက်လို့။

တချို့က သားသမီးတွေပင် ပါသေးသည်။

မြဒါလီ ...

ညည်းလည်း သူတို့လို အိမ်ရှင်မတစ်ယောက် ဖြစ်နေပြီပဲ။

နောက်ဆို သူမ ဈေးလိုက်ရမယ်ဆိုတာ သူ တကယ်ပြောနေတာပဲ။

"ဟိတ် ... လာလေ"

ခပ်လှမ်းလှမ်းရောက်မှ ရပ်ကျန်ခဲ့သော သူမကို လှမ်းခေါ်သည်။ သူမ လျှောက်သွားလိုက်၏။

"ဘာတွေ အထူးအဆန်းတွေလို့ ကြည့်နေတာလဲ ဗျ ..."

"အို ... ဟိုမှာ ... သူတို့ကိုပေါ့ ..."

ဈေးဝယ်နေကြသော အမျိုးသမီးတွေကို မေးဆတ်ပြတော့ သူ ပြုံး၏။

"အဲဒါ ခင်ဗျားလို အိမ်ရှင်မတွေလေ ... အားမကျဘူးလား ..."

"ဟင် ..."

"သူတို့က ... သူတို့ယောက်ျား ... သူတို့သားသမီး မိသားစုအတွက် ... ကြိုက်မယ့် ဟင်းလျာတွေဝယ်ပြီး ..."



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုတ်ကျွေးမွေးဖို့လေ ... ခင်ဗျားကော ကျုပ်ကို မချက်ကျွေးချင်ဘူးလား မြဒါလီ ..."

ထိုအပြောကြောင့် သူမ ရင်ထဲဖျတ်ခနဲ ခုန်သွားပေမယ့် အို အဲ့ဒီအမျိုးသမီးတွေအားလုံး သူတို့ချစ်တဲ့လူရထားတာပဲ။

သူမလို မချစ်မနှစ်သက်ဘဲ ယူတဲ့လူမျိုးကို ချက်ကျွေးမည် မထင်။

"ဒါက ... သူတို့ချစ်တဲ့သူတွေအတွက် ..."

"ဪ ... ဒါဆို ခင်ဗျားက ကျုပ်ကို ..."

"ဟုတ်တယ်လေ ... ရှင်နဲ့ ကျွန်မက တစ်ယောက်ကို တစ်ယောက်ချစ်လို့ ယူတာမှ မဟုတ်ဘဲ ... လူကြီးတွေ ပေးစားလို့ လက်ထပ်ဖြစ်ခဲ့ကြတာ မဟုတ်လား"

ထိုအခါ သူက သူမကို စေ့စေ့ကြည့်၏။

"မင်းဘက်က ဒီလိုပဲ ခံယူထားတာလား မြဒါလီ ..."

"အို ... ကျွန်မပြောတာ အမှန်ပဲ မဟုတ်လား ..."

သူ ဘာမှ မပြောဘဲလှည့်ထွက်သွားလေသည်။ သူမက တော့ သူမပြောတာတွေ မမှားဟု ခံယူလိုက်၏။

◆❀◆





"ဘယ်လိုလဲ ... ကျုပ် လက်ရာတွေ စားလို့ကောင်းရဲ့လား မြဒါလီ ..."

နေ့ခင်း ထမင်းဝိုင်းမှာ သူ့လက်ရာတွေ အစုံအလင်၊ သူက တော့ ချီးကျူးစရာ ယောက်ျားပါ။ စီးပွားရေးမှာတင် မဟုတ်၊ အချက် အပြုတ်မှာလည်း ကျွမ်းကျင်သူ။

မုန့်တုပ်ဆီပြန်၊ ကြက်သည်း ကြက်မြစ်နှင့် အစိမ်းကြော်၊ ဂျူးမြစ်ချဉ်ရေဟင်း၊ သုံးမျိုးစပ် ငါးပိရည်ဖျော်နှင့် တို့စရာအစုံအလင်၊

ဈေးမှ ပြန်ရောက်တာနှင့် အဖြူရောင်ခွံကျယ်လက်ဖြက် နှင့် ပုဆိုးကို တိုတိုဝတ်ကာ ချက်ပြုတ်လေတော့၏။

သူ လုပ်သမျှ သူမက ဘေးမှ ထိုင်ကြည့်သူ။ အနည်းဆုံး ဟင်းရွက်လေး ခြွေပေးဖို့ဝင် စိတ်မကူး။ သူ့ လက်သည်းလှလှလေး တွေပျက်မှာ ကြောက်လို့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အားလုံး ကျက်ပြီ ... မမလေး ရေသွားချိုး တော့ ... ကျွန်တော် ထမင်းပွဲပြင်ထားလိုက်မယ် ..."

"ဟင် ... ရှင်ကကော ..."

"ကိုယ်က ရေချိုးတာမြန်ပါတယ်၊ ခင်များက ကြာတယ် မဟုတ်လား ..."

သူမ ရေချိုးပြီး၊ သနပ်ခါးရေကျဲလေး လူးလိုက်၏။ အိမ်ငှားရင်း ရှင်မတောင်သနပ်ခါးတုံး အစစ်လေး လူးရမှ စိတ်က နေလို့ရသည်။

ထို့နောက် ပန်းရောင်ပေါ်မှာ နီညိုပွင့်တွေပါသော ဂါဝန်ရှည်ရှည်လေးဝတ်ပြီး ပြန်ရောက်လာတော့ သူလည်း ရေချိုးပြီးကာ ထမင်းပွဲလည်း အသင့်ပင်။

ထမင်းက ပေါင်းအိုးနှင့် ချက်တာမို့ လွယ်သည်။ ထမင်းပွဲမှာ သူမ ဝင်ထိုင်တော့ အုပ်ဆောင်းကို ယူကာ သူမပန်းကန်ထဲ ထမင်း ထည့်ပေးရင်း မေးခြင်းပါ။

"အင်း ... ရှင့်ဒီလောက် ချက်ပြုတ်တတ်လိမ့်မယ်လို့ ကျွန်မ တကယ်မထင်ဘူး ..."

ရင်ထဲက အမှန်စကားကို ပြောခြင်းပါ။ သူပြုံးကာ ...

"ဒါပေါ့ ... မေမေနဲ့ သားအမိနှစ်ယောက်တည်း နေခဲ့ တာဆိုတော့ ... မေမေ့ကို ကူလုပ်ပေးရင်း





ဒါတွေတတ်တာ ... အင်း ... တရွာသိုလ်ရောက်တော့ လည်း ကိုယ့်ဘာသာချက်စားရတာလေ ..."

ပြောရင်း သူမပန်းကန်ထဲ ပုစွန်တုပ်ကြီး တစ်ကောင် ခပ် ထည့်ပေး၏။

"သူငယ်ချင်းတွေ မြင်ရင် ... ကိုယ့်ကိုတော့ ရယ်ကြမှာပဲ ..."

"ဘာဖြစ်လို့လဲ ..."

"ကြော် ... မိန်းမယူပြီး ... ခင်များကို ခုလိုပြန်ပြုစု နေရလို့လေ ..."

သူမ မျက်နှာလေး တည်သွားသည်။

"ကျွန်မ ရှင့်ကို မခိုင်းပါဘူးနော် ..."

"အမှန်း ... ဟုတ်ပါတယ်ဗျာ ... ကျွန်တော်က စေတနာနဲ့ လုပ်ပေးချင်နေတာပါ ... ကဲ ... စားလိုတာ ရှိလည်းပြော ..."

သူမ မပြုံးမိစေရန် သတိထားပြီး ထမင်းငုံစားလိုက်၏။ တကယ်ပဲ ဟင်းချက်ကောင်းသူပါလား။

"ဘာလိုသေးလဲဗျ ..."

"ဟင့်အင်း ... ဘာမှ မလိုဘူး ... ရှင့်လက်ရာ တော်တော် ကောင်းတာပဲနော် ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြောကြောင့် သူပြုံး၏။

"ခင်ဗျား မြောက်တော့ ... ကျွန်မက နေ့တိုင်း ချက်ကျွေးရမယ့်ပုံပါလား ..."

"အို ... ကျွန်မက မြောက်တာ မဟုတ်ဘူး ... တကယ်ပြောတာ ... နောက်နေ့ ကျွန်မလက်ရာတွေ ရှင် စားရဝံ့ ဒီလိုကောင်းမှာမဟုတ်ဘူး ..."

ထိုစကားကြောင့် သူ စိတ်ပျက်မည်လားမှတ်ပါသည်။

"ရပါတယ်ဗျာ ... ခင်ဗျား ချက်ကျွေးသမျှ စားရမှာပဲ ... ခင်ဗျားက အိမ်ရှင်မ ဖြစ်လာပြီပဲ ..."

သူပြောလိုက်တိုင်း အိမ်ရှင်မဆိုတဲ့ စကား မပါလျှင်မပြီး။ ထိုသို့အပြောခံရတာကိုပဲ သူမရင်ထဲ မကြိုက်သလိုလို။

သို့သော် ဒါဟာ အမှန်တရားမဟုတ်လား။

ထမင်းစားပြီး ပန်းကန်တွေ သိမ်းတာ သူမ လုပ်၏။ သူ ပန်းကန်ပါ ဆေးပေးတော့ ပြုံး၏။

"ဘာပြုံးတာလဲ ..."

"ဩော် ... ခင်ဗျား လိမ္မာလို့လေ ..."

သူမ မျက်နှာင်းထိုးကာ ...

"ဟင်း ... မလှောင်ပါနဲ့ ... ရှင်က ချက်ပြုတ်ထား တော့ ... မောနေပြီ မဟုတ်လား ... ဒီတော့ ...





ပန်းကန်တွေ ကျွန်မ သိမ်းရမှာပေါ့ ..."

"မလှောင်ပါဘူးဗျာ ... ချီးကျူးတာပါ ..."

ပန်းကန်တွေ သိမ်းပြီး ပန်းသီးကို အခွံနွှာ၏

"အား ..."

"ဟင် ... ဘာဖြစ်တာလဲ ..."

ဖျတ်ခနဲ သူအနားရောက်လာကာ စိုးရိမ်စွာ မေးသည်။

"ဟင် ... လက်ဓားရှသွားတာပဲ ... ပြစမ်း"

ဓားထိသွားသော သူမ လက်လေးကို သူဖျတ်ခနဲ ဆွဲယူသည်။ ထို့နောက် သူမ ထိုးဝမမျှော်လင့်သော အပြုအမူကို လုပ်လေ၏။ အဲဒါကတော့ သူမလက်ညှိုးလေးကို သူပါးစပ်ထဲ ထည့်ခြင်းပင်။

"အို ..."

ထိုအပြုအမူဟာ သူမရင်ကို ဘယ်လောက် ငိုသွားစေသ်ဆိုတာ သူသိရဲ့လား။ အနီးကပ်မြင်နေရသော သူ့ မျက်နှာချော ကို သူမ မကြည့်မိအောင် သတိထားကာ မျက်လွှာချမိ၏။

"ဒီလောက်ဆို ရပြီ ..."

သူ့ နှုတ်ခမ်းထဲမှ သူမလက်လေးကို ဆွဲနှုတ် ယူလိုက်၏။ သော် သူက သူမလက်လေးအား ရုတ်တရက် လွှတ်မပေးဘဲ မျက်နှာလေးကို ခပ်ငေးငေး ကြည့်လာသည်။



www.burmeseclassic.com

"ဒါလေ ..."

ရိုဝေယံစ်မှုးသော အသံ သူမမျက်တောင်ကော့များ ပ

ကြည့်တော့ သူမျက်ဝန်းများနှင့် ဆုံ၏။

ထိုစဉ် အိမ်ရှေ့မှာ ကားရပ်သံကြောင့် ကြည့်လိုက်တော

"ဟော ... မေမေတို့"

ကားပေါ်မှ ဆင်းလာသော မိခင်နှစ်ယောက်ကို တွေ့

လိုက်ရသောကြောင့် သူတို့ ခပ်သွက်သွက် ပြေးကြိုသည်။

"မနက်ဖြန် ဖြန်တော့မှာဆိုတော့ ... ဝယ်စရာရှိတာ

လေးတွေ မြို့ထဲသွားဝယ်ပြီး ... အပြန်ဝင်လာတာ ...

သားနဲ့သမီးကော နေ့လယ်စာ စားပြီးပြီလား ..."

"ဟုတ်ကဲ့ ... ခုပဲ ပြီးပါတယ် မာမီ"

အမေနှစ်ယောက်က သူမတို့ကို ပြုံးကြည့်သည်။

"တယ်ဟုတ်ပါလား ... ဘယ်သူချက်တာလဲ"

"ဟို ..."

"အဟွန်း ... ဒီနေ့တော့ ... ကျွန်တော်ချက်တယ်

မေမေ ... ဒါလီကို တတ်အောင်သင်ပေးနေတာလေ"

"အင်း ... အင်း ... သမီးလက်က စာဖြစ်တာလဲ"

နာကျင်နေသော လက်ညှိုးလေးကို သူမဆုပ်ထားတာ

သတိပြုမိကာ မေးလာ၏။





"ဟို ... ဓား ... ဓားရှလို့"

"ကြည့် ... မီဒါလီတို့ကတော့လုပ်ပြီ ... နည်းနည်း

လေးမှ မနိုင်ရဲအောင်ဘဲ ..."

မာမီက မျက်နှာမကြည်ဟန်ဖြင့် ပြောလာသည်။ သက်

မောင်ကြီး ဟင်းချက်တယ်ဆိုကတည်းက မာမီ မျက်နှာမသာယာ

တော့ပေ။

တကယ်တော့ ကိုယ့်သမီး အသုံးမကျသည့်အတွက်

ဒေါ်တင်မမှာ ဒေါ်မကြီးတို့ အားနာခြင်းပါ။

"အို ... တစ်ခါတစ်ရံ ဒီလိုပဲ ဖြစ်တတ်ပါတယ်

တင်တင်ရဲ့ ... နောက်ဆို ... သားက အလုပ်သွားမှာဆို

တော့ ... သမီးတစ်ယောက်တည်း ချက်ပြုတ်ရမှာ မဟုတ်

ပန်းအောင် ကောင်မလေးတစ်ယောက် ရှာပေးလိုက်ပါ

တင်တင် ..."

"ဟုတ်ကဲ့ မမ ... အိမ်က ကောင်မလေးပဲ လွှတ်

ပေးလိုက်ပါ့မယ် ..."

"ဒါဆို ... အကြောင်းသိဆိုတော့ ကောင်းတာပေါ့

တင်တင် ... သမီးနဲ့လည်း အဆင်ပြေသွားတာပေါ့ ..."

လူကြီးတွေ စီစဉ်သမျှ သူမတို့တစ်ယောက်မျက်နှာတစ်

ယောက်ကြည့်ကာ ဘာမှ ဝင်မပြော။

www.burmeseclassic.com



"မေမေတို့ကော ထမင်းစားသွားပါလား ... ဟင်း
တွေ အများကြီးပဲ ... "

သူမ ငေါလာကွတ်လုပ်တော့ သူပြုံးသည်။

"မစားတော့ပါဘူး ... မိတ်ဆွေတစ်ယောက်နဲ့တွေ့
လို့ ... ဟိုတယ်မှာ အတင်းထမင်းလိုက်ကျွေးတာ
စားခဲ့တယ် သမီး ... "

"အို ... ဒါဆို သမီးဖျော်ရည်ယူခဲ့မယ်နော် ... "

ပြောပြီး သူမသွက်လက်စွာဝင် ရေခဲသေတ္တာမှ
အသင့်ရှိသော ဖျော်ရည်ဘူးများကို စတီးလင်ပန်းလေးနှင့်
၏။

ထို့နောက် ဖွင့်ကာ ဖန်ခွက်များထဲ ထည့်ပေးသည်။

"သောက်ပါဦး မေမေ ... မာမီ သောက်ပါဦး"

လိမ္မာဟန်ပြနေသော သူမကြောင့် မာမီမသိမသာ
တောင်းထိုး၏။ ဒေါ်မမကြီးကတော့ သဘောကျဖို့။

"သမီးလေးက လိမ္မာပါတယ် တင်တင့်ရယ် ... ငယ်
သေးတော့ တချို့နေရာတွေ သူ့ ကလေးဆန်ချင်တာပါ

"အဟင်း ... ဟင်း ... သူ့ရှေ့ သိပ်ချီးကျူးမနေနဲ့
မမရေ ... တော်ကြာ ထိပ်ပေါ်တက်နေဦးမယ် ... "

"အင်း ... မာမီကလည်း ... သမီးများ လူဆိုးကြ





နေတာပဲ ... "

မျက်နှာလေး မဲ့မဲ့ဖြင့် ပြောမာန်ကြောင့် အားလုံး ပြုံးသည်။

"ညည်းအကြောင်း ငါအသိဆုံးပါ မိဒါလ ရယ် ... အခု
လည်း မောင်သက်ကို ဘယ်လောက် ငံ လိ ကျနေလဲ
မသိ ... "

"ကြည့် ... မာမီက သမီးကိုဆို အကောင်းမထင်ဘူး
သူ့မေးကြည့်ပါလား ... သမီးဆိုးသလား ... "

မြဒါလီအပြောကြောင့် သက်မောင်ကြီးမှာ ဖြေလိုက်ချင်ပါ
၏။

"သိပ်ကိုဆိုးပါတယ် ခင်ဗျာ ... ဘယ်လောက်ဆိုးလဲ
ဆိုရင် ... ကျွန်တော်တို့နှစ်ယောက်ပိုင် ခန်းကို သူ
တစ်ယောက်တည်း အပိုင်စီးထားပါတယ် ... "

သို့သော် ဟကယ်တမ်းမှာ သူရင်ထဲက စကားတွေမျိုသိပ်
၍ ပြုံးပြုံးကြီး လုပ်နေလိုက်ရတော့၏။

◆❦◆

www.burmeseclassic.com



သည်မနက် ... ဒေါ်မမကြီးကို လေဆိပ်လိုက်ပို့ကြ
ဒေါ်တင်မမကလည်း အလည်လိုက်သွားတာမို့ သူမတို့ လင်မယ
သာ ကျန်ခဲ့၏။

"သားနဲ့သမီးလည်း အားတဲ့အခါ အလည်လာကြ
ပေါ့ကွယ် ..."

"ဟုတ်ကဲ့ပါ မေမေ ..."

"အေး ... အေး ... မှာချင်တာကတော့ ... သားတို့
သမီးတို့ လိမ်လိမ်မာမာ နေရှိပဲ ..."

"စိတ်ချပါ မေမေ ... မေမေသာ ကျန်းမာရေး
ဂရုစိုက်ပါ၊ ကျွန်တော်တို့လည်း မကြာခဏလာပါ့မယ်"

"ဟုတ်ပါတယ် ... မေမေ"

ဒေါ်တင်မမကတော့ သမီးဖြစ်သူကို 'ငါပြန်လာ





ဘာသိမှ မကြာပါရစေနဲ့'ဟု ကြိတ်ကာ မှာကြားခဲ့၏။ မိုင်နှစ်
ယောက်လိုက်ပါသွားသော လေယာဉ်ထွက်သွားမှ သူတို့ပြန်ခဲ့ကြ
သည်။

အပြန်လမ်းမှာ သူ တိတ်ဆိတ်နေတာကို ကြည့်ပြီး ...

"မျက်နှာကလည်း မကောင်းပါလား ... မေမေပြန်
လို့ စိတ်မကောင်းဖြစ်နေတာလား ..."

"အင်း ... တစ်ယောက်တည်း ကျန်ခဲ့လို့ပဲ ..."

"တစ်ယောက်တည်း မဟုတ်ပါဘူးဗျာ နှစ်ယောက်
ပါ ... ကဲ ... အခု ဘယ်သွားချင်လဲ ..."

ယခုလိုမျိုး အချိန်မှာ သူအနားမှာရှိနေခြင်းကပဲ သူမအဖို့
တော်သေးတယ်ဟု ပြောရမည်။

"အိမ်ပဲ ပြန်မယ်လေ ..."

"အင်း ..."

သူ ကားကို အိမ်သို့ မောင်းခဲ့သည်။ အိမ်ရောက်တာနှင့်
သူမ အခန်းထဲ ဝင်ခဲ့၏။

လှပသော အခန်းကျယ်ကြီးထဲမှာ သူမတစ်ယောက်
တည်း။ သူမ ရင်ထဲတစ်စုံတစ်ရာ လိုအပ်နေသလိုလို။

"ခေါက် ... ခေါက်"

"ဘယ်သူလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပါ … ထမင်းစားကြစို့လေ … အပြင်တစ်နေရာ ခဲ့ပြီ မြဲပါလိမ့် …"

"အင်း …"

သူမ လုံနေရာမှ ထကာ ဆံပင်ကို သေသပ်အောင် ပြုလုပ် လိုက်၏။ အဝတ်အစားများကို ဆွဲဆန့်ကာ အခန်းပြင်ဘက် ထွက် သည်။

ထမင်းပွဲကို သူက အသင့်ပြင်ပေးထား၏။ သည်ရက်ပိုင်း မှာ သူပဲ ထမင်းဟင်းချက်၏။

"ကိုယ် အလုပ်မဝင်ခင်တော့ ဒါလိုအနားယူပေါ့"

တဲ့ … ။ သူ့ခုကလည်း ရှုတ်အတင်း ဝင်ရောက်လုပ်ကိုင် မကြိုးစား။ သူလုပ်သမျှ ဒီအတိုင်းကြည့်နေလိုက်တာများသည်။

"ဒီနေ့တော့ … ဟင်းက ကြက်သားကြော် …
ကြက်သွားရိုးချဉ်ကြော် … ကြက်အသည်းအမြစ်နဲ့
အစိမ်းကြော် … ကြက်ခေါင်း ကြက်ခြေထောက်
တင်းချို … ကြက်ချဉ်စပ် …"

"အဟင်း … ဟင်း တော်ပါတော့ရှင် … ကြက်ထဲက
ကို မထွက်တော့ဘူး … ရှင့် ဟင်းတွေက …"

သူမရယ်ကာ ပြောတော့ သူရှက်ပြုံး ပြုံး၏။

"အေးကွာ … ကျွန်တော့်ဟင်းတွေလည်း ကိုယ်မစီစဉ်





တတ်ဘူး … ခင်ဗျားလေးကလည်း ဘာကြိုက်တတ်မှန်း မသိဘူးဆိုတော့ …"

"ကျွန်မက အမဲသား … ဝက်သား မကြိုက်ဘူး အကုန် စားပါတယ် … အထူးသဖြင့် ငါးဟင်း ကြိုက်တယ်"

"ဟာ … ကိုယ်ကလည်း ငါးလုံးဝမကြိုက်ဘူးကွ ခက်တာပဲ …"

"ဘာဖြစ် ခက်မနေနဲ့ … အခု ရှိတာနဲ့ပဲ စားပါမယ်"

ယောက်ျားကြီး တန်မယ့် သူ့ချက်ကျွေးနေရတာကိုပဲ တကယ်ဆို သူမအားနာပါ၏။

"မနက်ဖြန်ဆို ကိုယ့်အလုပ်စဆင်းတော့မယ် … မြဲပါလိမ့် …"

"အင်း …"

သူ အလုပ်ဆင်းမယ်ဆိုတော့ သူမ ဂစ်ယောက်တည်း၊ ချက်ပြုတ်တဲ့ တာဝန်ကိုလည်း သူမယူရတော့မည်။

"ညနေကြရင် … ပွဲစုံကို သွားမယ် မဟုတ် လား …"

သူမေးတော့ သူမခေါင်းညိတ်လိုက်၏။

ညနေကြတော့ ပွဲစုံကို သွားသည်။ ပွဲစုံမက သူမ နှင့် လိုက်နေရမည်ဆို၍ ပျော်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမ ... မရှိတော့ ပျင်းနေတာပဲ ..."

ဟု ပြောသေးသည်။ ဒေါ်ကြီးမြကတော့ ပုစွန်ကို ကောင်းကောင်းနေ့ရှိ မှာ၏။

"ကလေးက အိမ်ထောင်ကျပြီးမှ ဝိုလှလာတယ်..."

ဒေါ်ကြီးမြ ပြုံးကြည့်ကာ ပြောတော့ သူမပါးလေးနီသွားသည်။

"ဟင် ... ဒေါ်ကြီးမြကလည်း ..."

"တကယ်ပြောတာ ... အင်း ... မမလည်း ဒါလီ မရှိတော့ ... အိမ်မှာ တစ်ယောက်တည်း ပျင်းတယ်ထင်ပါရဲ့ ... မျှလေးလိုက်သွားတော့ ..."

"ဟုတ်လို့လား ဒေါ်ကြီးမြရယ် ... မာမီက ဒါလီမရှိတော့ နားပူသက်သာနေမှာပါ ..."

"အို ... ဘယ်လိုပြောလိုက်တာလဲ ဒါလီ ... တကယ်တော့ ဒါလီက မမအသည်းနှလုံးပဲ ... နေတိုင်း ဒါလီ့ အိပ်ခန်းထဲ သူကိုယ်တိုင်ဝင်ရှင်းတော ..."

ယခုမှ သူမအိပ်ခန်းလေးကို သတိထားကြည့်တော့ သူမရှိစဉ်ကအတိုင်း ဖုန်မရှက် ရှင်းသန့်နေ၏။

"ဒါပေမယ့် ... ဒါလို့ကို မာမီကိုယ်တိုင် အိမ်ထောင် ပြုစေချင်တာ မဟုတ်လား ..."





"ဪ ... ဒါကတော့ ... ဒါလီကောင်းစားဖို့ပါ ကွယ် ... စုဆို မမရွေးတာ ဘယ်လောက်မှန်လဲ ... မောင်သက်က ဒါလီအပေါ် သိပ်ကောင်းတယ် မဟုတ်လား ..."

သူမ ဘာမှမပြောဘဲ တိတ်တိတ်နေလိုက်၏။ အစက တည့်ကြပေမယ့် ယခုတော့ သူဘက်က မဆိုးတာကြောင့် အလိုက်သင့်နေရသည်။

"ပြောပါဦး ... မောင်သက်က ဒါလီကို ဟင်းတွေ ချက်ကျွေးတယ်ဆို ..."

"ဒါကတော့ ... ဒါလီမှ မချက်တတ်ဘဲကိုး ... ဒေါ်ကြီးမြရဲ့ ..."

"အင်း ... ဘာပဲဖြစ်ဖြစ် မောင်သက်လို လူမျိုးမို့ တော်သေးတယ် ... ဆိုးလို့ရှုတိုင်း ကိုယ်က သိပ်မဆိုးနဲ့ ပေါ့ ဒါလီရယ် ... ကိုယ်က အိမ်ရှင်မဆိုတာ သတိရပါ ကလေးရယ် ..."

လာပြန်ပြီ အိမ်ရှင်မတဲ့။

အင်း အိမ်ရှင်မတစ်ယောက်ရဲ့ တာဝန်က ဘယ်လောက်များ ကြီးမားပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းကိုက်မြဲလား တစ်ယောက်တည်း မပျင်းဘူးလား ..."

"မပျင်းအားပါဘူးတော် ... တစ်နေ့ ... တစ်နေ့ အိမ်အလုပ်တွေနဲ့ မအားပါဘူး ... မမသာ ပျင်းနေတာ ဒီတော့ ... ဒါလီတာဝန်က မမအတွက် မြေးလေးတစ်ယောက် အမြန်ဆုံး မွေးပေးလိုက် ..."

"အို ... ခေါင်းကိုက်မြဲ မကောင်းဘူး ..."

သူမ မျက်နှာနီနီဖြင့် ခေါင်းကိုက်မြဲနားမှ ထွက်ခဲ့တော့၏။ အပြန်လမ်းမှာ သူမမျက်နှာကို စေ့စေ့မကြည့်ရဲပေ။

"ခြံထဲက ပန်းပင်တွေအတွက် ... တစ်ပတ်တစ်ခါ မာလီခေါ်ပေးရမယ် ဒါလီ ..."

ကားမောင်းရင်း သူမဘက်လှည့်ကာ သူ စကားပြောသည်။ သူမ မျက်နှာလေးက ခပ်နီနီ။

"ဟင် ... မျက်နှာလေးနီလို့ပါလား ... နေမကောင်းဘူးလား ဒါလီ ..."

ခေါင်းကိုက်မြဲ စကားကြောင့် အရှက်မွှန်ကာ သူမမျက်နှာလေး နီတာ မပျောက်သေးတာ။ သူမမေးတော့ ခေါင်းအမြန်ခါယမ်းဖြလိုက်၏။

"အို ... မဟုတ်ပါဘူး ..."





"ဟုတ်ပါတယ် ... ဒါလီ မျက်နှာလေးသိသိသာသာ နီနေတာ ... ဆေးခန်းဝင်မလားဟင် ..."

အရေးထဲ သူက လာဂရုစိုက်နေတာကြောင့် အခက်တွေ့၏။

"ရပါတယ် ကျွန်မဘာမှမဖြစ်ပါဘူး ..."

"အေးလေ ... ဒါဆို ပြီးတာပဲ ... ကိုယ်က စိတ်ပူလို့ပါ ... တော်ကြာ မာမီပြန်လာလို့ သူ့သမီး ညှိုးနေရင် ကိုယ့်ကို အပြစ်တင်ခံရမယ် မဟုတ်လား ..."

တကယ်တော့ သူက ရင်ထဲမှ စိုးရိမ်ပူပန်ခြင်းကို ကာ ကွယ်လိုက်တာပါ။ သူမ မျက်နှာလေး ဆတ်ခနဲ တည်သွားသည်။

"ဘာလဲ ... ရှင် ကျွန်မကို ဂရုစိုက်တာ မာမီကြောင့်ပေါ့ ဟုတ်လား ..."

"အဲဒီလို မဟုတ်ပေမယ့် ကိုယ်က ..."

"အို ... ခုတော့ ရှင့်စေတနာကို သိပါပြီ ... ဒီမှာ ကျွန်မကို တာဝန်အရဆိုပြီး ... ရှင် ဘာမှ ဂရုစိုက်စရာ မလိုဘူး သိလား ..."

"ဟောဗျာ ..."

အိမ်ရောက်နေပြီမို့ သူမကားပေါ်မှ ဆိုးဆိုးဆတ်ဆတ် ဆင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါလီ … မြဲဒါလီ"

သူခေါ်ပေမယ့် သူမ တစ်ချက်လှည့်မကြည့်တော့ပေ။ သူ ခေါင်းကုတ်ကျန်ရစ်ခဲ့သည်။

ဟင်း စိတ်ကလည်း အကောက်မြန်လိုက်တာ။

ပုစွန်ကို မီးဖိုဘေးက အခန်းမှာ နေရာချပေးထားလိုက်၏။ ညနေစာ စားဖို့ သူသွားခေါ်တော့ …

"မစားဘူး …"

ဆိုတာကြောင့် သူ စိတ်ညစ်သွားရသည်။ စက်တာပဲ သူ့ ရင်ထဲက ပြောချင်တာ တစ်မျိုး။ သူ ပွင့်ပွင့်လင်းလင်းပြောလျှင် သူမ စိတ်ဆိုးလေမည်လားဟု တွေးကာ ရှိုသိပ်နေရတာပါ။

ညဘက်ရောက်တဲ့အထိ သူမ အခန်းထဲက မထွက်ပေ။ သူ မြို့ထဲတစ်ယောက်တည်း ဆင်းလာရင်း လမင်းကို ငေးကြည့်မိ၏။

ပြောလိုက်စမ်းပါ လွမင်းကြီးရယ် ဒီကောင်က မြဲဒါလီကို သိပ်ချစ်နေပါတယ်လို့ … ။

◆❦◆

ဖိုးမိုး – တခပ



"ဟင် … "

သည့်နေ့ အိပ်ရာထ နောက်ကျ သူက ထမင်းစားခန်းထဲ ဝင်လိုက်တာနှင့် မနက်စာအသင့်ဖြစ်နေတာကြောင့် အံ့ဩသွားရ၏။ ညက စိတ်ထဲအတွေးလွန်ကာ ညဉ့်နက်မှ အိပ်ရာဝင်ခဲ့သည်။ ထို့အတွက် မနက် အိပ်ရာထနောက်ကျခြင်း။

အသက်ဆယ့်သုံးနှစ်သာ ရှိသေးသော ပုစွန်က သူ့ကို မြင်တာနှင့် သွားကျဲလေးများ ပေါ်အောင်ရယ်ပြကာ …

"ဦးဦးအတွက် မနက်စာ အသင့်ဖြစ်ပါပြီရှင် … "

"နေပါဦး … ဒါတွေ ညည်းလုပ်တာလား … "

သူ့အတွက် ထမင်းကြော်ကို အသီးအရွက်အနည်းငယ်ဖြင့် ခတ်အုပ်ချောင်း ကြက်ဥတို့ဖြင့် ကြော်ပေးထား၏။ ပြီးတော့ မွှေးပျံ့သော ကော်ဖီက အဆင်သင့်။

ဖိုးမိုး – တခပ

www.burmeseclassic.com

www.burmeseclassic.com

သူမေးတော့ ပုစ္ဆုးမ ခေါင်းခါယမ်းပြသည်။

"မဟုတ်ပါဘူး ဦးဦး … အဲဒါတွေအားလုံး မမ လုပ်တာ … ပုစ္ဆုးက မမကို ကူလုပ်ပေးတာပါ …"

"မင်း မမကော …"

"အခန်းထဲမှာ …"

"ဪ …"

ထင်သားပဲ။ ဒီလောက်ကောင်းမွန်တဲ့ လက်ရာမျိုး ပုစ္ဆုးလို ကလေးမ ဘယ်လိုလုပ်တတ်မှာလဲ။ သူ့အတွက် တာဝန်ကျေကျေ မြဒါလီ လုပ်ပေးထားတာပါလား။ ဒီလိုတွေးတော့ ရင်ထဲ ဖျတ်ခနဲ ကြည်နူးသွားရ၏။

"သူကော မနက်စာ စားပြီးပြီလား …"

မြဒါလီအတွက် ပူပန်စွာ မေးမိသည်။ ပုစ္ဆုးရယ်ကာ …

"ဟုတ်ကဲ့ …"

ဟု ခေါင်းညိတ်၏။ သူ အိပ်ရာက နောက်ကျသွားတဲ့အတွက် သူမက ခါတိုင်းလို မုန့်ဟင်းခါး မဝယ်ပေးမိ၊ ဘာတွေ စားသွားပါလိမ့်။"

သူမ ကြော်ပေးသော ထမင်းဖူဖူလေးက သူ့အတွက် နတ်သုဓါလို ကော်ဖီကအစ အရသာရှိနေ၏။





"မမကော … မေးခိုင်းတယ် … ဘာဟင်းလေးမှာလဲ တဲ့ …"

စားသောက်ပြီးချိန်မှာ ပုစ္ဆုးမေးလာသည်

"ဪ … သူ ကြိုက်တာချက်ပါလို့ …"

"ဟုတ်ကဲ့ …"

သူ သက်ပြင်းချကာ အခန်းထဲ ပြန်ဝင်ခဲ့သည်။ အလုပ်သွားအဝတ်အစားလဲကာ ပြန်ထွက်လာတဲ့အထိ သူမ အရိပ်အယောင်မမြင်ရ။ သည်တစ်မနက်လုံး သူမ မျက်နှာလေးကို မတွေ့ရသေးသမို့ သူစိတ်ထဲဟာတာတာ၊ အလုပ်သွားရမှာပင် စိတ်ကမဖြောင့်။

ခက်ပါလား။ သရက်မောင်ကြီး မင်း မြဒါလီကို တကယ်ချစ်တာပဲ။

"အဟမ်း …"

သူချောင်းဟန့်သံ ပေးရင်း သူမအခန်းရှေ့ရပ်၏။

"ခေါက် … ခေါက် … မြဒါလီ"

မထူးတာမို့ သူမအခန်းတံခါးကို ခေါက်လိုက်၏။

"ဘာလဲ …"

အင်း ထူးပုံက ခပ်မာမာ။ ကောင်မလေးကိုယ့်ယောကျ်ားကို ထူးပုံများ ဟင်း။ အသည်းယားလှပေမယ့် လူက ထွက်မလာဘူးအခက်။


www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ရုံးသွားတော့မယ် ..."

"အင်း ..."

အလိုက်တသိ တံခါးမလေး ဖွင့်လာမလားအောက်မေ

ပါတယ် နည်းနည်းလေးမှ အခန်းထဲက မရွေ့ချောမလှုပ်။

နောက်ဆုံးတော့ သူပဲ လက်လျှော့ကာ ထွက်ခဲ့ရသည

"နှင့် ဦးဦးသွားပြီလား ပုစုး ..."

"ဟုတ်ကဲ့ ..."

သူကားသံ ထွက်သွားမှ သူမ အခန်းထဲက ထွက်လာ

မှတ်ထား သူမကို တာဝန်အရ ဂရုစိုက်တယ်လို့ ပြောဦး။

ညကတည်းက သူ့ကို စိတ်ကောက်ပစ်တာ၊ မနက်မ

တထပြီး လုပ်စရာရှိတာ လုပ်ပေးပြီး အခန်းထဲ ပြန်ဝင်နေလိုက်

သူ့လို တာဝန်ကျေပြလိုက်တာလေ။

သို့သော် သူ့ မျက်နှာခါတိုင်းလို မတွေ့ရတော့ သူမစိတ်

တစ်ခုခု လိုအပ်နေသလိုလို။

အို သွားစမ်းပါ။

သူမ စိတ်တွေ ဘာကြောင့် နုနေရမှာလဲ။

"နှင့် ဦးဦးက ... ဘာ ဟင်းစားမယ် မှာခဲ့လဲ"

နေ့လယ်စာအတွက် သူကြိုက်တဲ့ဟင်းကို ချက်မေး

တာ ဘာကြောင့်ပါလိမ့်။





"ဦးဦးက မကြိုက်တာချက်ပါတဲ့ ..."

"ဩော် ..."

ခက်တာက သူမအကြိုက်ထက် သူ့ကြိုက်ကို ချက်ပေး

ချင်နေတာ။ သူ့ဘာကြိုက်တတ်မှန်းလည်း ကိုယ်မသိ။

ထိုစဉ် ဖုန်းသံမြည်လာ၏။ ကံကောင်း ချင်တော့ မန္တလေး

က မေမေတို့ ဖုန်းဆက်ခြင်းပင်။

"မေမေတို့ ချောချောမောမောပဲ ရောက်တယ် ...

သမီးတို့ စိတ်ပူမှာစိုးလို့ ..."

"ဟုတ်ကဲ့ မေမေ ... သမီးလည်း မေမေတို့ဆီ ခုမှ

ဖုန်းဆက်မလို့ ..."

"အေး ... အေး ... သမီးတို့ အစစအရာရာ အဆင်

ပြေတယ် မဟုတ်လား ... သားကော ..."

"ဟုတ်ကဲ့ ... အဆင်ပြေပါတယ် မေမေ ... မေမေ့

သားတော့ အလုပ်သွားပြီ ..."

"ဟုတ်လား ... ဒါဆို သမီးတစ်ယောက်တည်းပေါ့"

"ပုစုးခေါ်ထားပါတယ် ... ဒါနဲ့ မေမေ ..."

"ပြော ... သမီး"

သူမက မေးရကောင်းမလားဟု အနည်းငယ်စဉ်းစားပြီးမှ

အို မထူးပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... မေမေ ... သူ ... သူက ဘာဟင်းတွေ ကြိုက်လဲဟင် ..."

"ဩော် ... ဒါလား ... အဟင်း ... ဟင်း"

တစ်ဖက်မှ ဒေါ်မမကြီး ရယ်သံကြောင့် သူမအနည်းငယ် ရှက်သွား၏။

"သမီး ... ခုလို ကိုလှဲဆောက်ပွားအပေါ် ဂရုစိုက်တာ မေမေဝမ်းသာဝါတယ်ကွယ် ... သားက ဝက်သား ဟင်း သိပ်ကြိုက်တာ ... ပြီးတော့ ဆိတ်ကလီဆာဟင်း ... ဘာတို့ပေါ့ ... ဟင်းရည်သောက်ကတော့ မှုပုပဲ ကြိုက်တယ် သမီးရဲ့ ..."

"ဟုတ်ကဲ့ မေမေ ..."

ဒေါ်မမကြီးနှင့် စကားပြောပြီး မာမီဒေါ်တင်မမနဲ့ စက... အနည်းငယ်ပြော၏။ အမေနှစ်ယောက်နှင့် ပြောပြီး သူမ ဖုန်း... လိုက်၏။

ဟင်း ... သူကြိုက်တဲ့ ဟင်းက သူမ မစားတဲ့ဟင်း... မတတ်နိုင်ပါဘူးလေ။ ကိုယ်က အိမ်ရှင်မပဲ။ သူ့အကြိုက် ဦးစားပေ... မှာပေါ့။

"ပုစူးရေ ..."

"ရှင် မမ"





"ငါ ဈေးသွားဦးမယ် ... အိမ်ကို သေချာ(စ)ည့်ထား နော် ..."

"ဟုတ်ကဲ့ ..."

"ဩော် ... ဟင်းချက်ဖို့လည်း အဆင်သင့်(လု)ပ်ထား"

"ဟုတ်ကဲ့ ..."

ပုစူးက ဒေါ်ကြီးမြလက်ထွက်မို့ ဟင်းချ(က်)လျှင် ဘာတွေ (ပြင်)ဆင်ထားရမယ်ဆိုတာ နားလည်ပြီးသား။ သူမ (ရေမိုး)ချိုးပြီး ဈေး (ထွ)က်ခဲ့၏။ ယခုမှ တကယ်ကို အိမ်ရှင်မဘဝ (ရော)က်တာပါပဲ၊

(ဈေး)... ကစ်စရာအပြင် ဘုရားပန်းတွေ (ဝ)ယ်လာခဲ့သည်။ ...မီက ဘုရားပန်းဘယ်တော့မှ မညှိုးစေနဲ့တဲ့။

သူမ ပြန်ရောက်တာနှင့် ပုစူးမက ကြက်(သွ)န်နီ၊ ကြက်သွန် (ဖြူ)ကို ရေစင်ရေသီးနှင့် ထောင်းထား၏။

ဟင်း အစပ်ကို ပုစူးမအား မေးပြီး သူမက(ိုယ်)တိုင် ပြင်ပေး (လိုက်)သည်။ တကယ်တော့ သူမ မလုပ်ချင်၍သာ (ေ)ျချောင် ...ခင် ...ပါ။ မာမီတို့ ဒေါ်ကြီးမြတို့ ချက်ပြုတ်တဲ့အခါ ဝ(င)်ဝါတစ်ရံ သူမ ...နားမှာ ထိုင်ကြည့်နေတတ်တာမို့ ဟင်းအစပ်အ(ဆ)... သိ(၏)။

ဟင်းချက်ပြီးတာနှင့် ဘုရားပန်းတွေလဲ(ပြီး)ည်။ မနက်ခင်း (စာ)ဖြမ်းတိုက်၊ အိမ်ရှင်းအလုပ်ကို ပုစူးမ လုပ်၏။

သူမ ရေချိုးပြီးချိန်မှာ ဆယ့်တစ်နာရီခွဲပြ(ီ)၊



www.burmeseclassic.com

www.burmeseclassic.com



ကားသံကြောင့် သူမ အခန်းထဲလှစ်ခနဲဝင်ခဲ့၏။

"နှင့်ဦးဦးကို ထမင်းပြင်ပေးလိုက် ပူစူးမ ..."

"ဟုတ်ကဲ့ ..."

တစ်နေ့လုံး အလုပ်လုပ်နေတဲ့ မမလေးက ဦးဦးကို
တာနှင့် အဲ့ကြောင့် အခန်းထဲဝင်သွားတာလဲ။ ပူစူးမနားမလ

"ဦးဦး ပြန်လာပြီ ..."

"နှင့် မမကော ..."

"ဟို ... အခန်းထဲမှာ"

"ဟင် ..."

မနက်ကတည်းက သူမ ခုချိန်ထိ အခန်းထဲက မထ
တာလားဟု စိတ်ပူသွား၏။

"သူ တစ်မနက်လုံး အခန်းထဲမှာလား ..."

"မဟုတ်ဘူး ... ဦးဦးအတွက် ဈေးသွားပြီး ... ဟင်း
ချက်ပေးတယ် ..."

"ဟုတ်လား ..."

ထိုစကားကြောင့် သူမျက်နှာကြီး ပြုံးသွားကာ ကျေ
သွား၏။ သည်လိုဆိုတော့ သူမ သူ့ကို ဂရုစိုက်သားပဲ။

"ဘာဟင်းချက်တာလဲ ..."

"ဝက်သား ..."





"ဟင် ..."

ဒါ သူ့အကြိုက်ဟင်းပဲ။ ဒါကို သူမ ဘယ်လိုသိပါလိမ့်။ ပြီး
တော့ ဝက်သားဟင်းကို သူမ မကြိုက်တဲ့။

ကြည့်စမ်း တမင်သူ့အတွက် ချက်ပေးတာပါလား။ သူမ
စေတနာကို သိရတော့ ရင်ထဲလှုပ်ခနဲ။

ကိုယ့်အပေါ် စေတနာကို ရှိလျက်နဲ့ မြဒါလီရယ် ... ။

◆❀◆



www.burmeseclassic.com

www.burmeseclassic.com



ညသည် တိတ်ဆိတ်နေ၏။ လရောင်ဖျော့ဖျော့က ခြံထဲတွင် ပက်ဖျန်းကျနေသည်။ ခုနှစ်လက်၊ ခုနှစ်ရိုပ်တို့က လေထဲမှာ ယိမ်းနွဲ့လျက် ညမွှေးပန်းရနံ့က လေနှင့်အတူ သယ်ဆောင်လာ၏။

ပြတင်းပေါက်မှ မြင်နေရသော ရှုခင်းက လွမ်းမောဖွယ်ရာ ပန်းချီကားတစ်ချပ်နှယ်။ သူ့ရင်ထဲ ဘယ်သူ့ကို လွမ်းနေပါလိမ့်။ စိတ်ကောက်နေသော မြဒါလီကို သူဘယ်လို ချော့ရမှန်း မသိ။

ဟင်း၊ သူ သက်ပြင်းတစ်ချက် ရှိုက်ရင်း ပြတင်းပေါက်မှ ခွာလိုက်သည်။ အိမ်မရတဲ့အတူတူ ခြံထဲဆင်းကာ လမင်းကိုငေးမျှော်ကြည့်ရင်း တိုင်တည်တာ ကောင်း၏။

ညမွှေးပန်းရုံနားက ခုံတန်းဖြူလေးဆီ သူလျှောက်လာတော့ ...

"ဟင် ..."





ခုံတန်းဖြူလေးမှာ သူ့ထက်အရင်ရောက်နေသူတစ်ဦး။ ဆံပင်လေးများ ကျဲပြန့်လျက် ကျောက်ရုပ်လေးလို ငြိမ်သက်စွာ ထိုင်နေသူက သူဘယ်လိုမှ မထင်မှတ်ထားသော မြဒါလီ။

သူမလည်း သူ့လို အိပ်မပျော်ဘူးလား၊

တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေသူလေးကို လရောင်အောက်မှာ သူရပ်ကာ ငေးကြည့်နေမိ၏။

"အို ..."

ဖျတ်ခနဲလှည့်ကြည့်လာသော သူမက သူ့ကိုတွေ့တော့ မျက်လုံးလေးဝိုင်းကာ အံ့သြသွားဟန်။

သူတစ်ချက်ပြုံးပြီး သူမနားလျှောက်ခဲ့၏။

"အိပ်မပျော်ဘူးလား မြဒါလီ ..."

"ရှင်ကော ..."

"အဟွန်း ... ကိုယ်လည်း အိပ်မပျော်တာနဲ့ ဆင်းလာတာ ... မြဒါလီ ရှိနေမှန်း ကိုယ်မသိဘူး ... ကိုယ်ရောက်လာလို့ မြဒါလီ အနှောင့်အယှက်မဖြစ်ပါဘူးနော်"

လရောင်အောက်မှ ဝင်းပကြည်လင်သော သူမမျက်နှာလေးကို ငေးစိုက်ကာ သူမေးလိုက်၏။ သူမက ခေါင်းခါယမ်းကာ

"ဟင့်အင်း ... ရှင်လည်း ကျွန်မရှိနေလို့ အနှောင့်အယှက် မဖြစ်ပါဘူးနော် ..."



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း … မဖြစ်ပါဘူးဗျာ … ကိုယ်က မမျှော်လင့်ဘဲ မြဒါလီကို တွေ့ရတော့ … အံ့ဩဝမ်းသာသွားတာပါဗျာ … "

"ဘာကြောင့် … "

မျက်ဝန်းလေးထောင့်ကပ်ကာ မေးပုံက အသည်းယားချင်စဖွယ်။ သူပြုံးလိုက်ရင်း …

"မြဒါလီက … ကိုယ့်ကိုရှောင်နေတာ မဟုတ်လား"

သူမ မျက်လွှာချသွားသည်။

"ထင်လို့ပါ … "

"အဟွန်း … ထားပါတော့လေ … နေ့လယ်က ကိုယ့်အတွက် ဟင်းချက်ပေးတာ ကျေးဇူးပဲဝိဝိ … "

မျက်တောင်တော့များပင့်ကာ ကြည့်လာသည်။ ခေါင်းလေး အသာခါယမ်း၏။

"မလိုပါဘူး … ဒါ ကျွန်မဝတ္တရားပဲ … "

"ဝတ္တရား ဟုတ်လား … "

သူမေးတော့ သူမ ခတ်ငေးငေးကြည့်သည်။

"အင်းလေ … ကျွန်မတို့နှစ်ယောက်ကြားမှာ ဝတ္တရားဆိုတာအပြင် ဘာရှိသေးလို့လဲ … "

သူ တိတ်စိတ်စွာ သူမကို ကြည့်လိုက်၏။ ထို့နောက်





တိုးညှင်းပေမယ့် တိကျပြတ်သားသော လေသံဖြင့် သူမကို တစ်လုံးချင်း ပြောလိုက်သည်။

"ကိုယ်ကတော့ … အဲဒီလို မထင်ဘူး … နှဆို ကိုယ်တို့နှစ်ယောက် ဇနီးမောင်နှံ … ဒီတော့ ဝတ္တရား ထက်ပိုတဲ့ သံယောဇဉ်ဆိုတာ ရှိဖို့လိုအပ်ပြီ ထင်တယ် … "

"ရှင်ဘာကို ဆိုလိုတာလဲ … "

လရောင်အောက်မှာ သူမ မျက်ဝန်းတွေက တောက်နေသလား။ ထိုမျက်ဝန်းလေးတွေကို သူ စူးစူးစိုက်စိုက်ကြည့်လိုက်၏။

"ကိုယ် မင်းကိုချစ်နေပြီ မြဒါလီ … "

"အို … "

အဖြစ်ကတော့ သူများကြားလျှင် ရယ်ချင်စရာ၊ ကိုယ့်ဇနီးကို လက်ထပ်ပြီးမှ ရည်စားစကားပြောရတဲ့ အဖြစ်၊ မထင်မှတ်ဘဲ သူ့ဆီက ဒီစကားကြားတော့ သူမ အံ့ဩမင်သက်သွား၏။

သူက သူမကို ချစ်သတဲ့လား။

တောက်ပသော သူ့အကြည့်တွေ မြင်မှ မျက်နှာလေး နွေးလာကာ ခေါင်းလေးမသိမသာ ငုံ့သွားရ၏။

"ဒါလီ … "

သူ တိုးသဲ့သဲ့ ခေါ်ရင်း သူမလက်ဖျားလေးကို အသာဆုပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ... "

သူမ လက်လေးကို မသိမသာ ရုန်းပေမယ့် သူမရွတ်တော့။

"ကိုယ် ... ဒါလီကို ချစ်တယ်ဆိုတာ ... ခုမှ မဟုတ်ပါဘူး ... ဒါလီ ဓာတ်ပုံလေးကို မြင်ဖူးကတည်းကပါ ..."

"ဟင် ... "

သူမ နားမလည်သလို မျက်လုံးဝိုင်းများဖြင့် ကြည့်သည်။

"ဟုတ်တယ် ဒါလီ မွေးနေ့လေးကို အနှစ်တင်လာတော့ ... ဒါလီ ဓာတ်ပုံလေးပါလာတယ်လေ ... မျှော်လင့်ဘဲ ဒါလီဓာတ်ပုံလေးတွေ့ပြီး ... ကိုယ်က ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခဲ့တာ မဟုတ်လို့ မေမေ [illegible] အံ့ဩသွားတယ် ... ဒါလီနဲ့ကျမှ ကိုယ်ချစ်တတ်သွားတာပါ ... "

တစ်လုံးချင်း ရှင်းပြနေသော သူ့စကားတွေက အေးစက်သယောင်ထင်ရသော သူမနှလုံးသားတွေကို တဖြည်းဖြည်း နွေးထွေးလာစေ၏။

စိတ်ထဲမှာ မကျေနပ်စိတ် တချို့ကလည်း ဖြစ်ပေါ်လာသည်။

"ချစ်တယ် ဟုတ်လား ... ကျွန်မကို ချစ်တယ်ဆိုပြီး





တွေ့တွေ့ချင်း ရန်ဖြစ်အောင်လုပ်တာလည်း ... ရှင်ပဲမဟုတ်လား ... "

"အဟွန်း ... ဒါလီက စရန်ထောင်တာ ါဗျာ ... "

"အို ... ရှင်ကလည်း သည်းခံခဲ့လို့လား ... "

"ဒါတော့ ... ဒါလီကို ချစ်လို့ ... "

"ဘာ ... "

"ဟုတ်တယ်လေ ... ဒါလီ ရန်ထောင်ပုံလေးက ချစ်စရာ ... အသည်းယားစရာဆိုတော့ ကိုယ်က စချင်မိတာကိုး ... "

"ဟင်း ... စတာမဟုတ်ပါဘူး ... တကယ်ရန်ဖြစ်အောင်လုပ်တာပါ ... "

ယခုမှ မကျေနပ်သလို နှုတ်ခမ်းလေး ဇုကာ သူမပြောတော့ သူရယ်လို့သာနေ၏။ သူမလက်လေးကိုလည်း ပို၍ တင်းတင်းဆုပ်ကိုင်မိသည်။

"ကဲ ... ကဲ ... အဲဒီအတွက် ကျေအောင်ကိုယ် ဘယ်လို တောင်းပန်ရမလဲ ပြော ... "

"မရှိပါဘူး ... တောင်းပန်တိုင်း စိတ်ပြေရမှာလား ... "

"ဟောဗျာ ... ဒါဆို ခက်တာပဲ ... တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒါလီ သတိထားမိရင် ... ကိုယ် ဒါလီ့ကို ဂရုစိုက်တာတွေ သိမှာပါဗျာ ...

ကိုယ့်တိုင်ဟင်းချက်ကျွေးတာတွေ ထမင်းပွဲရှေ့အရောက် ဖြစ်စေတာတွေကို သူရည်ညွှန်း၏။

"အို ... အဲဒါတွေက တာဝန်အရ ဂရုစိုက်တာပါဆို"

သည်ကောင်မလေးသိလျက်နှင့် မသိချင်ယောင်ဆောင်ကာ မေးနေတာမဲ့။

"ဒီမှာဗျ ... မိန်းမတစ်ယောက်ကို ဘယ်ယောက်ျားကမှ မချစ်ဘဲနဲ့ ထမင်းပွဲရှေ့ရောက် ချက်ကျွေးမနေဘူး။ တာဝန်ဆိုတာ အလကားပြောတာဗျ ... သိပြီလား"

"အင်း ... မသိဘူး ..."

ကြည် ပြောပုံက ဘယ်လောက် အသည်းယားစရာကောင်းသလဲ။ ဒီတော့ ဒီလောက်ချစ်စရာကောင်းတဲ့ အပြုအမူကို သူ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့၊ ထိန်းချုပ်ရတာများပြီလေ။

"ကဲ ... မသိတဲ့ ကောင်မလေးလာခဲ့ ..."

"အို ..."

ရုတ်ခနဲ သူမကိုယ်လေး ကိုယ့်ရင်ခွင်ထဲ တင်းကြပ်စွာ ပွေ့ယူကာ မျက်နှာလှလှလေးအား တစ်ရှိုက်မက်မက်နမ်းရှိုက်ပစ်တော့၏။





"ချစ်တယ် ဒါလီရယ် ... သိပ်ချစ်တာပဲဗျာ ..."

ရင်ထဲကလည်း တကယ်ချစ်တာ ကိုယ်ကလည်း ပိုင်ဆိုင်ပြီးပြီဆိုသော အသိကြောင့် ပန်းတစ်ပွင့်၏ ပွင့်ချပ်ပျော့လို နူးညံ့အိထိသော သူမနှုတ်ခမ်းလေးတွေကို အချိန်ကြာမြင့်စွာ တီတဲ့စေသည်။

ကြည့်စမ်း ...

သည်လူတစ်ယောက်ဟာ ကြည့်တော့ ရိုးဝမလိုနဲ့ ယခုတော့ သူမတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာ။ ထူးဆန်းတာက သူ့နမ်းများကြားမှာ သူမ ရုန်းကန်ဖို့ သတိမရ။

"ဒါလီ ..."

"ဟင် ..."

"မောင့်ကို ချစ်လား ..."

အရောင်တောက်ပနေသော သူမမျက်ဝန်းလေးတွေကို စိုက်ကြည့်ကာ သူမေးသည်။

သူမ ပြုံးကာ အသာခေါင်းခါယမ်းတော့ ၁ မျက်နှာပျက်

"ဟင် ... မောင့်ကို မချစ်ဘူးဟုတ်လား ..."

"အင်း ..."

"ဒါဆို ခုနက မောင်နမ်းတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို လူဆိုးမို့လို့ မုန်းတာ ..."

"ဟာကွာ ..."

ထို့နောက် ရုတ်ခနဲ သူမ ထပြေးလေ၏။ သို့သော် သူက လျင်တယ်လေ။ သူမကိုယ်လေးကို ဖျတ်ခနဲ ဆွဲယူသည်။

"ဟိတ် ..."

"အို ... အမေ့"

သူမတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ကျရောက်သွားချိန်မှာ စောစောက မြင်နေရသော လမင်းကို တိမ်တို့ဖုံးကွယ်ကာ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွားရတော့၏။

◆❖◆





နည့်သော အနမ်းများကြောင့် မျက်ဝန်းများ ဖွင့်လာသူက ...လီ

"ဟင် ..."

သူမ ကြည့်လိုက်တော့ တောက်ပနည့်သော မျက်ဝန်းများ ... အုပ်မိုးကာ ငုံ့စိုက်ကြည့်နေပါသော သက်မောင်ကြီးဆိုတဲ့သူ။

"အဟွန်း ... ချစ်လေး ကိုယ့်ကြောင့်နိုးသွားပြီလား"

"အို ..."

ယခုမှ သူမတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ရောက်ကာ ...ကက်ထပ် အနမ်းတွေ ဖုံးလွှမ်းလာတာကြောင့် သမကိုယ်လေး ...ခနဲ ဖြစ်သွားသည်။ သူ့အနမ်းတွေက မွှန်းမွှန်းကြပ်ကြပ်။

ပတ်ဝန်းကျင်ကြည့်တော့ လင်းရောင်ပင် မမြင်ရသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



သူမအသားတွေ ဒီလောက်နုညံ့နေတာ ယခုမှ သူသိတော့၏။ သူ…
တော့လည်း နမ်းရှိုက်၍မဝ ချစ်၍မဝ။

"အင် … ဖယ်ပါ"

ကျယ်ပြန့်သော သူ့ရင်ခွင်ကြီးထဲမှာ သူမ တစ်ကိုယ်…
နစ်မြုပ်ဝင်လို့ အသက်ရှူပင် မဝချင်တော့။

"ချစ်လေး … မောင့်ကို ချစ်လား …"

မျက်တောင်ကော့လေးများကို နှုတ်ခမ်းဖြင့် ဖွဖွရှိုက်နမ်း…
တာ သူပြုံး၍ မေး၏။

"သွား … ခုမှ လာမမေးနဲ့ …"

သူ့ရင်ဘတ်ကြီးကို တွန်းဖယ်ကာ သူမပြောသည်။သို့သော်…
သူက နုထွေးသော သူမကိုယ်လေးကို သူမ လုံးဝမလွှတ်။

"ဟောဗျာ … ဒါကို စောစောက မေးတော့လည်း
ခင်ဗျားလေးပဲ မပြောပါလား …"

"မချစ်ပါဘူးဆို …"

အသံလေးက ရှိုက်နေ၏။ သူပါးစပ်ပိတ်ပြီးရင်း သူမ မျက်…
နှာလေးကို ခပ်စိုက်စိုက်ကြည့်ပစ်လိုက်၏။

"တကယ်လား …"

"အင်း …"

"အေး … ဒါဆို မချစ်တဲ့ကောင်မလေးပေါ့ဗျ"





"အို …"

ရုတ်တရက် သူမမျက်ဝန်းလေးတွေ မှေးမှိတ်သွားရသည်။
…ကာ ခွန်အားသန်မာသလောက်၊ သူ့အချစ်တွေကလည်း ကြမ်းပါ…
…ကွယ်။ နောက်ဆုံး လက်မြှောက်အရှုံးပေးရတာက သူမ …

"မောင် လွှတ်ကွာ …"

"ဗျာ …"

သူမ နှုတ်ဖျားက ပထမဆုံး 'မောင်'ခေါ်သံကြောင့် သူ့…
…ထဲ ချိုခနဲ စိမ့်ခနဲ။

"စောစောက ဘယ်လိုခေါ်လိုက်တယ် …"

"ကြည့် မောင်နော် …"

မျက်စောင်းပြင်းပြင်းလေးကြောင့် သူနှစ်ခြိုက်စွာ ရယ်၏။

"အပွှန်း … ဟွန်း … ချစ်လေးရဲ့ ခေါ်သံက မောင့်
နားထဲချိုစိမ့်သွားလွန်းလို့ပါဗျာ …"

သည်ကောင်မလေး ကြောက်လန့်ကာ 'မောင်'ဟုခေါ်…
…ာ သူ မသိဘဲနေမလား။ ဖြူဝင်းနုမွတ်နေသော လက်မောင်း…
…အားလေးများကို သူလက်ဖြင့် အသာပွတ်သပ်မိ၏။

"သိပ်ကဲတာပဲ …"

"ချစ်တာကိုးဗျ …"

"အစက တောသားလိုလိုနဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ ... တောသားလည်း ချစ်တတ်တာပဲ

ဗျ ..."

"ဒီက မြို့သူရှင့် ..."

သူမ စပ်ဆတ်ဆတ်လေး ပြောတော့ သူပစ္စုံးတွန့်သ[...]

"ဒီတော့ ..."

သူ မြုံး၍ စ၏။

"ဟင်း ... တောသားဝီဝီ သိပ်ကြမ်းတာပဲ"

"ဗျာ ... အပွန်း ... ပွန်း"

မျက်နှာနီနီလေးဖြင့် ရန်ထောင်နေသော သူမကို[...]

ကာ သူရယ်ပါလေတော့၏။

"ဆောရီးဗျာ ... မောင်က သိပ်ချစ်သွားတာကို"

သည်တစ်ခါတော့ သူရင်ခွင်ကျယ်ကြီးထဲမှ သူမကို[...]

လေးကို ညင်သာစွာ ထွေးဖက်ထား၏။ အပေါ်ပိုင်းဗလာ[...]

သန်မာကျစ်လစ်သော သူကိုယ်ခန္ဓာက ကျစ်မာရေးလိုက်စာ[...]

အပြည့်ဟာန်။

"ဒါလီ ..."

"ဟင် ..."

"ဒီနေ့မှ မောင်တို့နှစ်ယောက်ရဲ့ မင်္ဂလာဦးနေ့အစစ်

နော် ..."





သူမ ရှက်ပြုံးလေးဖြင့် ခေါင်းညိတ်သည်၊ သူမ မုန်းမိတ္တ[...]

ဒီလူကို ဘယ်လိုကြောင့် ချစ်မိသွားတာပါလိမ့်။

"မောင်တော့ ... သိပ်ပျော်တာပဲဗျာ ... တစ်အိမ်

တည်းနေပြီး ... ဒါလီနဲ့ ခွဲနေရတာ ဘယ်လောက်လွမ်း

ရတယ်မှတ်လဲ ..."

ဖြူနုသော လည်တိုင်လေးကို ငုံ့ရှိုက်နမ်းကာ သူပြော

သည်။

"ဒါလီလည်း လွမ်းတာပဲ ..."

"ဘယ်သူ့ကိုလဲ ... ရောဘတ်ကိုလား ..."

"ကြည့် ... မောင် ဘာပြောတာလဲသွား ..."

ကလေးဆန်သော သူမစိတ်ဆိုးတာ သူရင်ခွင်မှ ရုန်းထွက်

[...]၏။

"ဟောဗျာ ... မောင်စတာကိုကွာ ..."

"ဒါ-စ,စရာလား ..."

"ဆောရီး ... ဆောရီး ... နောက်ကို မောင်မစတော့

ဘူး ... ဟုတ်လား ချစ်"

ယခုမှ ပြေလည်ကာစ မိန်းကလေးကို သူလုံးဝ စိတ်

[...]ကောက်မခံနိုင်ပါ။ သို့သော် မြဒါလီဆိုတာ ခပ်ဆိုးဆိုးကောင်မလေး

[...]ဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

"အို ... ခုမှ လာမတောင်းပန်နဲ့ ... ရှုကို မယုံရင် လာမချစ်နဲ့ ..."

သူမက ပြောပြီး သူ့ကို တွန်းဖယ်၍ အိပ်ရာမှထဖို့ ပြင်သည်။

"ဟာ ... ဒီလိုမလုပ်နဲ့လေ ... မောင် တောင်းပန်ပါတယ်ချစ်ရယ် ... ချစ်ကို မောင်သိပ်ယုံတာပေါ့ ... ယုံလွန်းလို့ ... နားရွက်လေးနှစ်ဖက်တောင် ထောင်နေတယ် ..."

"ကြည့် ... ပုံစံကိုက ..."

လက်ညှိုးနှစ်ချောင်းကို နားရွက်နား ထောင်ပြဟန်ကြောင့် သူမနှုတ်ခမ်းလေး အလိုလို ပြုံးသွားရ၏။ သူမ အပြုံးကမြင်မှ သူသက်ပြင်းချနိုင်တော့သည်။

"အမယ်လေး ... မိန်းမလေးတစ်ယောက် ယူမိပါတယ် ... ချော့ရတာ မလွယ်ပါလားဗျာ ..."

"ဟင် ... ဒါဆို ဘာလို့ လာချော့နေသေးလဲ ..."

"ဟော့ ... ဟော့ ... ဘွာတေး ... ခင်ဗျားလေးကို ပြောတာ မဟုတ်ပါဘူးနော် ... ကိုယ့်ဘာသာ ပြေနေတာပါ ..."

"အဟင်း ... ဟင်း ... မောင်ဟာလေး လူကြည့်





တော့ ခပ်တည်တည်နဲ့ ..."

"အဲဒီလို ကောင်တွေပေါ့ဗျ ... ချစ်မိရင် အရွှေးအမူးဆိုတာ ..."

သူမကိုယ်လေးအား တအားဖွေ့ဖက်ကာ သူပြောတော့ သူမရယ်၏။ သည်လို တစ်ယောက် ဒီလောက် ချစ်တတ်မှန်း သူမ လုံးဝ မသိခဲ့။

"မောင် ... ဖယ်တော့ကွာ ... အိပ်ရာထတော့မယ်"

"ဟင် ... ဘာလုပ်ဖို့လဲ ..."

"ဟောရှင် ... မိုးလင်းနေပြီ ... မောင်က အလုပ်သွားရဦးမှာ မဟုတ်လား ... မနက်စာ လုပ်ရဦးမယ်လေ ..."

"ချစ်လေး ... ပင်ပန်းပါတယ် ... မောင်တို့ ဒင်ဆမ်းသွားစားရအောင် ..."

ယနေ့မှ ပြေလည်သော သူတို့ဇနီးမောင်နှံအတွက် နံနက်ခင်းကို သာယာကြည်နူးစွာ ဖြတ်သန်းလို၏။

"မောင့်သဘော ..."

"မောင့်သဘောဆိုရင် ..."

"ဟိတ် မကဲနဲ့ ... မိုးလင်းနေပြီ ... ထတော့ကွာ"

သူမက ရွတ်အတင်း သူ့ကိုယ်ကြီးကိုဆွဲထူ၏။ တကယ်ပဲ


www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းနေပြီမို့ သူအိပ်ရာမှ ထလိုက်ရတော့သည်။

နှစ်ယောက်သား ရေချိုးပြီး ထွက်လာတော့ မိုးစင်စင်လင်းလို့။ စတော်ဘယ်ရီရောင် လက်ပြတ်ဂါဝန်ရှည်ရှည်လေးဖြင့် သူမက နှင်းဆီပန်းလေးတစ်ပွင့်လို လန်းဆန်းကာ လှနေ၏။

သူမကိုကြည့်ရတာ ... တက်ယ်ဆယ်ကျော်သက်လေးတစ်ယောက်လို နုဖတ်လန်းဆန်းနေသည်။

"မောင်တော့ ... ဒါလီနဲ့လိုက်အောင် အဝတ်အစား ပြောင်းမှထင်တယ် ..."

သူက ထုံးစံအတိုင်း အဖြူရောင်စတစ်ကော်လံ ရှပ်အင်္ကျီနှင့် ဗိုးတွဲလုံချည်ခရမ်းရင့်ရောင်။

"ဘာလို့ပြောင်းမှာလဲ ..."

"ဟောဗျာ ... ဒါလီ ကြည့်တော့ ... ချာတိတ်လေးလိုဆိုတော့ ... မောင်လည်း ဒါလီနဲ့လိုက်အောင် ပြောင်းရမှာပေါ့ ..."

"မပြောင်းရပါဘူးနော် ... မောင်နဲ့ ဒီပုံစံပဲလိုက်တယ် ..."

"တော်ဗျာ ... အစကတော့ ဒီလိုဝတ်တာ အဘိုးကြီးပုံစံဆို ..."

"အဟင်း ... ဟုတ်တယ်လေ ... မောင် အဘိုးကြီး





လို့ဝတ်မှ ကောင်မလေးတွေက မောင့်ကို မကြိုက်မှာ"

"ဟောဗျာ ..."

ကဲ ... ဘယ်လောက်ကလေးဆန်လိုက်တဲ့ မိန်းကလေးလဲ။ သူ့ကို ကောင်မလေးတွေ ဝိုင်းကြိုက်မှာပ်းလို့တဲ့။

"ဟား ... ဟား ..."

သူရယ်တော့ သူမမျက်ခုံးလေး တွန့်သွား၏။

"ဟင် ... မောင် ဘာရယ်တာလဲ ..."

"အဟွန်း ... ရယ်ရတာပေါ့ဗျာ ... ဘခြားကောင်မလေးတွေ ဝိုင်းကြိုက်မှာ စိုးနေသာသာ ... ကိုယ့်မိန်းမတောင် ခုမှ ချစ်ခွင့်ရတာ မဟုတ်လားဗျ ..."

"အို ... ဒါကတော့ ..."

"ဟုတ်တယ်လေ ... ကိုယ့်မိန်းမ ကြိုက်အောင်တောင် မနည်းလုပ်ယူခဲ့ရတာ ... မောင့်လိုလူ နောက်ထပ် ဘယ်ကောင်မလေးက ကြိုက်မှာလဲဗျ ..."

"အမယ် ပြောလို့ရမလား ... သူ့ကိုယ်သူ အလုပ်ထဲမှာ မိန်းမရှိတယ်လို့ကော ပြောထားရဲ့လား ..."

ယခုမှ သတိရနေသော သူမအဖြစ်ကို ပြုံးလို့သာနေမိ၏။

"မကြေညာမိပေါင်ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ကြည့်စမ်း … ဒါဆို အလုပ်ထဲမှာ လူမှို လုပ်နေတယ်ပေါ့ … "

"နေဦး … နေဦး … တစ်နေ့မှ ဒါလီ လိုက်လာပြီး ဟော့ဒီလူကြီးမှာ မိန်းမရှိတဲ့အကြောင်း ပြရဦးမယ်"

"ဟား … ဟား … ကြိုက်တာလုပ်ဗျာ … "

သည်လို သဝန်တိုတာ သူ့ကို ချစ်လို့ပဲ နားလည်လိုက်တာနဲ့အမျှ ရင်ထဲမှာ ကြည်နူးရတာ ဘာနဲ့မှမတူပေ။

◆❦◆





အဆင်မပြေတုန်းကတော့ တစ်ယောက်နှင့်တစ်ယောက် ကြည့်မရခဲ့ပေ။ ယခုလို အဆင်ပြေပြန်တော့လည်း တစ်ဦးနှင့်တစ်ဦး ချက်စိအောက်က အပျောက်မခံချင်ကြပေ။ ချစ်သော့လည်း သဝန်တို၏ စိတ်ကောက်ရနှင့်။ ချော့လိုက်ကြ၊ ချစ်လိုက်ကြဖြင့် ဘဝက ပျော်စရာကောင်းနေတော့၏။

"ဒါလီရေ … ဒါလီ … "

"ဟော … မောင် ပြန်လာပြီ … "

အလုပ်သွားသူကလည်း အိမ်ကို စော စောပြန်လာချင် သလို အိမ်မှာရှိနေတဲ့ သူမကလည်း သူပြန်လာချိန်ကို မျှော်တတ်ပြီ။

"ဘာတွေလုပ်နေတာလဲ ဒါလီရယ် … မောင့်မှာ အပြင်ကပြန်လာရင် ဒါလို့မျက်နှာကို မမြင်ရရင် ရင်ထဲ မောသွားတယ် … "



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ဒါလီကလည်း မောင်ပြန်လာရင် အသင့်စားဖို့ ... မောင့်အကြိုက်ဟင်းတွေ ကိုယ်တိုင် ချက်နေတာပါနော် ... "

"ဒါဆို ... မောင့်မိန်းမလေး ပင်ပန်းမှာပေါ့ ... "

"ပင်ပန်းပါစေ ... မောင့်အတွက်ပဲ ... "

"အမယ်လေးဗျာ ... ဒါကြောင့် ဟော့ဒီမိန်းမကို ချစ်ရတာဗျ ... "

ဖြူနုသော သူမပါးပြင်လေးများကို ဖွဖွဆွဲလိမ်ကာ သူ ပြုံးချိုပြောဆဲ၏။ သက်မောင်ကြီးအဖို့ကား ယခုမှ စိုပြေသာယာတော့။ အရင်လို အိမ်ပြန်လာရင် ခြောက်ကပ်ကပ် မဟုတ်တော့။ ချစ်တဲ့ ဒါလီက လှလှပပပြင်ဆင်ကာ အသင့်ကြိုဆိုတတ်သည်မဟုတ်လား။

"ကဲ ... မောင် ခဏနားပြီး ရေချိုး ... ဒါလီ ထမင်း ပွဲ အသင့်ပြင်ထားမယ် ... "

"ကောင်းပါပြီဗျာ ... "

သူ ရေချိုးနေချိန်မှာ သူမက ဟင်းချိုအိုးကို ပြန်နွေးပြီး ထမင်းပွဲအသင့်ပြင်လိုက်၏။

တကယ်တော့ သူမမှာလည်း တစ်နေကုန်မအား။ မနက်ဆိုဈေးသွား ချက်ပြုတ်၊ အိမ်ရှင်းနှင့် အကူ ပူစူးမကို ခေါ်ထားပေမယ့် ငယ်သေးတာမို့ သူမပဲ အစစအရာရာ ဦးဆောင်နေရ၏။





ဒါပေမယ့် ချစ်တဲ့မောင့်အတွက်ပဲလေ၊ သူမ မောတယ် ထင်ပါ။ ချစ်တဲ့သူကို ပြုစုချင်တော့ အချက်အပြုတ်တွေလည်း ကျွမ်းကျင်လာရ၏။ မာမီသာ သူမကို ဒီလိုမြင်ရင် ဘယ်လောက် အံ့ဩ...ကျူးမလဲ။

"ဟာ ... ဟင်းနံ့က မွှေးနေတာပါလား ... ဘာ ဟင်းတွေလဲ ... ဗိုက်တောင် ဆာလာပြီ ... "

ရေချိုးပြီးနောက် အပြာနုရောင် ရှပ်လက်တိုလေးကို အပြာကွက်ပုဆိုးဖြင့် တွဲဝတ်ကာ ရှင်းသန့်နေသော သူ့အသွင်က ဒါလီတို့တွေ့နှင့် တစ်မျိုးကြည့်ကောင်းနေ၏။

"ဟင်းတွေကလား ... အားလုံး မောင့်အကြိုက်ပဲ၊ ဆိတ်သားနှပ်၊ ငါးပေါင်း၊ သရက်ချဉ်ပိုးတီသုပ်၊ အရွက် စုံကြော်၊ ငါးပိရည်ဖျော်နဲ့ တို့စရာအစုံပဲ ... ဟင်းရည်က ငါးခေါင်းနဲ့ လုပ်ထားတာ မောင် ... "

"အင်း ... မောင့်မိန်းမလက်ရာကောင်းတွေ စားရ တာနဲ့ ... မောင်တော့ တစ်နေ့တခြား ဝိတ်တက်လာ ပြီ ... "

"ဒါပဲဗျာ ... ရုပ်ဆိုးရင် ဒါလီ တာဝန် ... "

"အမယ် ... မောင် ဘယ်တုန်းကများ ရုပ်ပျက်လို့လဲ"

"ဟောဗျာ ... ဒါဆို ရုပ်ချောတဲ့ ဒါလီ့ဘာကြောင့်

www.burmeseclassic.com



ချစ်တာလဲ ...”

“အမယ် ... မချစ်ပါဘူးနော် ...”

သူမ မျက်စောင်းလေးထိုးကာ ပြောတော့ သူ ပြုံးသည်။

“အေး ... အေး ... ဒါဆို နောက်ထပ် မောင့်ကို ချစ်မယ့်မိန်းမ အသစ်ရှာဦးမှပဲ ...”

“ဘာ ...”

မချစ်ပါဆိုသော် သူမက သဝန်တိုစွာ နေရာမှဆတ်ခနဲ အထ ...

“ဟော့ ... မောင်*စ,တာကို ...”

“ဟင် ... ကြည့်စမ်း ... ကြည့်စမ်း ... သူများ ခေါ်ပြီ ...”

ဘ...နးကတန်းဖြင့် လက်လှမ်းဆွဲရာ သူမအကျႌကိုပေဗွန်း သွားတော့၏။

“တော်ပြီ ... တော်ပြီ ...”

စိတ်ကောက်ကာ သူမ ထ,ထွက်လာခဲ့သည်။ ဒုက္ခပဲ ... ဟော့ဒီငွါပါးစပ်က ဘာကြောင့် ဒါလီ မကြိုက်တာကို စ,မိပါလိမ့်။

သက်မောင်ကြီး နောင်တရကာ စိတ်ကောက်သွားသော မြဒါလီနောက် လိုက်ခဲ့၏။

“ဒါလီ ဒီအကျႌလေး လဲလိုက်နော် ...”





ဗီရိုထဲမှ အပြာရောင်အကျႌလေးထုတ်ယူပြီး သူမကိုပေး သည်။

သူမက တစ်ချက်လှည့်မကြည့်ဘဲ ...

“အို ... မဝတ်ဘူး ... မဝတ်ဘူး ... အဝတ်အစား များ လျှော်ရတာလွယ်တယ်မှတ်နေလား ... ကျွန်မ ဘယ်လောက်ပင်ပန်းတယ်မှတ်နေလဲ ...”

အဝတ်လျှော်စက်နဲ့ဆိုပေမယ့် လည်ကုပ်တို့ ချိုင်းတို့ လက်ဖျားတို့ကို ဘရပ်ရှ်နှင့်တိုက်ပေးရသေး၏။

“ဒီအကျႌ ဒါလီ မလျှော်နဲ့ ... မောင် လျှော်ပေးမယ် နော် ... လဲလိုက်ပါ ဒါလီရယ် ...”

“မလဲပါဘူးဆို ...”

“ကျွတ် ... ဒါဆို ဒါလီ မကျေနပ်ရင် မောင့်အကျႌ ပြန်သုတ်နော် ...”

“ဟင် ... အဲဒီရှင့်အကျႌကိုလည်း ကျွန်မပဲ လျှော်ရ တာ မဟုတ်လား ...”

“အဟင်း ... ဟင်း ... ကျွန်မကို တမင်နှိပ်စက်နေ တာ ...”

သူမ ငိုချလိုက်တော့ သူ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါလီ မင်ပါနဲ့ကွာ ... နောက်ဆို အင်္ကျီလျှော်တာတွေ မောင် လုပ်ပါ့မယ် ..."

"အဲ့ဒီအင်္ကျီလဲလိုက်လေ ... ခုပဲ မောင် လျှော်ပေးမယ် ... ဟုတ်လား ..."

စတုန်းကစပြီး ခုကျတော့ သူပဲ မောအောင်ပြန်ချော့၏။

"မလဲဘူး ... ဒီတိုင်းနေမယ် ..."

"ဒါဆို မောင် လဲပေးမယ်လေ ..."

"အို ... ကဲ ဖယ်ပါ ... ကျွန်မဘာသာ လဲပါ့မယ်"

သူ့ကိုမျက်စောင်းထိုးကာ လက်ထဲမှအင်္ကျီကို ယူ၍ အခန်းထဲဝင်သွား၏။

"ဟင်း ... မလွယ်ပါလား ..."

သူမအင်္ကျီလဲပြီး ပြန်ထွက်လာတော့ မျက်နှာအနည်းငယ် ကြည်နေပြီ။

"ဟင်း ... တစ်ခါတလေ စ,မိပါတယ်ဗျာ ... မလွယ်ပါလား ..."

ထိုအပြောကြောင့် သူမပြုံးကာ မျက်စောင်းထိုး၏။

"မလွယ်ရင် မစနဲ့ပေါ့ ..."

"အင်း ... နောက်တစ်ခါ မစတော့ဘူး ... ကဲ ..."





ထမင်းသွားစားရအောင် ..."

"အို တော်ပါပြီ ... မောင့်ဘာသာ သွားစား .."

"ဟာကွာ ... မောင်တစ်ယောက်တည်း ပျင်းစရာကြီး ... လာပါ အချစ်ရယ် ..."

သူ ဖွတ်ဆွဲခေါ်လာတာကြောင့် သူမ လိုက်ခဲ့ရသည်။ မှန်လည်း ထမင်းက ခုမှစ၍စားကာစ ရှိသေး၏။ အစလွန်ကာ သွားရတာ။

သူ့ကိုသနား၍ သူမ ထမင်းလိုက်စားခြင်းပါ။ သူက သူမ ဆန်ထဲ ဟင်းတွေခပ်ထည့်ပေးနေသည်။

"အို ... ကိုယ့်ဘာသာစားပါ ..."

"မောဗျာ ... ဂရုစိုက်တော့လည်း တစ်မျိုးပါလား"

"ဒီက မောင်အစားမျက်မှာစိုးလို့ရှင် ..."

"ဪ ဒီလိုလား ... အဟွန်း ... စေတနာထား တယ်ပေါ့ ..."

သူ ပြုံးပြုံးကြီးမေးတော့ သူမ မျက်စောင်းထိုးသည်။ သူ ထမင်းကို အားပါးတရစားလို့ သူမ လက်ရာတွေက သူ့အတွက် ကောင်းနေတယ်လေ။

ထမင်းစားပြီး ပန်းသီးနှင့် လိမ္မော်သီးကို ရေခဲသေတ္တာ ထုတ်လာ၏။ တခြားမုန့်အချို့တွေကို ဝိတ်တက်မှာစိုး၍



www.burmeseclassic.com

www.burmeseclassic.com



မစားပေ။

"မာမီ ပြန်လာရင် မောင်တို့နှစ်ယောက် အဆင်ပြေနေတာတွေ့ရင် ဝမ်းသာမှာပဲနော် ..."

"အဟင်း ... ဟုတ်တယ် မောင် ... အထူးသဖြင့် ဒါလီ ဒီလို မီးဖိုချောင်ဝင်နေတာကိုလေ ..."

"အင်း ... မာမီက ဒီလို ဘာကြောင့်ဖြစ်ရဲတယ် ဆိုတာ သိမှာပါ ဒါလီ ..."

"ဘာကြောင့်လဲ ..."

သူမမျက်လုံးလေး ထောင့်ကပ်တာမေးတော့ သူ ... ချက်ပြုံးလိုက်သည်။

"အဟွန်း ... မောင့်ကိုချစ်လို့ ဆိုတာလေ ..."

"အမယ် ... သူ့ကိုယ်သူ အသားယူနေလိုက်တာ"

"မဟုတ်ဘူးလား ..."

"နီး ..."

"ဪ ဒီလိုလား ... ဒါဆိုလည်း ..."

သို့သော် သက်မောင့်ကြီးမှာ တစ်ခါစိတ်ကောက်ခဲ ပြီမို့ စကားရှည်မဆက်တော့။

"ဘာ ဒါဆိုလဲ ... ဆက်ပြောလေ ..."

"အဟွန်း ... ဒါဆိုလည်း ... မောင့်ကို စေတနာ





ထားလို့ ဖြစ်မှာပေါ့လို့ ပြောမလို့ပါဗျာ ..."

"ဟင်း ... အလျှောက်ကောင်းလို့နော် ..."

အဲလေးကြိတ်ကာ သူမပြောတော့ သူ ယေ်၏။ သည် ... လေးမ ဒီတစ်ခါ စိတ်ကောက်လျှင် သူ သေဖွယ်ရာရှိတော့၏။

"ဪ ... ဒါလီ့ကို ပြောရဦးမယ် ... မောင် မနက်ဖြန် ညသည်ကို ထမင်းကျွေးချင်တယ် ..."

"ကျွေးလေ မောင် ... ဒါလီ ချက်ပေးမှာပေါ့ ..."

"အဟွန်း ... မောင့်မိန်းမ ပင်ပန်းနေမလားလို့ဗျာ"

သူမ ပခုံးလေးကို ပွေ့ဖက်ကာ ပြောသည်။ ချစ်သူ ... အတွက် ဘာမဆိုလုပ်ပေးချင်နေသော သူမက ပင်ပန်းဘယ် မထင် ...

"ရပါတယ် မောင်ရဲ့ ... ဘယ်နှစ်ယောက်စာလဲသာ ပြော ..."

"အင်း ... နှစ်ယောက်စာလောက်ပါ ... ငှရင်းတွေ ဆိုတော့ ဟိုတယ်မှာ လိုက်ကျွေးရင် မကောင်းဘူး လေ"

"ဒါပေါ့မောင် ... ကိုယ့်အိမ်ရှိသားနဲ့ စိတ်ချ ... မနက်ဖြန် ဒါလီအကောင်းဆုံး ချက်ကျွေးလိုက်မယ် ..."

"ဒါကြောင့် ... မောင့်မိန်းမကို ချစ်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



နုညက်သော သူမပါးပြင်မို့မို့လေးကို အသာရှိုက်နမ်းလို

၏။ မြဒါလီဆိုသော မိန်းကလေး ဒီလောက် လိမ္မာလာတာ

သူဝမ်းသာနေရ၏။

◆❦◆





"ဒါလီ ... ဒါလီ"

အော်ကြီးတစ်ကျယ်ခေါ်ကာ အခန်းတံခါး သူလာထုသံ

ကို သူမ မကြားအောင် ကက်ဆက်အကျယ်ကြီး ဖွင့်နေလိုက်၏။

"တောက် ... "

အခန်းပြင်ဘက်မှာတော့ သက်မောင်ကြီးတစ်ယောက်

ဒေါသတွေဖြစ်ကာ မျက်နှာနီရဲနေရသည်။

မြဒါလီကို လိမ္မာပြီ မှတ်ခဲ့တာ ...

ယခုတော့ သူ့မျက်နှာအိုးမဲသုတ်လိုက်တဲ့အဖြစ်။

မနေ့က ညနေသည်ခေါ်လာမှာမို့ 'ထမင်းချက်ထားပါဆို

တော့' ဟုတ်ပြီ ဟုတ်လျက် ခေါင်းညိတ်မှသော မြဒါလီ။

တကယ်တမ်းခေါ်လာတော့ ထမင်းပွဲဘော့ စိစဥ်ထားပါ

သည်။ သို့သော် ဟင်းတွေအားလုံး အငံလွန်၊ အစပ်လွန်တွေဖြစ်သို့။



www.burmeseclassic.com

www.burmeseclassic.com



ဆွ် ညွှဲသည်ကလည်း တခြားလူမဟုတ်၊ မန္တလေးတုန်း သူဘုန်းနေဖက် သူငယ်ချင်းမလေး ခင်မွန်ဖြစ်၏။ ခင်မွန်နှင့် အ အဖော်ကောင်မလေး တစ်ယောက်ပါသည်။

"ငါ့မိန်းမက အချက်အပြုတ်သိပ်ကောင်းတာဟ ..."

လမ်းမှာ ကြွားခဲ့သမျှ အိမ်ရောက်တော့ အလကားဖြ ၏။

"ဒါလီရေ ... ညွှဲသည်တွေပါလာတယ် ..."

ခင်မွန်တို့ကို ညွှဲခန်းထဲထားကာ ဒါလီ့ကို အခန်းထဲ ခေါ်သည်။ အစဏ မျက်နှာကြည်ကြည်နှင့် လိုက်လာသော မြဒါ မှာ လှပသော ခင်မွန်တို့ကို မြင်တော့ မျက်နှာမသိမသာ ပျက်သွ သည်။

"ခင်မွန် ... ဒါပေါ့ ငါ့မိန်းမမြဒါလီ ..."

"ဩော် ... ကိုမောင့်အမျိုးသမီးလေးက ငယ်သေး တယ်နော် ... လှလည်းလှတယ် ..."

မြဒါလီကတော့ ရင်ဖွေးအင်္ကျီလက်ရှည်၊ ချိတ်အဆင်ဝ ချည်ဖြင့် ဆံပင်ကို သေသေစ်စွာထုံးထားသော (ခင်မွန်)ကို ကြည့်မ တော့၊ မျက်နှာက အထက်စီးဆန်သလိုလို။

သူမ ယောက်ျားကိုလည်း 'ကိုမောင်'တဲ့။

ဟင် ဘယ်လောက် ရင်းနှီးလို့လဲ မသိ။





"မမတို့ ခဏထိုင်ဦးနော် ... ဒါလီ ထမင်းပွဲပြင် လိုက်ဦးမယ် ..."

"ဖြည်းဖြည်း လုပ်ပါကွယ် ..."

အစက သူ ညွှဲသည်ကို ယောက်ျားတွေပဲဟုထင်ကာ မမေးမိခဲ့ပေ။ ယခုလို အမျိုးသမီးမှန်းသိတော့ မြဒါလီ၏ မာန်ရေး ပေါ်လာသည်။

ငါကို သူ့ကောင်မတွေအတွက် ချက်နိုင်းတာ၊ သိကြရော ပေါ့ဟု ကြိမ်းလျက် အစက ကောင်းကောင်းချက်ထားသော ဟင်း ရွက်တွေထဲ ဆားများ အဆုပ်လိုက်ထည့်၊ ငရုတ်သီးတွေထောင်း ထည့်ပစ် အားလုံး ပျက်တော့၏။

သူမ လုပ်သမျှ ပုစွန်က အံ့သြ၍ မျက်လုံးဝိုင်းကာ ကြည့် နေသည်။

မမ တစ်ယောက် ဦးနှောက်များပျက်သွားသလား ဟု ပုစွန် ထင်မှာပေါ့။

'ကိုမောင်'လို့ခေါ်ချင်တဲ့ မိန်းမတွေလည်း သူမ အကြောင်း သိအောင်လုပ်ပြခြင်းပါ။

"ပုစွန် ... သူတို့ ထမင်းဝိုင်းလိုတာ လုပ်ပေးလိုက်"

"ဟုတ်ကဲ့ မမ ..."

သူတို့ပြန်သွားတဲ့အထိ သူမ အိပ်ခန်းထဲက မထွက်တော့။



www.burmeseclassic.com

www.burmeseclassic.com



ညှို့သည်တွေကို လိုက်ပို့ပြီး ဒေါသနှင့် ပြန်ရောက်လာခြင်းပါ။

တောက် သူ့ကို မျက်နှာပျက်အောင် လုပ်တဲ့မိန်းမ။

"ဒုန်း ... ဒုန်း ... ဟေ့ တံခါးဖွင့်စမ်း ..."

အသေပိတ်ထားသော အခန်းတံခါးကို သူလက်သီး သုံးလေးချက် ထုလိုက်၏။

မကြာပါ အခန်းတံခါး ဖျတ်ခနဲပွင့်လာကာ ...

"ဒီမှာ ... ဘာကြောင့် အော်ကြီးဟစ်ကျယ် လုပ်နေတာလဲ ..."

မျက်နှာလှလှလေးက တင်းမာလို့ သူ့ခိုးက ပြောင်းပြန်ဆိုတာ ဒါမျိုး။

"ဩော် ... မင်းကကော ဘာကြောင့် အခန်းတံခါး ပိတ်ပြီး ... ဒီလောက် ကက်ဆက်အကျယ်ကြီး ဖွင့်ထားတာလဲ ..."

"မကြားချင်တဲ့အသံတွေ မကြားရအောင်လို့ပေါ့"

"ဘာ ..."

"ဟုတ်တယ်လေ ... ရှင်နဲ့ ရှင့်ဟာမတွေ ဟီးလားဟားလား တိုက်နေတာ ... ကျွန်မက နားထောင်နေရမှာလား ..."

"ဘာ ... ဘာ ဘယ်လိုပြောလိုက်တယ် ဒါလီ ...





ခင်မွန်တို့က ငါ့ဟာမတွေဟုတ်လား ..."

သူမက မျက်နှာလေးမဲ့ကာ လက်နှစ်ဖက် တင်းတင်းပိုက်၏။

"ဟုတ်တယ်လေ ... သူများ ယောကျ်ားကို ခေါ်တာ ... ကိုမောင်တဲ့ ..."

"ဟ ... အဲဒါ ... ငယ်ငယ်တည်းက ခင်မွန် အဲဒီလို ခေါ်နေကြတွ ..."

"ဩော် ... ဒါဆို ငယ်ကျွမ်းဆွေတွေပေါ့ ... ဘာကြောင့်များ ရှင်တို့ချင်း မယူခဲ့ပါလိမ့် ..."

မျက်နှာလေးမော့ကာ မထီမဲ့ဟန်ပြောနေပုံက လက်သီးနှင့် စွပ်ထိုးချင်စရာ။ နှုတ်ပိတ်ဆတ်သော သူက သည်း မခံ။

"ဘာကြောင့် မယူတာလဲဆိုတော့ မေမေကြောင့်ဟေ့ ... မေမေက ငါ့ကိုမင်းနဲ့သဘောတူနေလို့ကွ"

"ဟင် ..."

မထင်မှတ်သော သူ၏စကားကြောင့် သူမ မျက်လုံးဝိုင်း ကျယ်ပြူးစက်သွားသည်။

သူ့ နှုတ်ဖျားက ဒီလိုထွက်လာလိမ့်မယ်ဟု သူမလုံးဝ မထင်ခဲ့ပေ။

မေမေကြောင့်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒါလီ ..."

ရုတ်တရက် သတိဝင်လာသော သူက မှားသွားပြီဟု သိကာ ခေါ်လိုက်ပေမယ့် ဒါလီမျက်ဝန်းတွေက အစိမ်းရောင်တောက်နေပြီ။

"သွား ... ရှင့်ကို မုန်းတယ် ..."

"ဒါလီ ..."

သို့သော် သူမက တံခါးကို လုံးဝပိတ်သွားလေပြီ။

သွားပြီ။

အလွန်သဝန်တိုကာ စိတ်ဆတ်သော သူမကိုမှ ဒီလိုများသွားပြောတဲ့ သူအဖြစ်။

"ဒါလီ ... ဒါလီ ... တံခါးဖွင့်ပါ ... မောင်ရှင်းပြပါရစေ ..."

"မကြားချင်ဘူး ... ရှင် ... ကျွန်မအခန်းရှေ့က ထွက်သွား ..."

သူမ အသံလေးမှာ နာကျင်မှုတွေနဲ့ ပြည့်နေပြီ။ သူမ ဘယ်လောက်ထိ နာကျင်သွားတာလဲ။

"မဟုတ်ဘူး ဒါလီ ... မောင်ပြောတာက ..."

"အို ... ဘာမှ မကြားချင်ဘူး ... ရှင်မသွားရင် ကျွန်မ ကိုယ့်ကိုကိုယ် သတ်သေပစ်လိုက်မယ် ..."





ဟာ ...

ထိုစကားကြောင့် သူမျက်လုံးတွေ ဖြတ်ခနဲဖြစ်သွား၏။ သည်ကောင်မလေးက တခွတ်ထိုး၊ စိတ်ချရတာ မဟုတ်၊ အသက်ကလည်း ငယ်သေးတဲ့အရွယ်။

"မလုပ် ... မလုပ်နဲ့ ဒါလီ ... မောင်သွားဆိုသွားပါ့မယ် ... ခုပဲ သွားပြီနော် ..."

ခြေသံပေးကာ သူမအခန်းရှေ့မှ ထွက်ခဲ့လိုက်ရ၏။

ဟာဗ်း မလွယ်ပါလား။

အစက ခင်မွန်တို့ကို မခေါ်လာမိရင် အကောင်းသား။ လက်စသတ်တော့ ခင်မွန်တို့ ခေါ်လာ၍ သူမဟာင်းတွေကို ဖျက်ဆီးပစ်တာပဲ၊ သြော် ကလေးဆန်တဲ့ ချာတိတ်မရယ်။

"အဟင့် ... အဟင့် ... ငါတော့ သူနဲ့လုံးဝ မပေါင်းနိုင်တော့ဘူး စာခြည် ..."

သူ အလုပ်ထွက်သွားတာနှင့် မြဒါလီကားဖြင့် စာခြည့်ဆီလာကာ ရင်ဖွင့်လေ၏။

"ဘယ်လိုဖြစ်ရတာလဲကွ ... တို့က ... ရှင်တို့အိမ်ထောင်ရေး သာယာတယ်လို့ ထင်ထားတာဒါလီ"

"အို ... လူပုံက ရိုးမလိုနဲ့ ... သူမှာ ငယ်ချစ်ကြီးနဲ့ဟာ ကျွန်မကိုလည်း လူကြီးတွေ သဘောတူလို့တဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ဇာခြည်ပင် ကြားရတဲ့ စကားတွေမယုံချင်ပေ။ ဦးသက်မောင်ကြီးကို ရိုးသား၍ တည်ကြည်သော လူတစ်ဦးအဖြစ်သာ မြင်မိ၏။

"ဟုတ်လို့လား ... ဒါလီရယ် ... တို့အမြင်တော့ ဦးသက်မောင်ကြီးက ရှင်သူ့ကို သိပ်ချစ်တာ မဟုတ်လား"

"အို ... အစက ကျွန်မလည်း ဒီလိုထင်ခဲ့လို့ ... သူ့ကို ပြန်ချစ်ခဲ့တာပေါ့ ဇာခြည် ... ခုတော့ ... သူက မင်းသား ခေါင်းဆောင်းထားတဲ့ ဘီလူးပဲ ..."

"ဟဲ့ ..."

ဦးသက်မောင်ကြီး မကြားနိုင်ပေမယ့် ဇာခြည်ကြားထဲက အားနာသွားမိ၏။ မြဒါလီ မျက်နှာမှာ နာကြည်းဟန်အပြည့်။

"ဟုတ်တယ် ... မနေ့က သူငယ်ချစ်ကို အိမ်မှာ ထမင်းဖိတ်ကျွေးတယ်လေ ..."

"ပြောပါဦး ..."

ဇာခြည့်ကို မနေ့က ကိစ္စတွေအကုန်ပြောပြလိုက်၏။ စကားဆုံးတော့ ဇာခြည် ခေါင်းခါသည်။

"ရှင် မှားတာပဲဒါလီ ... တကယ်ပဲ ဦးသက်မောင်





ကြီးနဲ့ ခင်မွန်ဟာ ... သူငယ်ချင်းတွေ ဖြစ်နေမှာပါ"

"အို ... သူ့ နှုတ်ဖျားကကို ပြောတာ ..."

"သြော် ... အဲဒါ ရှင်က အရွဲ့တိုက်သွားမေးတော့ ဟိုကလည်း အရွဲ့တိုက်ဖြေတာ နေမှာပေါ့ ... ဒါလီရယ် ..."

"အို ... ဘာပဲဖြစ်ဖြစ် ... ကျွန်မကို ဒီလိုစော်ကားတာ လုံးဝ မခံနိုင်ဘူး ... ဒါကြောင့် သူနဲ့ကွာရှင်းမယ်"

"အို ... ဒီလို အရမ်းမဆုံးဖြတ်ပါနဲ့ ... အနဲတီလည်း ပြန်လာသေးတာ မဟုတ်ဘဲနဲ့ ..."

"မာမီကြောင့် ကျွန်မကလည်း သူ့ကိုယူခဲ့တာပါ ဇာခြည် ..."

အဲလေးကြိတ်ကာ စိတ်နာဟန်ဖြင့် သူမ ပြောသည်။ ဇာခြည် သက်ပြင်းချကာ ခေါင်းခါယမ်း၏။

"ဘာကြောင့်ပဲ ဖြစ်ဖြစ်ပေါ့ ဒါလီရယ် ... အခု ရှင်တို့က ခနီးမောင်နှံတွေလေ ... မာနပြိုင်လို့ ရမလား ... နစ်နာစရာရှိရင် ... မိန်းမသားဖြစ်တဲ့ တို့ဂသာနစ်နာတာ မဟုတ်လား ..."

ဒါလီကို ညီမတစ်ယောက်လို ခင်တွယ်၍ ဇာခြည်ပြောနေခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"အို ... နစ်နာပါစေ ... ဟင်း ... သူ့လိုလူကို ဒီက မက်မောနေမယ် ထင်နေသလား စာခြည် ... သူ့ထက် သာတာ ယူပြမယ် ..."

"မဟုတ်တာ မပြောနဲ့ဒါလီ ... အဲဒါ ကောင်းတဲ့ မာနမဟုတ်ဘူး ... ရှင် တကယ်ပဲ သူ့ကိုမချစ်ဘူးလား"

စာခြည်တို့ကို မေးတော့ ရုတ်တရက် သူမ တိတ်ဆိတ် သွားရ၏။ အစက သူ့ကို တောသား လူရှုပ်ပာဟူ၍ မချစ်ခဲ့ပါ သို့သော် လက်ထပ်ပြီးတဲ့ နောက်ပိုင်း သူ၏ ဂရုစိုက်မှုများကြော သူမရဲ့ တင်းမာချင်သော နှလုံးသားများ အရည်ပျော်ခဲ့ရသည်။

အမှန်ကတော့ သူမကို တရားဝင် ပိုင်ဆိုင်ထားသော ယောက်ျား တစ်ယောက်အနေဖြင့် တွယ်တာအားကိုးသွားခြင်းပါ ထိုအချက်များနှင့်အတူ သူ့ကို ဘယ်အချိန်က ချစ်မိသွားမှန်း မသိ လိုက်သိလိုက်တဲ့အချိန်မှာ သူ့အပေါ် ဘာနှင့်မှမတူအောင် ချစ်မိနေ ခြင်း။ ထို့ကြောင့် ဝန်တိုခြင်းတွေ ဖြစ်ပေါ်လာရ၏။

"ဟိတ် ... တို့မေးတာဖြေလေ ..."

တော်တော်နှင့် အဖြေမပေးနိုင်သော သူမကို စာခြည် ဖြ စေ့စေ့ ထပ်မေးသည်။ သူမ မျက်စောင်းလေးထိုးကာ ...

"မချစ်ပါဘူး ..."





"ဘာလဲ တို့ကိုလား ..."

"စာခြည်နော် ..."

"အယင်း ... ဟင်း ... ဒါလီရယ် ... မချစ်ပါဘူးသာ ဆိုတယ် ... ဒါဖြင့် ဘာကြောင့် ကိုသက်မောင်ကြီး အပေါ် သဝန်တိုနေရတာလဲပြော ..."

"အို ... ဒါကတော့ ..."

"အမယ်း ... မညာပါနဲ့ စာခြည် ... တကယ်တော့ ရှင်က ဘယ်သူ့ကိုမှ ချစ်ခဲ့ဖူးတဲ့ မိန်းကလေးမျိုး မဟုတ် ပါဘူး ... ပထမဦးဆုံး လက်ထပ်မိတဲ့ ကိုသက်မောင်ကြီး ကို ချစ်တာ ... တကယ်တော့ မဆန်းပါဘူးဟာ ..."

သည်တော့လည်း သူမ ပွင့်လင်းစွာဝန်ခံလိုက်၏။ စာခြည် ဆိုတာက သူမအကြောင်း အကုန်သိတဲ့ သူငယ်ချင်း။

"အေး ... ဟုတ်တယ်ဟ ... ဟုတ်တယ် ... သူ့ကို ချစ်မိလို့ စော်ကားခံရတာ ... အဲဒီအတွက် သိပ်အသည်း နာလို့ သူနဲ့ကွာရှင်းမလို့ ..."

"အင်း ... ဒါလီ ... ဒါလီ ... ရှင့်အဖြစ်က အချစ်ကြီး တော့ အမျက်ကြီးသလို ဖြစ်နေပါလား ... စိတ်လျှော့ ပါကွယ် ..."

စာခြည်ကတော့ သူငယ်ချင်းကောင်းပီသစွာ မြဒါလီကို



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်၏။ အိမ်ထောင်တစ်ခုကို လွယ်လွယ်ကူကူ မဖျက်စီးစေချင်ေ
မိန်းကလေးတစ်ယောက်အနေဖြင့် ထိခိုက်လွန်းသည်။

လှပသော မြဒါလီဘဝလေးကို ဝုဏ်သိက္ခာမမဲ့စေချင်ေ

"ဒါလီရေ ... မောင်သက်မောင်ကြီးလာခေါ်တယ် ကွယ့် ..."

"ဟင် ..."

စာခြည့် မာမီက ပြောတာကြောင့် သူမ မျက်နှာပျက်
ရ၏။ စာခြည့် မာမီက မြဒါလီကို နှစ်သိမ့်သည်။

"ယောက်ျားကို စိတ်ကောက်လာတာပေါ့လေ ... ဟုတ်လား မြဒါလီ ... အင်း ... ကိုယ်က အိမ်ထောင်ရှင် မ ဖြစ်ပြီကွယ့် ... ကလေးဆန်လို့ မရဘူး ... ကဲ ... ကဲ ... ဟိုက လာခေါ်နေပြီ ... ဆင်းတွေ့လိုက်ပါဦး"

"ဒါလီ ... သူ့ကို မတွေ့ချင်ဘူး အန်တီ ..."

သူ ဘာကြောင့် လိုက်လာရတာလဲ၊ တကယ်ဆို သူမ
သာ ဘယ်သွားသွားပေါ့။ သူနဲ့ ဘာဆိုင်လဲမှာ တွေးကာ ဒေါသ
ဖြစ်နေ၏။

ကလေးဆန်ဆန် အပြောကြောင့် စာခြည်၏ မာမီက
ချသည်။

"ဒီလို မလုပ်ရဘူး ဒါလီ ... ယောက်ျားက စိတ်ရှည်





လက်ရှည် လိုက်ခေါ်နေတုန်း ... ကိုယ်က မကောင်းရဘူး၊ ဒီတစ်ခါ ခေါ်လို့ မလိုက်ရင် ... တော်ကြာ ... နောက် လာမခေါ်ဘဲနေလို့ ... ကိုယ် အိမ်ပေါ်တက်ရောက်နေဦး မယ် ..."

"ဟင့်အင်း အန်တီ ... ဒါလီ သူ့ဆီဘယ်တော့မှ မပြန်ဘူး ..."

တဖွတ်ဖွတ်တိုး ခေါင်းခါကာ ငြင်းဆန်နေသော မြဒါလီ
ကြောင့် အန်တီ သက်ပြင်းချ၏။

"စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ကွယ် ... အန်တီတို့က လည်း လူကြီးတွေဆိုတော့ ... ဒါလီကို နားမခုဘဲ ... လက်ခံထားတယ် ထင်နေပြီးမယ် ... ပြန်လိုက်သွားပါ သမီးရယ် ..."

ယခုမှသဘောပေါက်လာသည်။ တုတ်သားပဲ သူမကြောင့်
ခြားလူတွေ အထင်လွဲစရာ အဖြစ်မခံနိုင်။ စာခြည်ကတော့ ဘာ
ပြောရမှန်း မသိ တိတ်ဆိတ်နေ၏။

"ဒီလို ပြောတာအန်တီက ... ဒါလီကို လက်မခံထား ချင်လို့ မဟုတ်ပါဘူး ... သမီးတို့ ပြေလည်အောင်လို့ ပါ ..."

"ဟို ... မာမီ ... စာခြည်ပြောပါရစေ ... ဒါလီကို



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ နှစ်ရက် သုံးရက်ခေါ်ထားရင်ကော ...”

သူငယ်ချင်း မပြန်ချင်တာကို ဖွတ်အတင်း မတိုက်
လိုတာကြောင့် စာခြည်ကြားမှ ဝင်ပြော၏။

“အင်းလေ ... ဒါဆို မောင်သက်ကို အန်တီပဲ ပြော
လိုက်ပါ့မယ် ... ဒါလီ ဒီမှာနှစ်ရက်လောက်နေဦးမယ်
လို့ ...”

“ကျေးဇူးပါပဲ အန်တီ ... နှစ်ရက်မနေပြီးရင် ဒါလီ
ပြန်ပါ့မယ် ...”

“အေးပါကွယ် ... ကဲ အန်တီသွားပြောလိုက်ဦး
မယ် ...”

အန်တီ ထွက်သွားမှ သူငယ်ချင်းနှစ်ယောက်တစ်ယေ
ကို တစ်ယောက် ကြည့်ကာ သက်ပြင်းချနိုင်တော့၏။

“ကြားထဲက အန်တီ့ကို အားနာလိုက်တာ စာခြည်
ရယ် ...”

“မာမီက ရပါတယ် ... ရှင့်ကို ပြန်လိုက်ဖို့ပြောတာ
ဦးသက်မောင်ကြီးကို အားနာလို့ပါ ...”

ခဏနေတော့ စာခြည့်မိခင်ပြန်ရောက်လာသည်။
မှာ ဖိတ်စာတစ်စောင်နှင့် ...

“ကဲ ... မောင်သက်မောင်ကြီးတော့ ပြန်သွားပြီ





ရော ... ဒီမှာ ဒါလီကို ဒီဖိတ်စာပေးခဲ့တယ် ...”

“ဟင် ... ဘယ်သူ့ ဖိတ်စာလဲ ...”

စာခြည်က ဖျတ်ခနဲ ယူကာ ဖိတ်စာကို ဖွင့်ကြည့်သည်။

“ခင်မွန်ဆိုပါလား ...”

“ပြစမ်း စာခြည် ...”

မြဒါလီက ‘ခင်မွန်’ နာမည်ပါတာကြောင့် ဖိတ်စာကို
ကြည့်လိုက်၏။

ဟင် ခင်မွန် မင်္ဂလာဖိတ်စာပဲ။

ဒါဆို ... မောင်နဲ့ ခင်မွန် ဘာမှမဆိုင်ဘူးပေါ့။ မြဒါလီ
နေစဉ် စာခြည်က သူမမျက်နှာကို လှမ်းကြည့်၏။

“ကဲ ... မခင်မွန်တော့ လက်ထပ်သွားပြီ ဒါလီ ...
ဒါဆို ... ဦးသက်မောင်ကြီးနဲ့ ခင်မွန်တို့ ရှင်းကယ်ဆို
တော့ ... ဒါလီ နားလည်ရောပေါ့ ...”

“အင်း ...”

သူမ ဝန်ခံခေါင်းညိတ်လိုက်၏။ စောစောက သူ့အပေါ်
ထောက်နေတာတွေ ပြေလျော့တာအမှန်။

“တကယ်တော့ ... ဦးသက်မောင်ကြီးကလည်း
ရှင့်ကို ချစ်ပါတယ် ဒါလီ ... အဲဒါကို တို့ထက် ရှင်ပိုသိမှာ
ပေါ့ ...”



www.burmeseclassic.com

www.burmeseclassic.com



ဇာခြည့်အပြောကြောင့် သူမ ရှက်ပြုံးလေး ပြုံးလိုက်

မောင် သူမကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြန်တွေးလျှင် ခု

ရင်ခုန်ချင်သည်။

"သူပြန်သွားပြီနော်နော်..."

"အင်းလေ ... ရှင်က ပြန်မလိုက်ဘူးဆိုတော့ ...

ပြန်ရတာပေါ့ ... ဘာလဲ ခုတော့ ပြန်လိုက်ချင်ပြီလား"

"ဟင့်အင်း ... နောက်တစ်ခါ အဲဒီလိုမျိုး မပြောရ

အောင် ... ဒီမှာ နှစ်ရက်နေဦးမယ် ..."

"လုပ်ပြီ ... ဒါလီတို့အဖေတော့ ခွဲနိုင်လို့လား ..."

ဇာခြည်စတော့ သူမမျက်နှာလေး နီသွားသည်။

"အာလို့ မခွဲနိုင်ရမှာလဲ ... သူ့ကို ဒဏ်ခတ်ရမယ်"

"အေး ... အဲဒါကိုယ့်ကို ဒဏ်ခတ်နေသလို ဖြစ်ဦး

မယ် ဒါလီ ..."

တကယ်ပဲ ဇာခြည်ပြောသလို၊ ထိုနှစ်ရက်အတွင်း တာ

စား၊ ဘာလုပ်လုပ် ရင်ထဲက သူ့ကိုသတိရနေလိုက်တာ၊ ရင်ထဲ

ကြိတ်ကာ လွမ်းနေတဲ့ အဖြစ် ဘယ်သူမှ မသိ။

သူကတော့ ...

သူမကို နောက်တစ်ကြိမ်တောင် လာ၍မခေါ်၊ ထိုအ

တောတောက ချစ်စိတ်လွမ်းစိတ်တွေ ပျောက်ကာ ဝမ်းနည်းချင်သ





၏။

သည်လို သူမကိုပစ်ထားတာ တကယ်မချစ်၍ဘဲ။တကယ်

ချစ်တဲ့လူဆို နောက်တစ်ကြိမ် ချော့မော့ကာ လာခေါ်မည်ပေါ့။

တွေးရင်း သူမ နာကျင်လာ၏။

တော်ပြီ ...

သူ့ကို ဘယ်လောက်လွမ်းပါစေ ဖြေဖျောက်ကာ မေ့ပစ်

လိုက်မည်။

ထို့ကြောင့် ဇာခြည်နှင့်အတူ အပြင်ထွက်လျှောက်လည်

၏ ရုပ်ရှင်ကြည့်သည်။ ဈေးဝယ်၏။

ဘယ်လောက်ပဲ ပျော်စရာတွေ ဖန်တီးပေမယ့် သူမရင်ထဲ

ခါတိုင်းလို လွတ်လပ်စွာ မပျော်ရွှင်နိုင်တာ ဘာကြောင့်ပါလိမ့်။ သူမ

စိတ်ကို နားမလည်နိုင်တော့။

"မြဒါလီရေ ... သမီး အမြန်ပြန်တော့ ... ဟိုမှာ

မောင်သက် ဖျားနေသတဲ့ ..."

"ရှင် ..."

အပြင်က ဇာခြည်နှင့် ပြန်လာသော သူမမှာ ဇာခြည်ရဲ့

အမေ့စကားကြောင့် စိုးရိမ်သွားသည်။

"ဟုတ်တယ် ... ဒါလီတို့သွားတုန်း ... အန်တီ့ဆီ

ဖုန်းလာတယ်ကွယ် ..."



www.burmeseclassic.com

www.burmeseclassic.com



“ဒါလီ ... ဒါဆို ရှင်ပြန်မှ ကောင်းမယ် ...”

“သူ ... သူ ... ဆိပ်ဖျားနေသတဲ့လား အန်တီ”

“အင်း ... ပုစုဆိုတဲ့ ကောင်မလေး ဖုန်းဆက်ပြော တာပဲကွယ် ... မမကို ပြောပေးပါတဲ့ ...”

“အို ...”

ရင်ထဲ အပူတွေ လှိမ့်တက်လာ၏။ သူမ အဝတ်အစားတွေ ချက်ချင်း ကောက်သိမ်းသည်။

သူ ဘယ်အချိန်ကတည်းက ဖျားနေပါလိမ့်၊ ဒါကြောင့် သူမ ထံနောက်ထပ် ရောက်မလာတာဘဲ။

အို မောင်ရယ် ...

“အန်တီနဲ့ ဇာခြည့်ကို ကျေးဇူးတင်ပါတယ်နော် ...”

“အို ... မလိုပါဘူးကွယ် ...”

“အေးလေ ... ဒါလီကလည်း ပြောရမယ့်လူတွေမှ မဟုတ်တာ ... ကဲ ... ဇာခြည် လိုက်ပို့ပေးမယ်လာ”

တစ်လမ်းလုံး ဇာခြည့်ဘေးမှာ သူမ တိတ်ဆိတ်စွာပါလာ၏။ ဇာခြည်က သူမကိုကြည့်ကာ ...

“ဦးသက်မောင်ကြီးအတွက် သိပ်စိတ်ပူနေလား ဒါလီ ...”

“အင်း ...”





မြဒါလီ မရောက်နိုင်တော့ဘဲ ဝန်ခံလိုက်ပေ့ ဇာခြည် မဖြိုး နိုင်ဘဲ ကားကို ခပ်သွက်သွက်လေး မောင်းပေးလိုက်၏။

သူငယ်ချင်း စိတ်အေးနိုင်အောင်လို့လေ။

◆❦◆



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး ... ထမင်း မစားတာနှစ်ရက်ရှိပြီ ... ညဘက်တွေဆိုလည်း ... လေသာဆောင်မှာ ထွက်ထိုင်တာ အကြာကြီး ... နောက်တော့ ... အိပ်ရာထဲမှာ ဦးဦးဖျားနေတာနဲ့ ... မမကို ဖုန်းဆက်ခိုင်းလို့ ပူရှူးဆက်လိုက်တာ ..."

အိပ်ရာပေါ်တွင် မျက်နှာအနည်းငယ်ချောင်ကာ အိပ်ပျော်နေသော 'မောင်'ကို စိတ်ထိခိုက်စွာ ကြည့်မိ၏။

"ဆရာဝန် ခေါ်မလား ..."

"ဦးဦးသူငယ်ချင်း ဆရာဝန် ... ဒီမနက်ပဲ ပြန်သွားတယ် မမ ..."

"အင်း ... ကဲ ... ပူရှူး လုပ်စရာရှိတာသွားလုပ်"

"ဟုတ်ကဲ့ ..."





ခါခြည်လည်း ပြန်သွားပြီမို့ သူနားမှာ သူမတစ်ယောက်တည်း သူ နေမကောင်းတာ အမေနှစ်ယောက်များ သိလျှင် သူမ ဘယ်လောက် ဆူခံထိမလဲ။

အိပ်ပျော်နေသော သူဘေးမှာ သူမထိုင် စောင့်နေလိုက်၏။

အိပ်ဆေးထိုးပေးသွားတာမို့ ညဘက်ရောက်တဲ့အထိ မနိုး။ သူ့ကို စောင့်ရင်း သူမ မှေးခနဲ အိပ်ပျော်သွားရသည်။

"ဟင် ..."

အိပ်ရေးဝသွားတာကြောင့် လန်းဆန်းစွာ နိုးလာသော သက်မောင်ကြီးမှာ မမျှော်လင့်ဘဲ သူဘေးတွင် ငုတ်တုတ်လေး ထိုင်ကာ အိပ်နေသော မြခါလီကို တွေ့လိုက်ရတော့ အံ့ဩဝမ်းသာသွား၏။

ကြည့်စမ်း ...

သူမ ဘယ်အချိန်ထဲက ရောက်နေတာပါလိမ့်။

"ခါလီ ... ခါလီ ..."

"အင် ... ဟင်"

ပခုံး ဖွဖွလှုပ်နိုးတာကြောင့် သူမ ဖျက်ခနဲ မျက်ဝန်းတွေ ပွင့်လာသည်။

"ဟင် ... မောင် ... မောင်ဘယ်အချိန်ကနိုးနေတာလဲ"

လူနာစောင့်ပါတယ်ဆိုမှ အိပ်ပျော်သွားရသော ကိုယ့်



www.burmeseclassic.com

အဖြစ်ကို သူမ ဒေါသဖြစ်ချင်ချင်။ သူ ပြုံးကာ ...

"စောစောကပဲ နိုးတယ် ... ဒါလီကို တွေ့လိုက်ရတော့ ... မောင် အံ့ဩသွားတာပဲ ..."

"အဟင်း ... ဘာလဲ ... ပြန်မလာတော့ဘူး မှတ်လို့လား ..."

"အင်းလေ ... ဒါလီက မောင့်ကို အပြီးခွဲသွားတာ မဟုတ်ဘူးလား ..."

သူမ မျက်စောင်းလေး ထိုးလိုက်ရင်း ...

"ဟုတ်တယ် ... နေမကောင်းဘူးဆိုလို့ သနားပြီး ပြန်လာတာ ..."

"ဒါဆိုလည်း ... ဆက်သနားပါဦးဗျာ ..."

"အို ..."

နေမကောင်းသော သူက ယခုကြတော့လည်း သန်မာကာ သူမကိုယ်လေးကို ရင်ခွင်ထဲဆွဲယူ၏။ ထို့နောက် ခွဲခွာခဲ့ရတဲ့ နေ့တွေအတွက် မှတ်သိဖိသော အနမ်းများ။

"အို ... ဘယ်လိုဖြစ်နေတာလဲ လူနာက ..."

"ဒီလူနာ ... ဘာကြောင့်ဖြစ်တယ်ဆိုတာ သိရဲ့လား ... အချစ်နာ ... အလွမ်းနာကျနေတာဗျ ..."

"အို ... အို"





သူမ နှုတ်ခမ်းလေး တိတ်ဆိတ်ကာ သူ့ရင်ခွင်ထဲ ငြိမ်သက်သွားရှာ၏။ သူ့ အကြင်နာ၊ အယုအယတွေက လှိုက်လှိုက်လှဲလှဲ သူမ ပြန်၍ တုံ့ပြန်မိတော့သည်။ တကယ်တော့ သူမကိုယ်တိုင်လည်း မောင့်ကို လွမ်းနေတာ မဟုတ်လား။

အိပ်ရာက နိုးလာတော့ သူမ ကိုယ်လေးမောင့်ရင်ခွင်ထဲမှာ။ သူ့ မျက်ဝန်းတွေ ပွင့်လာကာ သူမတစ်ကိုယ်လုံးကို မလွှတ်တမ်းဖက်ထား၏။

"အို ... လွှတ်စမ်းပါဦး ... ဒါလီ အသက်ရှူကြပ်နေပြီ ..."

"မလွှတ်ဘူး ... နောက်တစ်ခါ ဒါလီမောင့်ရင်ခွင်ထဲက ထွက်ပြေးမှာဆိုးလို့လေ ..."

"ဟင် ... အဲဒါဆိုရင် ... မောင် ဝမ်းသာမယ် မဟုတ်လား ..."

သူ့ လက်မောင်းကြီးကို ဖွဖွဆွဲလိမ်ကာ အံလေးကြိတ်ပြောသည်။

"ဘယ်နှယ့် မေးလိုက်တာလဲဗျာ ... ဘယ်လောက် လွမ်းရတယ် မှတ်နေသလဲ ... များတာသာကြည့်တော့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်နှာလေးကို နမ်းရှိုက်ကာ လှိုက်လှဲစွာ သူပြော၏။

"မချွဲပါနဲ့ ... အမေပေးစားလို့ယူတာဆို ..."

"အဟွန်း ... ဒါဆို အချစ်က မကျေမနပ်ဖြစ်နေတာလားဗျာ ... ဟုတ်တယ်လေ ... အစက အမေပေးစားလို့ ယူတာ ... ဒါပေမယ့် ... ဒီကောင်မလေးကို သိပ်ချစ်သွားတာကော ဘယ်သူသိလဲ ..."

"တော်ပါ ... အဝိုတွေ ..."

"ဟောဗျာ ... မယုံဘူးလား မယုံတဲ့ ကောင်မလေးကို ယုံအောင် ... ကဲ ..."

"အို ... မောင်"

မောင်က အချစ်ကြမ်းတွေဖြင့် သက်သေပြတော့ သူမမှာ မွန်းကြပ်သွားရသည်။ သည်လို ချစ်တတ်သော မောင့်ကြောင့် သူမမှာ ဝေးကွာဖို့ မစဥ်းစားနိုင်။

"ယုံပြီလား ..."

"ဟင်း ..."

"အဟွန်း ... မောင်တော့ ဒါလီသာပြန်မလာရင် ဓာခြည်တို့အိမ်မှာပဲ လိုက်နေတော့မလို့ ..."

"ဟင်း ... ရပါလိမ့်မယ် ... ဟိုက ရိုက်ချမှာပေါ့"





"ရိုက်ချတော့ ... ဒါလီကို လက်ဆွဲပြေးမှာပေါ့ဗျ"

မောင့်အပြောကြောင့် သူမ ပြုံးမိ၏။

"နေဦး ... မောင် နေကောင်းပြီလား ..."

ယခုမှ သတိရကာ သူ့နဖူးကို ဖြူနုသော လက်ဖဝါးလေးဖြင့် သူမစမ်း၏။

သူမလက်လေးကို ဖမ်းဆုပ်ကိုင်ကာ သူရယ်သည်။

"ဒါလီကို မြင်လိုက်တာနဲ့ ... မောင့်အဖျားတွေ ပျောက်ကုန်တာဗျ ..."

"နောက်တစ်ခါ ဒါလီကို စိတ်ဆိုးအောင်လုပ်ရင် ... တစ်သက်လုံး ပျောက်မယ် ..."

"မခြိမ်းခြောက်ပါနဲ့ဗျာ ... ဒီကောင် နှစ်ခါလွမ်းရရင် သေရုံပဲ ရှိမယ် ..."

သူမကိုယ်လေးကို တအားဖက်ကာ သူပြောသည်။ သူ့အနမ်းတွေကလည်း သူ့ရဲ့ ပြင်းပျတဲ့အလွမ်းတွေကို သက်သေပြနေသလိုပါပဲ။

"မောင် ..."

"ဟင် ..."

"ဟို ... မခင်မွန် လက်ထပ်သွားတာ မခံစားရဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုအမေးကြောင့် သူပြုံး၏။

"ဘာတွေ လျှောက်မေးနေတာလဲ ... ခင်မွန်က မောင့်သူငယ်ချင်းပဲ ... ဘာကြောင့် စိတ်စားရမှာလဲ ..."

"အမယ် ... မယုံပါဘူးနော် ... မောင်ပဲ ငယ်ကျွမ်းဆွေဆို ..."

"ခြော်ဗျာ ... ဒီလိုမှဖြင့် ... ဒီကောင်မလေးနဲ့တောင် လက်ထပ်ဖြစ်မလား ... ခင်မွန့်ကို မောင်သူငယ်ချင်းလိုပဲ ခင်ခဲ့ပါတယ် ..."

တည်ကြည်သော မျက်နှာထားဖြင့် သူ့အပြောကြောင့် ပ

သွားရ၏။

"ဒါပေမယ့် ... သူက ချစ်ရာလေးနော် ..."

"ဟုတ်လား ... မောင့် မျက်စိထဲမှာတော့ ... မော့ဒီ ကောင့်မလေး ချစ်စရာအကောင်းဆုံးပဲဗျ ..."

"အို ..."

ပြောရင်း နည်းကျသော အသားလေးတွေကို သူနမ်းရှိ

သည်။ အရက်မမူးဘဲ၊ အချစ်မူးနေသော မောင်ပါလား။

"မောင် ... ဒီနေ့ အလုပ်သွားမှာလား ..."

"ဟင့်အင်း ... ဆရာဝန်က အနားယူရမယ်တဲ့"

"ဟုတ်လား ... ဒါဆို ... ဒါလီကိုယ်တိုင် မောင့်ကို ဟင်းကောင်းကောင်း ချက်ကျွေးမယ်နော် ..."





ပစ်ထားတာ ကြာပြီဖြစ်သော မောင့်ကို အတိုးချပြုစုဖို့ သူမ တာဝန်ပေ။

"နေပါစေ ..."

"ဟင် ... ဘာပြုလို့လဲ ..."

"မောင် လွမ်းနေတာ ဒါလီကိုလေ ..."

ထိုအပြောကြောင့် သူမ မျက်နှာလေး ပန်းနုရောင်သမ်း သွား၏။

"လွမ်းနေရုံနဲ့ ပြီးလေလားမောင် ... အစားလည်း စားမှပေါ့ ... မောင် ထမင်းမစားဘူးဆို ..."

"ဟုတ်တာပေါ့ ... မောင့်မိန်းမက ပျောက်နေလို့လေ ..."

ထိုအပြောကြောင့် သူမ ရယ်မိ၏။ မောင်လည်း တစ်ခါ တစ်ခါ ကလေးဆန်တာပဲ။

"ဒါလီကတော့ မောင့်ကို သတိမရဘူး မဟုတ်လား ..."

မောင် မကျေမနပ်မေးသည်။ သူမ အရယ်လေးရပ်ကာ မောင့်ကို ရှုန်းရှုန်းစာစာကြည့်၏။

"ဘယ်သူပြောလဲ ..."

"ဘယ်သူ မပြောပေမယ့် သိတာပေါ့ဗျာ ... ဟိုမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒါလီ မျှော်နေတာ မဟုတ်ဘူး ...”

“အပေါ်ယံ အမြင်ကတော့ ... ဟုတ်ချင်ဟုတ်ပါ လိမ့်မယ် မောင် ...”

“ဟင် ...”

“တကယ်တမ်းမှာ ... ဒါလီ နှလုံးသားထဲက လွမ်း နေတာ ဘယ်သူမြင်မလဲဟင် ...”

“ဒါဆို ... ဒါလီလည်း မောင့်ကိုလွမ်းတယ်ပေါ့ ...”

သူမပြုံး၍ ...

“ဟင့်အင်း ... မလွမ်းပါဘူး ...”

“ကြည့်စမ်း ... မလွမ်းတဲ့ကောင်မလေး ...”

“အို ...”

ယခုတော့လည်း ချစ်သူနှစ်ဦး အဆင်ပြေကာ ပတ်ဝန်းကျင်ကိုပင် မေ့သွားပြီ။ တစ်ယောက်အလို တစ်ယောက်လိုက်က ဘယ်သူ မိုချစ်ကြောင်း သက်သေပြသလိုပါပဲ။

သူတို့အဖြစ်က အလွမ်းသက်သေကို အချစ်သက်သေပြ ပြနေလေတော့၏။

❖❖❖





မာဇီက ပြန်မလာသေးဘဲ နောက်ထပ်တစ်လနေဦးမည် ဟု ဖုန်းဆက်လာသည်။ မန္တလေးရောက်တုန်း စပ်ကိုင်းတွင် ဒေါ်မမကြီးနှင့် အဖော်ရကာ တရားအားထုတ်မည်ဆိုသတဲ့။

“တစ်လနေပြီးရင် ... မာဇီပြန်လာခဲ့ ... သမီး လွမ်းလှပြီ ...”

ဖုန်းထဲမှာ ကလေးတစ်ယောက်လိုမှာနေသော မြဒါလီ ဗိုက်စံလေးကြောင့် အားမှ သတင်းစာထိုင်ဖတ်နေသည့် သက်မောင်ကြီး ပြုံးမိ၏။

ယခုထိ ချွဲချင်တဲ့ ကလေးမ။

“အေးပါကွယ် ... သမီးသာ လိမ်လိမ်မာမာ နေပါ၊ မောင်သက်ကို ကောင်းကောင်းပြုစုရဲ့လား ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မာမီရဲ့ ... မာမီ သမက်ကသာ သမီးကို ..."

"ဟိတ် ... ဘာတွေ လျှောက်ပြောမလို့လဲ ..."

သူ့အနားရောက်လာသည်။

"အဟင်း ... မာမီ သမက်ကလည်း လိမ္မာပါတယ်လို့ ... မေမေကြီးကော နေကောင်းလား မာမီ ..."

"ကောင်းပါတယ်ရှင် ..."

သက်မောင်ကြီးက မြဒါလီလက်ထဲမှ တယ်လီဖုန်းယူကာ လှမ်းပြောသည်။

"မာမီ စိတ်ကိုင်းမှာ အေးအေးဆေးဆေး တရားအားထုတ်ပါ ... ကျွန်တော်တို့အတွက် မပူပါနဲ့ ..."

"ကြော် ... ဒါလီအတွက်လား ... စိတ်ချပါ ... ခုဆို ဒါလီက လိမ္မာနေပါတယ် ... ဟုတ်ကဲ့ ... မေမေ့ကို ပြောပြလိုက်ပါ ခင်ဗျာ ..."

ဖုန်းချတော့ သူက မြဒါလီကို ဆူ၏။

"ဘာဖြစ်လို့ မာမီတရားအားထုတ်မှာကို ... စိတ်မဖြောင့်အောင် သွားပြောရတာလဲ ဒါလီ ..."

"အို ... မာမီသွားတာ အကြာကြီးကို ... ဒါလီ တကယ်လွမ်းနေတာ ..."





မှန်တာပြောလျှင် အိမ်ထောင်မကျခင်အထိ မိခင်နှင့်သူမ သက် အကြာကြီး တစ်ခါမှ မခွဲဘူးပါ။ လောကမှာ သူမအတွက် တွယ်စရာ ဒီအမေတစ်ယောက်သာ ရှိခဲ့သည် မဟုတ်လား။

"ခက်တာပဲ ... ဒါလီနဲ့တော့ ... ခင်ဗျားလေးက ကိုယ့်ကိုကိုယ် ကလေးမှတ်နေလား ... လူကြီးမှ အိမ်ထောင်ရှင်မ ဖြစ်နေပြီဗျ ..."

"အို ... အိမ်ထောင်ရှင်မ ဖြစ်တာနဲ့ မာမီကို ချစ်တာ ဘာဆိုင်လဲ မောင် ..."

"ဟောဗျာ ... မာမီ့ကို မချစ်ရဘူးလို့ မဆိုလိုပါဘူး ဒါပေမယ့် ... အရင်လို ကလေးဆန်နေလို့ ဘယ်ဖြစ်ပါ့မလဲ ခုဆို မာမီတို့လည်း အသက်ကြီးပြီ ... သူတို့အတွက် နောင်သံသရာမှာပါမယ့် ... တရားအလုပ်ကို ဖြောင့်ဖြောင့် လုပ်ပါစေလား ဒါလီရယ် ..."

စနီးသည်မှာ ကလေးဆန်တာကြောင့် ပူနားဝင်အောင် ပြနေရ၏။

သူမ မျက်နှာလေးညိုးကာ ...

"မာမီက အပြီးတရားအားထုတ်သွားရင်ခက်တာပဲ"

"ဟောဗျာ ... အဲဒါ မခက်ဘူး ... ကောင်းတာဗျ"

"မောင်နော် ... မောင်က ကိုယ်ချင်းမစာဘူး ..."

www.burmeseclassic.com



သူမကို အတိုက်အခံ လိုက်လုပ်နေတယ်ထင်ကာ လက်မောင်းကြီးအား ထုရိုက်မိ၏။ သူမလက်တွေကို သူမ ဖမ်းဆုပ်ကိုင်ကာ ...

"မောင် ... အကောင်းပြောတာ ဒါလီ ... မောင်ကိုယ်ချင်းစာတာပေါ့ ... မောင့်မှာလည်း မေမေတစ်ယောက်ပဲရှိတာ ... ဒါပေမယ့် ... မေမေက မောင့်အပေါ် တာဝန်ကျေခဲ့ပြီ ... ခုနေ မေမေအပြီးတိုင်တရားအားထုတ်မယ်ဆိုရင် ... မောင်က ဝမ်းသာအားရထောက်ခံမှာပဲ ..."

"ဪ ... ဒါက မောင်က ယောကျ်ားကိုး ... ယောကျ်ားလေးဆိုတာ ... မိခင်ကို ဘယ်တွယ်ပါ့မလဲ"

"ဘယ်နှယ့် ... မောင်လောက် မိခင်ကို တွယ်တာတာ ဘယ်သူမှ မရှိဘူး ... ကိုယ် တွယ်တာတော့ကော မေမေတို့က ကိုယ်နဲ့အတူ တစ်သက်လုံး နေနိုင်မှာ ဟုတ်လို့လား ... ဒီမှာ ဒါလီ ... နောက်ဆုံးတော့ အားလုံး ကိုယ့်လမ်းကိုယ်သွားရမှာပဲဗျ ..."

ထိုစကားကြောင့် သူမ မျက်နှာလေးမကောင်းတော့။ ရလာကစ်တရားကို သူမ စံနိုင်ဖို့ အင်အားမရှိပါ။

"တော်ပြီကွာ ... မောင်က အဲဒါတွေ ပြောနေမှန်း





လည်း မသိဘူး ... ဒါလီ သိတာက ဒါလီချစ်တဲ့ သူတွေနဲ့ အတူတူနေချင်တာပဲ ..."

တစွတ်ထိုးဆန်ဆန် သူမ၏အပြောကြောင့် သူ ခေါင်းသာ ယမ်းမိသည်။

"ဟုတ်ပါပြီ ... ဒါဆို ... မာမီပြန်လာအောင် လုပ်တာ တစ်နည်းပဲ ရှိတယ်ဗျ ..."

"ဘာနည်းလဲ ..."

မျက်လုံးဝိုင်းလေးဖြင့် သူမ သိချင်စွာမေးတော့ သူ နှစ်ခြိုက်ခြိုက်ပြုံး၏။ ထို့နောက် သူမ မျက်နှာလေးကိုကြည့်ကာ ...

"ဘာနည်းလဲဆိုတော့ ... မာမီ့ကို မြေးတစ်ယောက် အမြန်လက်ဆောင်ပေးဖို့ပဲ ..."

"အို ..."

သူမ၏ ဖြူနုသော မျက်နှာလေး ဖြန်းခနဲ နီရဲသွားသည်။

"ကြည့်စမ်း ... မောင် မကောင်းဘူးကွ"

"ဟောဗျာ ... မောင်တကယ်ပြောတာဗျ ... အမေတွေ နှစ်ယောက်လုံးက မြေးဘယ်လောက် လိုချင်လဲ ဆိုတာ ဒါလီသိရဲ့လား ..."

"မသိဘူးကွာ ..."

ပြောပြီး သူမအခန်းထဲသို့ ပြေးဝင်၏။ သူနောက်မှလိုက်သွားသည်။

www.burmeseclassic.com



"ဒါလီ ..."

"တော်ပြီနော် ... မဟုတ်တာတွေ မပြောနဲ့"

သူ့ရင်ဘတ်ကြီးကို လက်သီးဆုပ်လေးဖြင့် ဖွဖွထုရိုက်ကာ သူမပြောတော့ သူရယ်၏။ သူမ ကိုယ်လေးကို ထွေးပွေ့ယူကာ မျက်နှာလှလှလေးအား ရှိုက်နမ်းသည်။

"မောင်ကလည်း ... ဒါလီ့ကို လက်ဆောင်တောင်း ချင်တယ် ..."

"ဟင် ... ဘာလဲ ..."

"အဟွန်း ... သားလေးတစ်ယောက်လောက်လေ"

"အို ... ကြည့်စမ်း ..."

သည်တစ်ခါတော့ နီရဲနေသော သူမမျက်နှာလေးကို မောင့်ရင်ခွင်တွင်းဝှက်ပြီမိ၏။ မောင်က သူမကျောပြင်လေးကို ဖွဖွ ပွတ်သပ်သည်။

"မောင် တောင်းတဲ့လက်ဆောင် ဒါလီ ပေးမလား ဟင် ..."

သူမက မျက်တောင်ကော့များပင့်ကာ မရဲတရဲသူ့ကိုကြည့် သည်။

"မစောလွန်းဘူးလား မောင်ရယ် ... ဒါလီ မောင့် ရင်ခွင်ထဲမှာ ဝအောင် အိပ်ပါရစေဦးနော် ..."





"ဒါလီရယ် ..."

ရင်ခွင်ထဲတိုးဝင်ကာ ချွဲနွဲ့စွာ ပြောလာသော မိန်းကလေး ကို သူ မြတ်နိုးစွာ ဖက်တွယ်မိ၏။ သူ့ထက်စာလျှင် သူမက ငယ် သေးတော့ လွတ်လွတ်လပ်လပ် နေချင်ဦးမှာပေါ့ဟု တွေးမိသည်။

"ဒါဝေမယ့် ... ဒါလီက ဘာမှမလုပ်ပါဘူးမောင် ... သူကံတရားအတိုင်းပဲပေါ့နော် ..."

"အဟွန်း ... ဟွန်း ... မောင့်ချစ်က သိမှာတယ် ဗျာ ... မောင်ကလည်း ဒါလီကို စွတ်အတင်း မတောင်း ဆိုပါဘူးဗျာ ... အားလုံး ကံအတိုင်းပေါ့ ..."

ထိုစကားကြောင့် သူမ ဝေါ့ပါးစွာ ပြုံး၏။ သူ့ကိုယ်ကြီးကို တင်းတင်းပြန်ဖက်ကာ နမ်းသည်။

"မောင် ..."

"ဗျာ ..."

"ဒါလီတို့ မင်္ဂလာဆောင်ပြီးကတည်းက ဘယ်ကိုမှ ပျားရည်ဆမ်း မထွက်ရသေးဘူးနော် ..."

"အင်း ... ခင်ဗျားလောက်တော့ မကြည့်ဘဲကိုးဗျ ..."

"အဟင်း ..."

မင်္ဂလာဆောင်တဲ့အထိ သူ့ကို သူမကြည့်လို့မရခဲ့တာတွေ သတိရကာ ပြုံးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကတော့ ... ဒါလို စိတ်ဆိုးအောင် တမင်လိုက်စနေတာ မဟုတ်လား ..."

"ဒါကတော့ ... ချစ်လို့ကိုး ..."

"ဟင်း ... တော်ပါ ... ကဲ ... ခုတော့ အဲဒီရက်တွေ အစား ဒါလိုတို့ ချောင်းသာသွားရအောင်နော် ..."

"ဟာ ... မောင့်အလုပ်က ..."

"ဟင့်အင်းနော် ... ရေဘူး ... ဒါလို သွားချင်တယ် လိုက်မို့ ..."

နှုတ်ခမ်းလေးစူကာ ခြေလေးတစ်ချက်ဆောင့်တော့ သူ အခက်တွေ့ပြီး စိတ်ထဲကလည်း သူမတောင်းဆိုတာကို လိုက်လျောချင်တာ အမှန်။

"မောင့်ကို အချိန်နည်းနည်းပေးကွာ ... မောင် အလုပ်ထဲ အခင်ပြေ ... မပြေကြည့်လိုက်ဦးမယ် ..."

"ဘယ်နှစ်ရက်စောင့်ရမှာလဲ ..."

"တစ်ပတ်တည်း ..."

"ဟင် ... အကြာကြီး ..."

သည့်ကောင်မလေး တမင်ဂျီတိုက်ပြီဟု သူသိလိုက်၏။

"ဘယ်က ကြာရမှာလဲဗျ ... ဒီတစ်ပတ်အတွင်း ဒါလိုက သွားဖို့ လာဖို့ အသင့်ပြင်ထားပေါ့ ..."





"အေးနော် ... ကတိပေးပြီးမှ ဖျက်ရင်တော့ ..."

လက်ညှိုးလေးထောင်ကာ သူမ ကြိမ်းဟန်လေးကြောင့် သူ ပခုံးတွန့်လိုက်၏။

"မမလေး ... စိတ်ဆိုးမှာ ကြောက်ပါကယ်ဗျာ ... ကျွန်တော်မျိုး ကတိမပျက်ရဲပါဘူး ..."

"အဟင်း ... ဟင်း ... ဒါကြောင့် မောင့်ကိုချစ်တာ"

"ဟော်ဗျာ ..."

သူ့လည်ပင်းကို ဖြူနုသွယ်လျသော လက်ကလေးများဖြင့် သူမ ဖက်တွယ်လာ၏။

"စောစောက ခင်ဗျားလေး ဘာပြောဘယ် ..."

"ချစ်တယ်လို့ ... ဟောဒီလူကြီးကို ချစ်တယ်လို့ ပြောတာ ... ကဲ ..."

သူမက စိတ်မရှည်ဟန်လေးဖြင့် သူ့ရင်ဘတ်ကြီးကို လက်ညှိုးလေး ထိုးကာ ဆက်တိုက်ပြောချတော့ သူ့နှလုံးသားတွေ ကြည်မွေ့ကာ နစ်မြှုပ်စွာ ရယ်မောမိတော့၏

သည်လို ချမ်းမြေ့စရာ နေ့လေးတွေ သူ့ဘဝအတွက် နေ့တိုင်း တောင်းတမိပါရဲ့လေ။

◆❀◆



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... မောင်ရှုံးပြီ"

သည်နေ့ဆို ချောင်းသာ ရောက်တာ သုံးရက်၊ ချောင်းသာသို့ အပန်းဖြေထွက်လာတာ သူတို့စနီးမောင်နှံအတွက် မှန်ကန်လှပေ၏။

အထူးသဖြင့် သူမက ကလေးတစ်ယောက်လို ပျော်ရွှင်ရယ်မောနေတာ မြင်ရတာလောက်တော့ သူစိတ်ထဲ ချမ်းမြေ့တာမရှိ။

"ယခုလည်း ရေကူးပြိုင်မယ်ဆိုတာကြောင့် သူလက်ခံလိုက်သည်။

"နိုင်ရင် ဘာကြေးလဲ ..."

သူ ပြုံးစေစေမေးတော့ သူမ ပြုံးကာ ...

"ကြိုက်တာ တောင်းကြေးတဲ့ ..."





"စိန်လိုက် ..."

ထို့နောက် တကယ်ပြိုင်တော့ သူရှုံးလေ၏။ တကယ်တော့ သူမက အနိုင်ရမှ ကြိုက်တတ်တာကြောင့် သူ့တမင်အရှုံးပေးခြင်းပါ။ ဒါကိုပဲ သူမကလေးတစ်ယောက်လို ခုန်ပေါက်ကာ ပျော်လို့။

"ကဲ ... ကဲ ... ဒါလီနိုင်ပြီ ... မောင့်ဆီက ဘာတောင်းလဲ ..."

သူမေးတော့ သူမကစဉ်းစားဟန်လေးဖြင့် မျက်စုံးလေး တွန့်သည်။

"အဟင်း ... မောင်ဂစ်တာတီးပြီး သီချင်းဆိုပြ"

"ယောဖျာ ... မောင်မှ သီချင်းမဆိုတတ်ဘဲ ..."

"ဟင့်အင်း ... ဟင့်အင်း ... မရဘူး ... ကြိုက်တာတောင်းကြေးဆို ... ဒါပဲ ... ဒီည ဆိုပြရမယ် ..."

ကိုယ့်ကတိနှင့်ကိုယ်မိနေပြီမို့ သူမတောင်းဆိုသမျှ လက်ခံလိုက်ရ၏။

"ကောင်းပြီကွာ ..."

"အဟင်း ... ဒါမှ တို့မောင်"

ထိုနေ့ညစာစားပြီးတော့ ဘန်ဂလိုရှေ့က သဲသောင်မှာ မီးပုံပွဲလေး လုပ်ကာ သူဂစ်တာတစ်လက်ရှာလာပြီး သီချင်းဆိုပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဆိုပြတဲ့ သီချင်းက ပလေးဘွိုင်းသန်းနိုင်၏ နာမည်ကြီး သီချင်း 'ဆု' တဲ့။

သူမ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ကာ ထိုသီချင်းကို သူ ဆိုသည်။

ကြည့်စမ်း ...

သီချင်းမဆိုတတ်ဘူးပြောတဲ့လူက ယခုတော့ ပလေးဘွိုင်းသန်းနိုင်ပင် အရှုံးပေးရမည့်အဖြစ်၊ ကြည်လင်ပြတ်သားတာနှင့် အမှု အဆိုကောင်းလွန်းသော မောင် ...

သီချင်းပြီးဆုံးသွားချိန်မှာ သူမ လက်ခုပ်လေး အားရပါးရ တီးမိတော့၏။

"ဖြောင်း ... ဖြောင်း"

သူမ လက်ခုပ်တီးတော့ မောင်ပြုံးသည်။

"ဘယ်လိုလဲ ... မောင့်အသံကောင်းရဲ့လား ... ဒါလီ"

"သိပ်ကောင်းတာပဲ ... မောင်က သီချင်းမဆိုတတ်ဘူးဆိုတာ ညာတာပဲ ..."

"အဟွန်း ... အဖြစ်လောက်ပါ ... ကဲ ... မိုးချုပ်ပြီ၊ ဘန်ဂလိုပေါ်တက်ရအောင် ..."

"အို ... နေပါဦး ... မောင်ကလည်း နောက်ထပ်





သီချင်းဆိုပြဦး ..."

"ဟာ ... ပင်လယ်လေက အရမ်းတိုက်တယ်ကွ တော်ကြာ ... ဒါလီ ဖျားနေမယ် ..."

ဆောင်းတွင်းဘက်ရောက်လာတာမို့ ပတ်ဝန်းကျင်က အေးစိမ့်စိမ့် သူမက အင်မတန် နုနယ်တာမို့ သူ ဂရုစိုက်ရ၏။

"ဟင့်အင်း ... ဆိုဦး ..."

"ဂျိမကျနဲ့ကွာ ... ကဲ ... လာ ... ဒါဂဲ့ကို သီချင်းနဲ့ ချော့သိပ်မယ်နော် ..."

သူမ လက်လေးဆွဲယူကာ နေရာမှ ထ၏။ သည်တော့လည်း သူမချောမောစွာ လိုက်ပါလာ၏။

တကယ်ပဲ သူမကို အိပ်ပျော်စေရန် သီချင်းဆိုကာ သူချော့သိပ်ဖြစ်သည်။ မကြာခင် သူ့ရင်ခွင်ထဲမှာ သူမ နှစ်ခြိုက်စွာ အိပ်ပျော်သွားလို့။

ကလေးတစ်ယောက်လို နှစ်ခြိုက်စွာ အိပ်ပျော်သွားသော သူမ မျက်နှာလေးကို ချစ်မြတ်နိုးခြင်းများစွာဖြင့် ကြည့်မိသည်။

ဒါလီ ...

မောင့်အသည်း မြဒါလီ။

ယခုတော့ သူ့ဘဝမှာ သူမ မရှိ၍ မဖြစ်တော့ပါ။ သည်လောက်ထိ သူမကို ချစ်မိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ တရေးနိုးလာချိန်မှာ မောင့်ကိုမတွေ့ရ။ ကြည့်လိုက်တော့ မောင်က ဝရံတာမှာထွက်၍ စီးကရက်သောက်နေသည်။

ကြည့်စမ်း ဒီအချိန်ထိ မောင်မအိပ်သေးပါလား။

"မောင် ..."

သူမက ခြေလှမ်းဖွဖွဖြင့်သွား၍ မောင့်ကို နောက်ကျောသိုင်းဖက်ကာ ခေါ်လိုက်၏။

"ဟောဗျာ ... ဒါလီ တရေးနိုးလာတာလား ..."

သူက ကုန်နေပြီဖြစ်သော စီးကရက်ကို တောက်ထုတ်ကာ ခေါင်းမော့ကြည့်၍ မေးသည်။ သူမပြုံးကာ ...

"အင်း ... မောင်ကော တရေးနိုးတာလား ..."

"အဟွန်း ... မဟုတ်ဘူးဗျာ ... အိပ်ကို မအိပ်ရသေးတာ ..."

"ဟင် ... ဒီအချိန်ကြီး အိပ်မပျော်ဘဲ မောင်က ဘာတွေတွေးနေတာလဲ ..."

သူ့ကို စူးစမ်းသလို ကြည့်ကာ မေးမိ၏။ မောင်က သူ့ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူသည်။

"အင်း ... ဘာလို့ အိပ်မပျော်တာလဲဆိုတော့ ... ကောင်မလေး တစ်ယောက်အကြောင်းတွေးနေလို့"

"ဟင် ... ကြည့်စမ်း ... မောင် အိပ်မပျော်တာ





ရည်စားဟောင်းအကြောင်း တွေးနေလို့ပေါ့လေ ..."

သူမ ဆတ်ခနဲ မောင့်ရင်ခွင်မှ ရုန်းထကာမေးသည်။ သူ့မျက်နှာက ပြုံးစေ့စေ့။

"အင်းပေါ့ ... မောင်ချစ်တဲ့ကောင်မလေးလေ"

"တော်ပြီ ... တော်ပြီ ... မကြားချင်ဘူး ... ဒါလီ အိပ်တော့မယ် ..."

နားလေးနှစ်ဖက်ကို လက်လေးဖြင့် ခုပ်ကာ မျက်လုံးလေးမှိတ်၍ သူမအော်၏။

"ဟောဗျာ ... အဟွန်း ... ဟွန်း ... ဘကားပဲနား ထောင်ပါဦး ... မောင်ချစ်တဲ့ကောင်မလေးက ဘယ်သူလဲဆိုတာ မသိချင်ဘူးလား ..."

"အို ... ဘာမှ မသိချင်ဘူး ... လူကိုများ သူ့ရည်းစားဟောင်းအကြောင်း ပြောဦးမလို့ပေါ့လေ ... ကဲ ... ကဲ"

အချစ်နှင့်ပတ်သက်လျှင် သဝန်တိုတတ်သော သူမက ဆက်လက် သည်းမခံနိုင်တော့ဟန်ဖြင့် လက်သီးဆုပ်လေးနှစ်ဖက်ဖြင့် သူ့ရင်ဘတ်ကျယ်ကြီးကို ထုရိုက်မိတော့၏။

"ဟာ ... ဟိတ် ... ဟိတ် ... ဘယ်နှယ့် လူကို နှိပ်စက်နေရတာလဲကွ ... ဟော့ဒီမှာ ... လာပါဦးဗျို့



www.burmeseclassic.com

www.burmeseclassic.com



ညကြီးအချိန်မတော် ကောင်မလေးတစ်ယောက် ...
ကိုယ့်ယောက်ျားကို နှိပ်စက်နေပါတယ် ..."

"ဟင် ... ကြည့်စမ်း ... အရှက်မရှိ ... ဘာလို့ အော်ရတာလဲ ..."

သူမက သူ့နှုတ်ခမ်းကို လက်လေးဖြင့် လာအုပ်ရင်း မျက်စောင်းထိုးပြော၏။ သူမ လက်လေးကို သူဖယ်ရှားကာ ...

"အော်ရမှာပေါ့ဗျ ... ခင်ဗျားလေးက လူကိုနှိပ်စက် နေပြီးတော့ ..."

တကယ်တော့ သူတို့ဘန်ဂလိုက သီးသန့်လုံးချင်းမို့ ဘယ်သူမှ မကြားပါ။

"အို ... အဲဒီလို နှိပ်စက်အောင် ဘယ်သူပြောလဲ"

"ခက်ပါလား ... စကားလည်း ဆုံးအောင် နား မထောင်ဘဲနဲ့ ... ကျုပ်မှာရည်းစားဟောင်းကော ... ရည်းစားသစ်ကော ... မိန်းမကော ... ဇနီးကော ... ခင်ဗျားလေး တစ်ယောက်ပဲရှိတာဗျ ..."

"ဟင် ..."

ထိုအပြောကြောင့် သူမ အထူအရိုက်ရပ်ကာ သူ့ကိုအံ့ဩ စိုက်ကြည့်သည်။

"ဒါ ... လူကို ညာတာမဟုတ်လား ..."





ကဲ အမှန်ပြောတော့လည်း သူက မယုံဘူး။ သူ ခေါင်းရှုပ် သွားသည်။

"ပြောလေမောင် ... ဒါလီ ကျေနပ်အောင် ညာနေ တာ မဟုတ်လား ..."

"ကျွတ် ... ခက်ပါလားဗျာ ... ကျွန်တော်မျိုး တကယ်ပြောတာပါခင်ဗျ ..."

"အဟင်း ..."

သည်တော့မှ သူမ မျက်နှာလေးပြုံးလေ၏။

"ကြည့်စမ်း သိလျက်သားနဲ့ ဒီကောင်မလေး တမင် ဆိုးတာ ... လာခဲ့ ..."

"အို ..."

သူမကိုယ်လေးကို ဆွဲခနဲတောက်ယူပွေ့ချီကာ ခေါ်ခဲ့ပါတော့၏။ စောစောက ရေပြင်ပေါ်မြှာကျနေသော လရောင်သည် တဖြည်းဖြည်း ကွယ်ပျောက်သွားလို့။

အေးမြသော လေပြည်လေညှင်းသည်ပင် နွေးထွေးသော သူတို့ ကမ္ဘာလေးထဲသို့ ဝင်ရောက်၍မတိုးနိုင်တော့ပါလေ။

◆❀◆



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... မြဒါလီ"

သည်မနက်ကမ်းခြေမှာ မောင်နှင့်အတူ လမ်းလျှော

စဉ် မမျှော်လင့်ဘဲ တဏ္ဍသိုလ်တုန်းက သူငယ်ချင်းများကို ဒေ

လိုက်၍ သူမ ဝမ်းသာသွား၏။

"ဟယ် ... သီဟာတို့ ... မိုးဇော်တို့ပါလား ... နင်တို့

ချည်းပဲလား ..."

"မဟုတ်ဘူး ... ဟိုမှာ သန္တာတို့ မိစံတို့ကော ..."

"အို ... ဟုတ်ပါရဲ့ ..."

မိန်းကလေးတွေလည်း အနားရောက်လာကာ အား

ဆူညံကုန်သည်။

"ကြည့်စမ်း ... ဒါလီ ... ကျောင်းပြီးကတည်းက

မတွေ့ရတာ ကြာပြီ ... မိန်းမ ခုမှ ပိုပြီးဝလှလို့ပါလား"



"အို ... နင်တို့ကလည်း ..."

သန္တာစကားကြောင့် သူမ မျက်နှာလေး ခြမ်းကာ ရှက်

သွားသည်။

"မောင် ... ဒါ ... ဒါလီ သူငယ်ချင်းတွေပဲ ..."

"သြော် ... ဟုတ်လား ..."

ဘောင်းဘီတွေ စကတ်တွေနှင့် ချာတိတ် တစ်သိုက်ကို သူ

လှကြီးဆန်ဆန် ပြုံးပြလိုက်၏။ ကောင်လေးတွေကလည်း နားမှာ

နားကွင်းလေးတွေနှင့် သူ့ချက်စိထဲတော့ ကြည့်၍ မရသလိုပေ။

"အားလုံး မှတ်ထား ... ဒါ ... တို့ယောကျ်ား ...

ဦးသက်မောင်ကြီးတဲ့ ..."

"အပီး ... နာမည်နဲ့ လူနဲ့လိုက်တယ်နော် ..."

"ဟုတ်တယ် ... ခန့်ခန့်ကြီးပဲ ..."

တကယ့်ဗရုတ်လေးတွေပဲ သူတွေးမိ၏ ထို့နောက် တညီ

တညွတ်တည်း။

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် ဒေနကယ် ..."

တဲ့ ...

"ဟဲ့ ... ဘယ်နှယ့် ဧျွန်မယောကျ်ားကို အန်ကယ်

ခေါ်နေရတာလဲ ... မောင်တော့ ရှင်တို့နဲ့တွေ့မှ အဖိုး

ကြီးဖြစ်ပါပြီ ..."

www.burmeseclassic.com



တကယ်တော့ သူ့အသက်က သူတို့ထက်လေးငါးနှစ်သာ ကြီးပေမယ့် စတစ်ကော်လံအကျီဖြူနှင့် ပိုးတွဲပုဆိုးတို့ကို ခပ်ရိုးရိုး ဝတ်ထားသော ပုံစံကြောင့် တမင်ခေါ်ကြခြင်းပါ။

"ဟာ ... ဦးသက်မောင်ကြီးက တို့ထက်ကြီးလို့ လေးလေးစားစား ခေါ်တာပဲ ... အန်ကယ် ... ဒီနေ့ မြဒါလီကို မီးတို့အုပ်စုနဲ့ ထည့်လိုက်နော် ..."

"ဟုတ်ပါတယ်ခင်ဗျ ... ကျွန်တော်တို့ သူငယ်ချင်းတွေ ကြုံရခဲလို့ ... တွေ့တုန်း ... အားလုံးဆုံရအောင်လို့ ပါ ..."

သူက မြဒါလီကို လှမ်းကြည့်သည်။ အမှန်တော့ မြဒါလီ ကိုယ်တိုင်ကလည်း သူငယ်ချင်းတွေနှင့် မတွေ့ရတာကြာပြီမို့ ယခုလို လှဆုံတုန်း လိုက်သွားချင်၏။

"ဒါလို သဘောလေ ..."

ဟု သူပြောတော့ အားလုံးက သူမကို ဝိုင်းကြည့်သည်။

"ကဲ ... အန်ကယ်ကတော့ ဒါလိုသဘောတဲ့ ..."

"အတင်း ... ဒါဆို မောင်ဘန်ဂလိုကပဲ စောင့်နေ နော် ... ဒါလီ ခဏလိုက်သွားဦးမယ် ..."

"အင်း ... အင်း ..."

မတတ်သာလှ၍ သူခေါင်းညိတ်လိုက်ရပေမယ့် စိတ်ထဲက





သူမကို လိုက်မသွားစေချင်ပေ။ ဘယ်နှယ့် ကောင်လေးတွေက ...ကဲကဲ ကောင်လေးတွေက ခပ်ကဲကဲနှင့် ဟိုကောင်လေးမျက် ...တွေက ဒါလီ့အပေါ် ကြည့်တာလည်း သူ မကြိုက်။

"အန်ကယ် ... စိတ်ချပါခင်ဗျာ ... ကျွန်တော်တို့ ဒါလီ့ကို ဆက်ဆက်ပြန်ပို့ပေးပါ့မယ်ခင်ဗျာ ..."

"မောင် ... ဒါလီလိုက်သွားပြီနော် ... ဘိုင်"

လက်လေးပြကာ ဒါလီက ဟိုအုပ်စုနောက် ...ပ်သွက်သွက် ...တ်သွားတော့၏။

သူမတို့အဖွဲ့ကိုကြည့်ကာ သူ သက်ပြင်းချ ခေါင်းခါယမ်း ...တ်သည်။

မြဒါလီ ... မြဒါလီ။

သူငယ်ချင်းတွေနဲ့ တွေ့တော့ ကိုယ့်ယောကျ်ားကိုတောင် ...သွားတဲ့အဖြစ်၊ သူတစ်ယောက်တည်း ပျင်းနေမယ်ဆိုတာ သူမ ...လား။

တကယ်ပဲ မြဒါလီတို့ လွန်ပါ၏။ သူငယ်ချင်းတွေနှင့် တွေ့ ... သူ့ကို လုံးဝမေ့သွားသလားမသိ၊ မနက်စာ ထမင်းချိန်လည်း ...တ်၊ ညနေကြတော့လည်း ပေါ်မလာ။

သူလိုက်ခေါ်လျှင်လည်း ဟိုဂျစ်ကပ်အုပ်စုက လှောင်ကြမည့် ...ပြီးသိပ်နေလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးစုန်းစုန်းချုပ်မှ သူငယ်ချင်းတစ်သိုက်နှင့် သူမပေါ်လ
သည်။

"အန်ကယ် ... ကျွန်တော်တို့ တာဝန်ကျေပါတယ်
နော် ... "

ဟင်း ညတက်မှ ပြန်မပို့လျှင် သူကပဲလိုက်ရတော့မ
အဖြစ်၊ သူညီစွာ နှုတ်ဆက်ပြီး ထိုအုပ်စုထွက်သွားမှ ဒါလီတ
ယောက် သူ့ကိုသတိရတော့၏။

"အဟင်း ... မောင်ရေ ဆောရီးနော် ... ဒီကောင်
တွေက မနက်ဖြန်ဖြန်တော့မှာမို့ ဒါလီ့ကို တစ်နေကုန်
ဆွဲထားတာ ... "

အပြုံးလေးဖြင့် သူ့ကို ချော့လာသော သူမကို လက်
ဖက်ဝိုက်ကာ တင်းတင်းကြည့်၏။

"ဩော် ... ဒါနဲ့ပဲ ခင်ဗျားက ကျုပ်ကို တစ်ယောက်
တည်း မေ့ထားတယ်ပေါ့ ... "

"ဟင် ... မောင်ကလည်း ဒါလီ့ကိုစိတ်ဆိုးနေတာ
လား ... "

သူ မျက်နှာတည်တော့ မျက်လုံးဝိုင်းလေးဖြင့် အတဲ
မေး၏။

"စဉ်းစားကြည့်လေ ... သူငယ်ချင်းတွေ တွေ့တာ





နဲ့ ... ခင်ဗျားလေး ကိုယ့်ယောက်ျားကိုယ် မေ့သွားတာ
မဟုတ်လား ... "

"အို ... မဟုတ်ပါဘူး ... သူတို့နဲ့ တွေ့တာကြာ
လို့ ... "

"ဩော် ... ဒါနဲ့ တစ်နေကုန်နေတယ်ပေါ့ ... "

"အဟင်း ... သူတို့က ရွတ်ဆွဲထားတာကို ...
မောင် ထမင်းစားပြီးပြီ မဟုတ်လားဟင် ... "

"မစားဘူး ... "

"ဟင် ... ဘာဖြစ်လို့လဲ ... "

"စဉ်းစားကြည့်လေ ... ဒီကိုလာတာ တစ်ယောက်
တည်းနေဖို့ ... စားဖို့ မဟုတ်ဘူးဗျ ... "

ပြောပြီး သူ အခန်းထဲဝင်သွားတော့ သူမ ခေါင်းကုတ်
ကျန်ခဲ့သည်။ မောင်တကယ်စိတ်ကောက်နေတာပဲ။

ဟို အုပ်စုကလည်း တော်တော် ကဲ၏။ မောင်စောင့်နေ
မယ်မှန်း သိလျက်နဲ့ သူမကို ပြန်မလွှတ်ပေ၊ ကမင်ဝိုင်းဆွဲထားကြ
သည်။

"ဘာလဲ ဒါလီ ... ရှင်က ဦးသက်မောင်ကြီးကို
ကြောက်နေတာလား ... ရှင့်လို ငယ်ငယ်လေးရထားမ
တော့ ... ဦးသက်မောင်ကြီး အလိုလိုက်ရမှာပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် မစံချင်အောင် တစ်ယောက်တစ်ပေါက် ပြောကာ သူမကို ပေးမသွား။ သူကိုယ်တိုင်ကလည်း သူငယ်ချင်းတွေ ပြန်ဆိုဖို့ မလွယ်တာကြောင့် မောင့်ကို တမင်မေ့ထားလိုက်ခြင်းပါ။

ယခုတော့ မောင့်မှာ သူမကိုစောင့်ကာ ထမင်းလည်း မစားရသေးဘူးတဲ့။

သူမ စိတ်မကောင်းဖြစ်ကာ ရယ်ဒီမိတ်ခေါက်ဆွဲထုပ်တွေ ရှိသေးလားဟု ပြေးကြည့်၏။ ထို့နောက် ရေနွေးအိုးတည်ပြီး မောင့်အခန်းဆီ ဝင်ခဲ့သည်။ မောင်က သူမကို စောင့်ပေးကာ အိပ်လို့။

သူမ အနားတွင် ဝင်ထိုင်ရင်း မောင့်လက်မောင်းပေါ် မျက်နှာလေးအပ်လိုက်၏။

"မောင် ... ထမင်းမစားရသေးဘူးဆို ... ဒါလီ ရေနွေးတည်ထားတယ် ... ခေါက်ဆွဲပြုတ်လေးစား လိုက်နော် ..."

သို့သော် မောင်က တုတ်တုတ်မျှ မလှုပ်။ လက်နှစ်ဖက် ပိုက်ကာ မျက်ဝန်းများ ပိတ်ထားလို့။

"မောင် ... မောင်လို့ ဒါလီ ခေါ်နေတယ်လေ"

သူ့ မျက်ဝန်းများ ဖြတ်ခနဲပွင့်လာသည်။

"ဘာလဲကွာ ... ဒီမှာ အိပ်မလို့ ..."

"ဟင် ... ဗိုက်ထဲအစာမရှိဘဲနဲ့ ... မောင်ဘယ်လို





အိပ်ပျော်မှာလဲ ... ထပါကွာထ ..."

သူ့လက်မောင်းကို ဆွဲတင်းဆွဲချ၏။

"ကျွတ် ... မစားဘူးကွာ ..."

"ဟင် ... မရပါဘူး ... ဒါလီကိုယ်တိုင် လုပ်ထားတာ စားရမယ် ..."

သူမ စိတ်ရှည်လက်ရှည် ချော့တာ ဒီတစ်ခါပဲရှိတာမို့ သူ ထင်းတုန်းရှိုက် တင်းထားလိုက်၏။ မဟုတ်လျှင် သူကသာ သူမကို ချော့နေရတာ မဟုတ်လား။

ယခုလည်း သူ့ကို ဆွဲအတင်းဆွဲခေါ်လာကာ ခေါက်ဆွဲပြုတ်တွေ တိုက်နေ၏။

"မောင် ... စားလေ"

"မစားဘူး ..."

"ဩော် ... ဟုတ်ပြီ ... ဒါလီကိုယ်တိုင် ခွံ့ကျွေးမှ ဟုတ်လား ... ကဲ ... ပါးစပ်ဟ ..."

အပြုံးလေးဖြင့် သူမက သူ့ကို ဇွန်းဖြင့် ခေါက်ဆွဲပြုတ်ခွံ့ကျွေးလေ၏။

သည်တော့လည်း သူက မငြင်း။ သူမကျွေးသမျှ စားရုံပေါ့။ ဒီလို အခွင့်အရေးမျိုး ရခဲပါဘိနှင့်။

"အဟင်း ... တောင်းလာ်မောင် ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

ယခုထက်ထိ မျက်နှာကို မလွှဲဘဲ သူခေါင်းညိတ်သည်။ တစ်ပန်းကန်ကုန်တာနှင့် သူတော်ပြီဟု ပြောကာ အခန်းထဲပြန်ဝင်ခဲ့၏။

အင်း ဒီလောက်ချော့တာတောင် မောင်ကစိတ်မပြေပါလား ဟုတွေးလျက် စိတ်ရှုပ်နေကာ မြဒါလီ စိတ်အိုက်အိုက်ဖြင့် ရေချိုးပြီး အကျီပန်းနုရောင်လေး လဲလိုက်၏။

သူမဝင်လာတာကို မောင်က တစ်ချက်လှည့်မကြည့်။ သူမ ခေါင်းအုံးကို ဆွဲယူလိုက်သည်။

"မောင် ... ဒီလောက်စိတ်ဆိုးနေမှာတော့ ... ဒါလီ အလိုက်သိရှောင်ပေးပါ့မယ်နော် ... မောင်ဒီမှာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်အိပ်ပါ ... ဒါလီကြောင့် အနှောင့်အယှက် ဖြစ်မှာစိုးလို့ ... ဒါလီ အပြင်ထွက်အိပ်မယ်နော် ..."

ပြောပြီး သူမက နေရာမှထတော့ ...

"ဟိတ် ... ဘယ်လဲ ..."

"အို ..."

သူမတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ရောက်သွားလေသည်။





"အပြင်ဘက်မှာ ဒီလောက်အေးတာ ... ခင်ဗျား လေးက စံနိုင်လို့လား ..."

သူ အံကြိတ်လျက် မေးတော့ သူမ ပြုံးလေးမသိမသာ ပွင့်၏။

"မောင်က ... ဒါလီကို မမြင်ချင်ဘူးမဟုတ်လား"

"ဘယ်သူပြောလဲ ..."

"အို ... ဒါလီ ဒီလောက်ချော့နေတာတောင် မောင် စိတ်ဆိုးမှ မပြေဘဲ ..."

"အဲဒါ ... အိုက်တင်ခံနေတာ ... ခင်ဗျားလေး ချော့ဦးမလားလို့ ..."

"ကြည့်စမ်း ... မောင် မကောင်းဘူး သွား ..."

"အေး ... သွားမယ် မင်းနဲ့အတူ အချစ်ကမ္ဘာဆီကို လေ ..."

"အို ..."

ယခုတော့လည်း တိတ်ဆိတ်သောကမ္ဘာလေးထဲမှာ အချစ်ရည်တို့ လွှမ်းမိုးလျက် အချစ်ပန်းရနံ့တို့ဖြင့် သင်းပျံ့မွှေးကြိုင်နေလေတော့၏။

◆❀◆



www.burmeseclassic.com

www.burmeseclassic.com



သူမတွင် ကိုယ်ဝန်ရှိပြီဟု သိလိုက်ရချိန်မှာ အပျော်ဆုံး ဖြစ်သွားတာက မောင်။

"အဟွန်း ... ဟွန်း ... ကြည့်မဲ့ မောင်အလိုချင်ဆုံး ရတနာလေး ရလာပြီကွ ..."

သူမကိုယ်လေးကို ညင်သာစွာ ပွေ့ကာ မျက်နှာလှလှ လေးအား မြတ်နိုးစွာ နမ်းရင်း ပြောလာ၏။

"ဒါလီ ... ရင်ထဲမှာတော့ ... တစ်မျိုးကြီးပဲမောင်"

"အဟင်း ... ဒါလီ့အတွက် ဒါက ပထမဆုံး အတွေ့ အကြုံလေ ... ဒီတော့ ... ရင်ထဲ ဝမ်းသာဝမ်းနည်းခံစားရ မှာပေါ့ ... ဒါပေမယ့် ဘာမှ မစိုးရိမ်ပါနဲ့ ဒါလီ ... တကယ်တော့ ဒါတွေဟာ သဘာဝတွေပါကွယ် ..."

သူမကို နှစ်သိမ့်အားပေးမိ၏။ ဒါလီက မိခင်စိတ်ရှိကာ





အတား၊ အဆီးတွေ မလုပ်ခဲ့တာကိုပဲ သူ ကျေးဇူးတင်နေရသေး၏။ ကလေးဆန်ပေမယ့် ဒါလီမှာ ကြင်နာစိတ်ရှိနေသည်။

မိခင်နှစ်ယောက်ဆီ အကြောင်းကြားတော့ ဝမ်းသာကုန် ကြ၏။ တရားစခန်းက ထွက်တာနှင့် ချက်ချင်းလာခဲ့ကြမည်တဲ့။

"ဒါပဲနော် သား ... ခုချိန်ကစပြီး ... ဒါလီလေးကို စိတ်ချမ်းသာအောင်ထား ... တစ်စက်ကလေးမှ စိတ် မဆင်းရဲစေနဲ့ ... အထူးကုဆိုကျိုနဲ့ အပ်ထားရဲ့လား ..."

စသည်ဖြင့် သူ့ကို မဆုံးနိုင်အောင် မှာကြားလေ၏။

"စိတ်ချပါ မေမေရဲ့ ... ဒါလီကို သား ဂရုစိုက်ပါ တယ် ... မာမီလည်း စိတ်မပူပါနဲ့ ... အထူးကုဆိုကျိုနဲ့ အပ်ထားပါတယ် ..."

"အေး ... အေး ... မြေးဦးဆိုတော့ ... မာမီတို့စိတ်ပူ တာပေါ့ကွယ် ... ဒါပေမယ့် ... သား အနားမှာရှိတော့ မာမီတို့ စိတ်ချပါတယ်ကွယ် ..."

သူမကိုလည်း ဖုန်းဖြင့် ဆက်ကာ အားပေးကြသည်။

"အခုဆို ... သမီးဟာ မိခင်လောင်းဆိုတော့ ... အနေအထိုင် အသွားအလာတအစ ဆင်ခြင်ရမယ်နော်၊ အစားအသောက်တွေကိုလည်း တွေ့ကရာမစားနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



အချဉ်အစပ်တွေရှောင်ပါ ... ကျန်းမာရေးလည်း ဂရုစိုက်"

ငယ်သေးသော မြဒါလီကတော့ မိခင်နှစ်ယောက်မှာ စကားတွေကို 'အင်း' 'ဟုတ်ကဲ့' လိုက်နေရပေမယ့် ခေါင်းထဲမဝင် တစ်ချက် ဝင်တစ်ချက်။

"မောင်ရယ် ... မာမီတို့ကလည်း ဒါလီကို လူနာကြီး ကျနေတာပဲ ... မှာနေလိုက်တာ မဆုံးဘူး ..."

"ဟောဗျာ ... အဲဒါ မိခင်စေတနာပေါ့ ... အခုပဲ ဒါလီ ... မိခင်လောင်းဖြစ်ပြီ မဟုတ်လား ... ကိုယ့် သားသမီးအပေါ် ဘယ်လောက်စေတနာထားလဲ ..."

"အင်း ... ဟုတ်တယ်နော် ..."

သူမမှာ အရင်လို မဟုတ်တော့ဘဲ သွားတာ လာတာ နေတာ ထိုင်တာအစစ အရာရာ ဂရုစိုက်နေရ၏။ အထူးသဖြင့် အချဉ်၊ အစပ်ကြိုက်သော သူမမှာ ပေါ့ရွတ်ရွတ်ဟင်းတွေ စားနေ တာ ဘယ်လိုမှမဝင်၊ မောင်ကလည်း အားဆေးတွေ နေ့တိုင်း တိုက် သည်။

"တော်ပြီကွာ ... ဒီဆေးတွေလည်း မသောက်ချင် တော့ဘူး ... ဖြူ့ဖျော့ဖျော့ဟင်းတွေလည်း စားမဝင် တော့ဘူး ..."





သူမ ဂျိုကြတော့ သူစိတ်ရှည် လက်ရှည်ချော့သည်။

"ဒီလို ကလေးမဆန်ရဘူး ဒါလီ ... ဒါတွေအားလုံး ဒါလီနဲ့ ဒါလီ့ဗိုက်ထဲက ရင်နွေးအတွက်လေ ... စိတ် ရှည်မှပေါ့ဗျာ ..."

အလုပ်သွားချိန်မှလွဲ၍ သူမနားမှာသာ ရှိနေတတ်၏။ စတာနဲကုတ်တွေလည်း သူဝယ်ပေးလို့ ရောင်စုံအထပ်လိုက်။

ကလေးအတွက်ပစ္စည်းတွေကအစ သူပဲ တစ်နေ့တစ်မျိုး ဝယ်လာ၏။

သူမတို့ အိပ်ခန်းထဲမှာ ချစ်စရာ ကလေးဓာတ်ပုံတွေ၊ သူ ကပ်ထားသည်။

"မောင့်ကို မေးချင်မယ် ..."

"မေးဗျာ ..."

"ကလေးရလာရင် ... ဒါလီအပေါ် အချစ်လျော့မှာ လား ..."

"ဟောဗျာ ... အဟွန်း ... ဟွန်း ... မောင်က ဘာကြောင့် ဒါလီ့ကို အချစ်လျော့ရမှာလဲဗျ ... ဟော့ဒီ မာမီလေးကို ပိုတောင် ချစ်ဦးမှာဗျ ..."

သူမ တစ်ကိုယ်လုံး ရင်ခွင်ထဲကို ယူကာ နမ်းရှိုက်၍ ပြော သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါလီတော့ မယုံပါဘူး ... မောင်က ဒါလီ ထက် ကလေးကို ပိုချစ်မှာ ..."

"တောဗျာ ... ဒါလီကော ... ကလေးကိုမချစ်ဘူး လား ..."

"ချစ်တာပေါ့ ... ဒါပေမယ့် ... မောင့်ကိုပိုချစ်တယ်"

"အဟွန်း ... ဟွန်း"

သူ လည်ပင်းကို လက်လေးနှစ်ဖက်ဖြင့် သိုင်းဖက်ကာ [illegible] ခြဲ့နေသော ချစ်ဇနီးလေးကို မြတ်နိုးချစ်ခင်ခြင်းများစွာဖြင့် နမ်း[illegible] ရှိုက်မိပါ၏။

သူများ ကိုယ်ဝန်သည်မိခင်လောင်းတွေတော့ ဘယ်လို[illegible] နေတယ်မသိ၊ သူမကတော့ ဖြူဖွေးနုဖတ်ကာ စို၍ စိုပြေလှပ[illegible] လေ၏။

"ကဲ ... ပြောပါဦး ... ဒါလီက ဘာလေးလိုချင်လဲ"

"အဟင်း ... ဒါလီက ... အင်း ... သားလေး"

"အဟွန်း ... ဟွန်း ... မောင်ကတော့ သမီးလေး ဗျာ ..."

"အို ... မောင်ကလည်း သားလေးပါဆို ..."

သည်နေရာမှာလည်း ကလေးဆန်စွာ အနိုင်ယူချင်ပြန်[illegible] တကယ်တမ်း အလာရာခေါင်းရိုက်တော့ သူမလိုချင်တဲ့အတိုင်[illegible]





ယောကျ်ားလေးတဲ့။

"အဟင်း ... ဟင်း ... ဒါလီဆန္ဒပြည့်ပြီ ..."

ရယ်မောနေသော မျက်နှာနုနုလေးကို သူနှစ်ခြိုက်စွာ ငြိုး[illegible] ၍ ကြည့်မိသည်။

တကယ်တမ်းမှာ ကိုယ့်ရင်သွေးဟာ ဘာလေးပဲဖြစ်ဖြစ် [illegible]ချစ်ရတာ မဟုတ်လား။

တစ်နေ့ သူအလုပ်မှ ခပ်စောစောအပြန် အချဉ်အစပ်တွေ [illegible]စားနေသော သူမကို တွေ့သွားသည်။

"ကြည့်စမ်း ... ကြည့်စမ်း ... ဒါတွေ ဘာသုပ်တာ လဲ ... ဒါလီ ..."

သူ စိတ်တိုကာ စားပွဲပေါ်မှ စားစရာတွေကို ယူလွှင့်ပစ်[illegible]

"ဟင် ... မောင်"

"ဘာ မောင်လဲ ... မင်းဒီလိုပဲ ငါ့ကွယ်ရာမှာ ထင်ရာ တွေ စားနေတာလား မြဒါလီ ..."

ထိုအခါ သူမက မျက်နှာငယ်လေးဖြင့် ခေါင်းခါယမ်းသည်။

"အို ... မဟုတ်ပါဘူး ... ဒီနေ့မှ သိပ်စားချင်စိတ် ပေါက်လာလို့ မှုန်းကို ဝယ်မိုင်းတာ ..."

"ခက်ပါလား ... ကိုယ်က မိခင်လောင်းဆိုတာ ..."



www.burmeseclassic.com

www.burmeseclassic.com



မင်းသူတို့ရဲ့လားဟင် ... မင်းရင်သွေးကို မချစ်ဘူး
လား ဒါလီ"

"အို ... ချစ်တာပေါ့ ..."

"ဟင်း ... ပါးစပ်က ချစ်ရုံနဲ့ မပြီးဘူးဗျ ... လက်
တွေ့လည်း ကျင့်ကြံရတယ် ... တောက် ... မင်းကို"

သူလိုပဲ သူမက စိတ်တိုလေပြီ။ ဟင်း သူမတစ်ခါလေး
အပြစ် လုပ်မိပါတယ် ဆိုလို့မပြီးတော့။ ထို့ကြောင့် နှုတ်ခမ်းစုကာ
နေရာမှ ထလိုက်သည်။

"ဒါက ဘာဖြစ်တာလဲ ..."

သို့သော် သူမစိတ်ကောက်တာ ပြန်မဖြေတော့ပေ။ သူ
နောက်မှ လိုက်လာကာ ...

"စိတ်ကောက်တာလား ... မောင်က ဒါလီ့အတွက်
ပြောတာပါကွာ ... ကဲ ... ဆေးသောက်နော် ..."

"မသောက်ဘူး ..."

"ဟင်း ..."

မျက်နှာလေး ညိုကာ သူမစိတ်ကောက်တော့ သူ မနေ
တတ်ပေ။ ကိုယ်ကလည်း ချော့မော့မပြောဘဲ ဆူဆူပူပူ လုပ်မိတာ
ကိုး။

ထို့ကြောင့် အသာပြုံးလိုက်ရင်း ...





"ကြည့်ပါဦး ... မာမီလေးက စိတ်ကောက်နေလိုက်
တာ ... ကဲ ... ကဲ ... မောင်တောင်းပန်ပါတယ်ဗျာ
ဒါလီအတွက် မောင် ဘာဝယ်လာတယ် မှတ်သလဲ"

"မသိဘူး ..."

သူ့ကိုမကြည့်ဘဲ မျက်နှာလေးတစ်ဘက်လှည့်သွားသော
ကလေးဆန်သည့် သူမ၏ အပြုအမူကို ပြုံးမိသည်။

အင်း ဒီပုံနဲ့တော့ ကလေးရလာလျှင် ဘယ်လိုလုပ်မလဲ။
ကလေးနဲ့ အပြိုင် စိတ်ကောက်မယ့် မိန်းကလေးထင်ပါရဲ့။

"ဟော့ ... ဒီမှာကြည့်စမ်း ..."

သူခေါ်ဝေမယ့် သူမက လှည့်မကြည့်ပေ။ မကောက်တေး
က ကွေးနေအောင် ကောက်နေလေပြီ။

"အေးဗျာ ... ဒီပလက်တီနမ်ဆွဲကြိုးလေးကို လှလို့
ဝယ်လာတာ ... ခုတော့ ... တခြားကောင်မလေးတစ်
ယောက်ပေးလိုက်မှ ထင်ပါရဲ့ ..."

"ဟင် ..."

သည်တော့ သူမဖျတ်ခနဲ ကြည့်လာ၏။ စိန်လော့ကတ်
လေး တစ်ဖျပ်ဖျပ်လက်နေသော ဆွဲကြိုးသေးသေးလေးက သူ့လက်
ထဲမှာ ချစ်စရာ။

သူမထံမှာ လက်ဝတ်ရတနာမျိုးစုံ ရှိပါသော်လည်း သူမ



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း မက်မောတာက ချစ်စရာသေးသေးငယ်ငယ်လေး တွေ။ ထို့ကြောင့် သူ့လက်ထဲမှ ဆွဲကြိုးလေးကို ဖျတ်ခနဲ ယူလိုက်သည်။

"ဟောဗျာ ... ဘာလုပ်တာလဲ ..."

"ဘာလုပ်ရမှာလဲ ... ယူတာလေ ..."

မျက်စောင်းလေး ထိုးကာ ပြောတာကြောင့် သူ [illegible] ၏။ တကယ်လည်း ဟန်မဆောင်နိုင်တဲ့ ကလေးမ။

"အပြွန်း ... ခုနကတော့ မယူဘူးဆိုဗျ ..."

"ဘယ်သူပြောလဲ ..."

"မောင် ... ဟုတ်သားပဲ ... ဒါလီက စိတ်သာ ကောက်တာ ... မယူဘူးလို့ မပြောဘူးပဲ ..."

သူ့မလေး ဘယ်လောက်လည်တယ်ဆိုတာ သူသတိထား မိလျက်ပြောတော့ ပြုံး၏။

"နေပါဦး ... ဒီဆွဲကြိုးလေးကို ဒါလီမပေးဘဲ ... ဘယ်သူ့သွားပေးဦးမလို့လဲ ..."

"စိတ်တော့ မကောက်ပါနဲ့ဗျာ ... အမိလေးတစ် ယောက်ကလွဲပြီး ပေးဖို့ ဘယ်သူမှမရှိပါဘူး ..."

"မညာနဲ့နော် ..."

လက်ညှိုးလေးထောင်ကာ ပြောပုံက အသည်းယားစရာ





ထို့ကြောင့် သူမလက်ညှိုးလေးကို ဆွဲဆုပ်ကိုင်ယူလိုက်သည်။

"မညာဘူး ... ခုလည်း မညာဘူး ... ဘယ်တော့မှ လည်း မညာဘူး ... ဒါလီကို မောင်သိပ်ချစ်တယ် ..."

"အို ..."

မောင်၏ နူးညံ့ညင်သာသော အနမ်းများက နွေးထွေး လှိုက်လှဲစွာ။ တကယ်တော့ မောင့်ရင်ခွင်ဟာ သူမအတွက် အနွေး ထွေးဆုံး မဟုတ်လား။

◆❦◆



www.burmeseclassic.com

www.burmeseclassic.com



မိခင်နှစ်ယောက်, ရောက်လာချိန်မှာတော့ သူမသည် ... တကယ့်ကလေးငယ်ဖြစ်သွား၏။ မှုနက်ခင်းဆို မာမီတို့နှစ်ယော ... က အစောကြီးရောက်ကာ သူမအတွက် စားစရာတွေ စီစဉ်ပေ ... သလို တစ်နေ့လုံး ဘယ်လိုနေ၊ ဘယ်လိုထိုင် စသည်ဖြင့် မှာကြား ... ဝဘာ မဆုံး။

သူမကိုလည်း ကလေးတစ်ယောက်လို စောင့်ကြည့်နေ ... တတ်၏။ ထမင်းစားတော့လည်း မာမီတို့ ကျွေးသမျှနှင့်။ တကယ် ... စိတ်ကျဉ်းကြပ်ချင်စရာ။

"ဆေးမှန်မှန်သောက် ... အစားအသောက် ဂရုစိုက် ... ကျန်းမာရေး ဂရုစိုက် ..."

သွားအေနှစ်ယောက်က ရောက်မလာသေးသော မြေး ... လေးအတွက် ကြိုတင်ပျော်ရွှင်နေလေ၏။





"သမီး ကလေး မတုတ်ပါဘူး မာမီရယ် ... သိပါ တယ် ..."

"ဟဲ့ ... ကလေးမဟုတ်လို့ ပြောရတာပေါ့ ... သား က ဖုန်းလှမ်းဆက်တယ် ... သူကွယ်ရာမှာ သမီးက စားချင်တာတွေ လျှောက်စားလို့ စိတ်ပူသတဲ့ ..."

"အို ... မောင်က စိတ်ပူလွန်းပါတယ် ..."

"အမယ် ... မောင်သက်ကိုများ ညည်းက အပြစ် တင်ချင်သေးလား ... ဟိုက ဂရုစိုက်လိုက်တာ ပျာနေ တာပဲ ..."

မာမီသည် သမီးရင်းထက် သမက်ကိုပိုချစ်သူဖြစ်နေပြီ။ ဟို တစ်ယောက်ကလည်း မာမီ မာမီနှင့် ပါးစပ်က မချ။

"အဲဒီလောက် ဂရုစိုက်လို့ စိတ်ပျက်တာ ..."

"ဟဲ့ ..."

မာမီအံကြိတ်ကြည့်တော့ သူမ ပန်းလေးတွန့်လိုက်၏။

"ဒါလိုနေ့ ... သမီးဘဝ ဘယ်လောက်ကံကောင်း လဲ ... ဒီခေတ်ထဲမှာ မောင်သက်လို ယောက်ျားကောင်း ရဖို့ဆိုတာ ရှားလှတယ် ... လိုယ်ရနေတဲ့ ဘဝကိုတန်ဖိုး ထားစမ်းပါကွယ် ..."

သူမအတွက် စိတ်မောစွာ မာမီပြော၏။ ယောက်ျားဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမကြီးကလည်း သူမကို သားထက်ချစ်သူ။

"သမီးလေး ... လုံးဝ စိတ်ဆင်းရဲမခံနဲ့နော် ... သားက သမီးကို စိတ်ဆင်းရဲအောင်လုပ်သေးလား ..."

"ဟင့်အင်း ... မလုပ်ပါဘူး မေမေ ..."

"အေး ... အေး ... သားဆိုးရင် မေမေ့ကိုပြော၊ မေမေကတော့ ... မြေးလေးရမှာမို့ သိပ်ဝမ်းသာနေတာ သမီးအတွက် သိပ်စိတ်ပူတာပဲ ..."

ဪ ... သူမမှာတော့ စိုလူတွေကြားထဲမှာ စိတ်ကျ ကြွပ်သလိုလို ပျော်သလိုလို ဖြစ်နေရသည်။

ညနေ မောင်နှင့် အတူ မြစ်ထဲလမ်းလျှောက်ချိန်မှာ ...

"မောင်ရယ် ... မေမေနဲ့ မာမီတို့က ဒါလီကို မျက်စိအောက်က အပျောက်ကို မခံဘူး ..."

"အပေါင်း ... ကောင်းတာပေါ့ဗျာ ..."

"ဘာလဲ ... မောင်က ဝမ်းသာနေတာ မဟုတ်လား ..."

"ဟိုတ် ... ဘယ်နှယ့် မောင့်ကိုအပြစ်လာရှာနေတာလဲဗျ ..."

သူ့ဘက်လှည့်လာမည်စိုး၍ အမြန်ကာလိုက်မေ မလွတ်ပါ။





"အို ... မောင်ပဲ မာမီတို့နှစ်ယောက်ကို ဖုန်းနဲ့ ဆက်ခေါ်တာ မဟုတ်လား ... မာမီ့ဆီက သိပြီးပြီနော် ..."

"ဪဗျာ ... မောင်မရှိတုန်း ဒါလီအဖော်ရအောင်လို့ပါ ..."

"တော်ပါ ... လူကို စိတ်မချလို့ဆိုတာ သိပါတယ်"

သူ့လက်မောင်းကြီးကို ဆွဲလိမ်၏။ သူ့ရန်ကာ ...

"ဟာကွာ ... ဒီကောင်မလေး လူကို ဘယ်နှယ်နှိပ်စက်နေတာလဲ ..."

"မုန်းလို့ ..."

"တကယ် ..."

"အပေါင်း ... ဆယ်ကယ် ..."

လက်ဆယ်ချောင်း ထောင်ပြနေသော ကောင်မလေးကို စိုက်ကြည့်မိ၏။ ပန်းနုရောင် ဂါဝန်ရှည်ရှည်ဖွဖွလေးနှင့် အသားလေးတွေ ဖြူနုကာ အညိုရောင်ဆံပင်လေးတွေက လေထဲမှာ တလွင့်လွင့်။

သည်ကလေးမမှာ အရွယ်လည်းငယ်သေးတော့ တကယ့်ချာတိတ်မလေးအတိုင်း သူမကို စိတ်မချသော သူ့အတွက် ဒီလိုကိုယ်ဝန်ရလာတော့ ကြိတ်ဝမ်းသာရ၏။ ဒါမှ သူမမှာ ပိုင်ရှင်ရှိတယ်ဆိုတာ အားလုံး သိမှာ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြည့်နေတာလဲ ..."

"လှလို့ ..."

"ဟင်း ... ဒီပုံကြီးများ ..."

သူမကိုယ်သူမ ငုံ့ကြည့်၍ မျက်နှာလေးရှုံ့မဲ့ပြော၏။ သ

ရယ်ကာ ...

"မိန်းကလေးတွေရဲ့ ဘဝမှာ ဒီမိခင်လောင်းအချိန်က အလှဆုံးဗျ ... တခြားလူတွေတော့ ဘယ်လိုနေတယ် မသိဘူး ... မောင့်မိန်းမတော့ သိပ်လှတာပဲ"

သူမ ခါးလေးကို လှမ်းဖက်သည်။ သို့သော် သူမ ခါးလေးက ယခင်လို သေးကျစ်ကျစ် မဟုတ်တော့။

"ဘယ်လိုလဲ ... ဖက်လို့မကောင်းတော့ဘူး မဟုတ်လား မောင် ..."

"လက်တစ်ဖက်နဲ့ ဖက်လို့မရရင် ... ဟော့ဒီလို လက်နှစ်ဖက်နဲ့ ဖက်မှာပေါ့ဗျာ ..."

"အို ... မောင် ... လူမြင်ကွင်းထဲမှာနော် ..."

တကယ်ပဲ သူမကိုယ်လုံးလေးကို မောင်က လက်နှစ်ဖ ဖြင့် ဖက်ဟန်ပြုတော့ မြူးကာ ရှောင်လိုက်၏။

"နောက်ဆို ... ဟော့ဒီ မြက်ခင်းစိမ်းစိမ်းပေါ်မှာ ဒါလီရယ် ... ချာတိတ်လေးတစ်ယောက်ရယ် ...





ပြေးလွှား ဆော့ကစားနေမှာနော် ..."

အနာဂါတ်ကို မျှော်မှန်းကာ အပြုံးဖြင့် သူ ကြည်နူးစွာ ပြော၏။ သူမလည်း ပြုံးလာသည်။

"အဟင်း ... ဒါလီတော့ ... အဲဒီအဖော်လေးရရင် အရင်လို အိမ်မှာ တစ်ယောက်တည်း ပျင်းမနေတော့ ဘူးနော် မောင် ..."

"ဒါပေါ့ဗျာ ... မောင့်ကိုတောင် မေ့သွားဦးမယ်"

"အမယ် ... မမေ့ပါဘူးနော် ..."

"အင်း ... အဲဒီလို ဖြစ်ပါစေဗျာ ..."

သူမ လက်လေးကို ဖွဖွဆွဲကာ ပန်းရနံ့များသင်းလှိုင်နေသော ခြံထဲသို့ လျှောက်လှမ်းခဲ့စေသည်။

သူတို့နှစ်ယောက်ကို ကြည့်ကာ မိခင်နှစ်ယောက် ကျေနပ်စွာ ပြုံး၏။

"တင်တင်ရေ ... ခုလိုကြတော့လည်း သားနဲ့သမီးက အတော်ချစ်ကြတာပဲနော် ..."

"ဟုတ်တယ်မမ ... အစက သမီးကို မောင်သက် နဲ့ လက်ထပ်ဖို့ မနည်းနားချယူရတယ် ..."

"အဲဒါကြောင့် ... မမပြောတာပေါ့ ... ဒါလီက စိတ်ကောင်းရှိပါတယ် ... ကလေးဆန်ဆန်ရှိတာပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမ ... သမီး ဒီလောက်တည်ငြိမ်သွား တာပဲ ကျေးဇူးတင်နေရသေးတယ် ... မောင်သက်က လည်း သိပ်ဂရုစိုက်တာကိုး ..."

"အင်း ... သားကလည်း ဒါလီကြမှ တကယ်ချစ် သွားတာလေ ..."

အေးချမ်းပြေလည်နေသော သားနဲ့သမီး၏ အိမ်ထောင် ရေးအတွက် မိခင်နှစ်ယောက် ကြည်နူးချမ်းမြေ့ရသည် မဟုတ်လား။

မနက်မိုးလင်းမှ ရောက်ကာ တစ်နေ့ကုန်နေပြီးမှ မာမီတို့ နှစ်ယောက် ညကြမှ ပြန်၏။

"သမီးအတွက် ညဘက်တွေ မောင်သက်ရှိလို့ ... မာမီတို့ စိတ်ချပြန်တာ ..."

"ဟုတ်တယ်နော်သား ... ကိုယ့်မိန်းမ အပေါ်အပါး သွားတာကအစ ဂရုစိုက် ... အိပ်ချည်းမနေနဲ့ ..."

"ဟုတ်ကဲ့ပါ မာမီ ..."

"စိတ်ချပါ မေမေ ..."

ဖြစ်နိုင်လျှင် ညဘက်မှာတောင် မာမီတို့နှစ်ယောက်က ဒါလီကို မျက်စိအောက်မှာ ထားချင်ပုံ။

အညိလိုတွေမှာတော့ မောင်က ဒါလီကို လှမ်းကြည့်ကာ လူကြီးတွေ အလစ်မှာ ဝမ်းတွန့်ပြ၏။ မောင့်ကို လျှာပြန်ထုတ်ပြရင်း





သူမ ပြုံးမိသည်။ ကောင်းတယ် ကိုယ့်အတတ်နှင့်ကိုယ်စူးတာ။

"ကဲ ... မရွှေဒါလီ ... ကြားတော်မူတဲ့အတိုင်း ... ခင်ဗျားလေးသာ တစ်ခုခုဖြစ်ရင် ... ကျွန်တော်မျိုး တော့ ... သက်သာမယ် မထင်ဘူး ..."

မာမီတို့ပြန်သွားတော့ မောင်က မျက်နှာကြီးရှုံ့မဲ့ကာ ပြောသည်။

"အဟင်း ... ဟင်း ... ကောင်းတယ် ... အဲဒါ မောင့် အပြစ်နဲ့မောင်ပဲ ..."

"အေးပါ ... အေးပါ ... ခင်ဗျားလေးက ရယ်ပါ။ ဒီမှာ ... ကျုပ်မပါဘဲ တစ်ယောက်တည်း ဘယ်မှမသွား နဲ့ ..."

"ဟာ ... လူကို အကျဉ်းသားများ မှတ်နေလား"

"အဟွန်း ... ခင်ဗျားလေး တစ်ယောက်တည်း အကျဉ်းသား မဟုတ်ဘူး ... ကျွန်တော်ပါ အကျဉ်းသား ဖြစ်နေတာဗျ ..."

"ဘာလဲ ... မောင်က မကျေနပ်ဘူးလား ..."

"ကျေနပ်တယ် ... ဘာကြောင့်လဲသိလား၊ အချစ် အကျဉ်းသားမို့လို့လေ ..."

"အဟင်း ... ဟင်း"



www.burmeseclassic.com

မောင့်ကိုတော့ အနိုင်ပေးရပါသည်။ သူမ နိုင်အောင် မပြောနိုင်လို့လေ။ တကယ်ပဲ မောင်က သူမကို အအိပ်ပျက်ခံကာ ဂရုစိုက်၏။

"မောင့်ဘာသာ ... အိပ်ပါကွယ် ... အလုပ်က တစ်နေကုန် ပင်ပန်းလာတာ ..."

"ရတယ်ဗျာ ... ဟော့ဒီ ချာတိတ်အပြင်ဘက် ရောက်မှ စိတ်ချမယ် ..."

"ဟင် ... ခါဆို မောင်ဂရုစိုက်တာ ဒါလိုကို မဟုတ် ဘူးပေါ့ ..."

"စိတ်ကောက်ဖို့ မကြိုးစားနဲ့ အမိလေး ... မကိုခင် မှ ဥကိုခင်တာပဲဗျ ... ကဲ ... သိလား ..."

ပြောရင်း စိတ်ကောက်ဖို့ပြင်နေသော သူမလေးကို ရင်ခွင်ထဲ ယူကာ ညင်သာသော အနမ်းများပေးရင်း ချော့မော့စွာ အိပ်ပျော်စေတော့၏။

◆❦◆





နွေဦး၏ အစမှာ သားလေး 'ဖြိုး'ကို ကျန်းမာစွာ မွေးလေသည်။ အသားဖြူဖြူ ဆံပင်နက်နက်လေးများဖြင့် သားက တုတ်တုတ်ခဲခဲကြီးဖြင့် မြင်သူတိုင်းက ချစ်စရာ။

"အမယ်လေး ... မြေးကြီးက ချစ်စရာကောင်း လိုက်တာ ..."

ဘွားအေနှစ်ယောက်မှာ မြေးဖြစ်သူ အနားက မခွာတော့သော။ မိခင်ကော ကလေးပါကျန်းမာသည်မို့ မိသားစုအားလုံး ကျေနပ်ပျော်ရွှင်နေကြ၏။

"ကျေးဇူးတင်ပါတယ် ဒါလီ ..."

သားကို မွေးဖွားပြီးချိန်မှာ သူမနဖူးလေးကို ဖွဖွနမ်းကာ ...ပြီး၍ ပြော၏။

သူမ ပြုံးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သားက ချစ်စရာကောင်းတယ်နော် မောင် ... "

"အင်း ... "

မိခင်တစ်ယောက်၏ မေတ္တာရိပ်များက သူမ မျက်နှာတွေ အပြည့်။

"သားက ဘယ်သူနဲ့တူလဲမောင် ... "

"မသိသေးဘူး ... ဒါပေမယ့် အားလုံးကတော့ သားကို ချစ်စရာကောင်းတယ်လို့ ပြောတယ် ... "

"ဟုတ်လား ... "

ရုပ်မြင်လျှင် ချစ်ခင်ပါစေဟူသော ဆုတောင်းက သားလေး ဖြိုးမှာ ပါလာသည်။ တွေ့တဲ့လူတိုင်းကို ပြုံးပြတတ်သော သား၊ အားလုံး မချစ်ဘဲ မနေနိုင်ကြပေ။

သူမ ဆေးရုံက ဆင်းလာချိန်မှာ မောင်က တစ်အိမ်လုံး၏ အဖြူရောင်များ လွှမ်းလျက်ကြိုဆိုသည်။

တစ်အိမ်လုံး ဖိတ်ဖိတ်တောက်အောင် ပြင်ဆင်ထားလျက် ခန်းဆီးလိုက်ကာဖြူများ ပန်းအိုးတွေ ပန်းတွေကအစ အဖြူရောင် ထို့ကြောင့် သူမ စိတ်ထဲကြည်လင်လန်းဆန်းသွားရ၏။

"ခုချိန်ကစပြီး ... မောင်တို့ မိသားစုဘဝလေးကို အဖြူရောင် အနာဂါတ်တွေနဲ့ လျှောက်ကြစို့နော် ဒါလီ"

"အဟင်း ... မောင်ပြောတဲ့ အတိုင်းပါပဲရှင် ... "





"သားလေးရဲ့ ဘဝမှာလည်း အစွန်းအထင်းမရှိ အဖြူရောင်သားလေး ဖြစ်ပါစေလို့ ... "

ချစ်စရာကောင်းသော သားကို တစိမ့်စိမ့်ကြည့်ကာ သူ ကြည်နူးစွာ ပြော၏။

"ဖြိုး ... "

ဖွဲ့သော နာမည်ကို အားလုံးအကြိုက် ရွေးချယ်ပြီးနောက် သားလေး နှစ်လပြည့်ချိန်မှာ ကင်ပွန်းတပ်မင်္ဂလာ လုပ်၏။

ခင်မင်ရင်းနှီးသော မိတ်ဆွေတွေလောက်သာ ဖိတ်ခဲ့သည်။ တစ်သားမွေး တစ်သွေးလှတယ်ဆိုတာ မြဒါလီမှ အစစ်ပဲဟု လူတိုင်းက ပြော၏။

နှစ်လသား အရွယ်သားက ဖြူဖြူတုတ်တုတ်နှင့် ထွားထိုင်းသလို သားသွေးမွေးပြီးမှ ပိုပြီးပြည့်တင်းကား ဖြူနုနေသော အသားအရေဖြင့် မြဒါလီမှာ အပျိုလေးတစ်ယောက်လို လှပကာ ချစ်စရာကောင်းနေ၏။

ထိုနေ့က သူမဝတ်ထားတာ ဇာပါးအဖြူလေးကို ပိုးသား ဖြူအောက်ခံလျက် အချိုးကျသော သူမကိုယ်လုံးလေးနှင့် ချပ်ရပ်နေ၏။

အနီရောင်ဝတ်စုံလေးနှင့်သားကိုလူတိုင်းချီးကျူးကြသည်။

www.burmeseclassic.com



"ကလေးက ချစ်စရာကောင်းမှာပေါ့ ... မွေးထားတဲ့ အမေကလည်း ဘယ်လောက်လှလဲ ..."

"ဖအေကကော မလှလို့လားဗျ ..."

"ဟဲ ... ဟဲ ... ဖအေကလည်း ခန့်တော့ ကလေးကလည်း သန့်တာပေါ့ဗျာ ..."

မောင့် မိတ်ဆွေတွေက စည်ကားနေသလို၊ သူမ သူငယ်ချင်းတွေကလည်း ဆူညံနေ၏။ ဓာခြည်ကတော့ ...

"ဘယ်နှယ့်လဲ ဒါလီ ... ဦးသက်မောင်ကြီးကို မုန်းသေးရဲ့လား ..."

"အဟင်း ..."

သူမ မဖြေနိုင်ဘဲ ရှက်ပြုံးသာ ပြုံးမိသည်။

"မိန်းမ ... ခုမှ ပိုပြီးလှလာလိုက်တာ ... မသိရင် ရှင့်ကို အပျိုနဲ့မှားတယ်သိလား ..."

"ဟုတ်ပါ့ ... ဒါလီရယ် ... သူများတွေက ကလေးမွေးရင် အလှပျက်မှာ ကြောက်တယ်တဲ့ ... ဒါလီကြတော့ အလှမပျက်တဲ့အပြင် အလှတွေပိုပြီးတောင် တိုးလာသေးပါလား ..."

"ဘာလဲ ... ဒါလီကို အားကျလို့လား ... ဒါဆိုလည်း ဒါလီလို ..."





"ဟိတ် ... မမတွေ ... တွေ့ရာလျှောက်မပြောနဲ့နော်"

အားလုံးရယ်မော ပျော်ရွှင်လို့ သားကိုလည်း အလုအယက်ဝိုင်းချီ နမ်းကြ၏။

"ဟဲ့ ... ဟဲ့ ... ကျွန်မသားလေးကို ဖြည်းဖြည်းလုပ်ပါ ... ရှင်တို့ ရည်းစားတွေများ မှတ်နေသလား ..."

မိခင်ဆိုတော့ သူမက သားအတွက် ်းရိမ်ပြီ၊ သို့သော် သဘောကောင်းသော သားက အားလုံးကို ပြုံးယယ်ပြလို့။

"ဟုတ်တယ်ဟေ့ ... ကျုပ်တို့တော့ ရှင့်သားပဲ စောင့်ယူတော့မယ် ဒါလီ ..."

"ဟေ့ ... တို့က အရင်ဦးတာနော် ဒါဒီ ..."

ပျော်တတ်သော သူငယ်ချင်းတွေကြောင့် အားလုံးရယ်နေရ၏။

"ကျုပ်သားက တစ်ယောက်တည်း ... ရှင်တို့က အများကြီး ..."

"အေး ... ဟုတ်တယ် ... ဒီတော့ ဘယ်လိုလုပ်မလဲ ..."

"အင်း ... ဟုတ်ပြီ ... ဒီလိုလုပ် အားလုံးကို မျက်နှာမလိုက်ရအောင် ... ဒါလီက နောက်ထပ် သားတစ်ဒါဇင်လောက် ထပ်ယူလိုက် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ... မိန်းမတွေ ... ကဲ ... ကဲ ... လျှော့ ...
ပြောဦး ... "

မျက်နှာနီနီလေးဖြင့် သူမလိုက်ထုတော့ အားလုံးရယ်မောကာ ပြေးကြသည်။ မောင်က သားကင်ပွန်းတပ်အတွက် ကိုယ်တိုင်စွဒီယိုရိုက်သည်။ ဓာတ်ပုံတွေကလည်း တဖျပ်ဖျပ်။

ဘွားအေနှစ်ယောက်က သားအတွက် အမှတ်တရ ပစ္စည်းများကို ပေးအပ်ကြသည်။

"မန္တလေးမှာရှိတဲ့ ... တိုက်နဲ့ခြံကို ဟော့ဒီငါ့မြေးကြီးအတွက် ဘွားဘွားက အမှတ်တရလက်ဆောင်ပေးပါတယ်ကွယ် ... "

ဘာမှ မသိသော သားကတော့ သူတို့ပြောသမျှ ရယ်လို့။

"အို ... တင်တင်ကလည်း တင်တင်ရဲ့ခြံနဲ့ တိုက်လေးကို ဒီမြေးကြီးအတွက်ပဲ ပေးပါတယ် ... "

ဘွားအေနှစ်ဦး၏ စေတနာကို မိဘနှစ်ဦးက ကြည်နူးစွာ နားထောင်သည်။

"မေမေနဲ့ မာမီတို့ကို ကျွန်တော်ပြောပါရစေ ... ဒီအချိန်မှာတော့ သားဟာ ... သိပ်ငယ်သေးပါတယ်၊ သူ့အတွက်ရယ်လို့ သတ်မှတ်မထားဘဲ ... မေမေနဲ့ မာမီတို့ လှူဒါန်းဖို့ရာမှာ သုံးပါ ... "





"ဟုတ်ပါတယ်ရှင် ... ဘာဖြစ်လို့လဲဆိုတော့ ... ဒါလီတို့ ရှာသမျှ ပစ္စည်းတွေဟာလည်း ဟော့ဒီ သားအတွက်ပါပဲ ... မေမေနဲ့ မာမီတို့မြေးအထိ တ င်ကျေတာ ဒါလီဝမ်းသာပါတယ် ... ဒါပေမယ့် ... မေမေတို့ မာမီတို့သုံးစရာရှိတာသုံးပါလို့ သမီးလည်းပြောချ ပါတယ်"

သားနှင့်သမီး စေတနာသိရတော့ မိခင်နှစ်ဦး ပို၍ ကြည်နူးသွားကြ၏။

ထို့ကြောင့် အသီးသီး ခေါင်းခါယမ်းကာ ...

"သားတို့ သမီးတို့ စေတနာကို မေမေတို့ နားလည်ပါတယ် ... တကယ်တော့ မေမေတို့လည်း ကိုယ့်အတွက် သံသရာမှာပါဖို့ လှူဒါန်းသင့်သလောက်လှူဒါန်းပြီးပါပြီ ... ကျန်တာကတော့ ... အစကတည်းက မြေးတွေရလာရင် ... သူတို့အတွက် ရည်စူးထားတာပါ ... "

"ဟုတ်တယ် သမီး ... မာမီတို့အတွက် ဘာမှ မလိုအပ်တော့ပါဘူးကွယ် ... "

"ဒီလိုဆိုရင်ဖြင့် ... မေမေနဲ့မာမီတို့ သဘောပါပဲရှင်"

ထိုနေ့ညစာကို အားလုံးပျော်ရွှင်စွာ စားသောက်ကြသည်။ ညနေကုန် ပင်ပန်းထားသော သားလေးက ညာဘက်မှာ စောစောအိပ်လေပြီ။

www.burmeseclassic.com



သွှမ ရေချိုးပြီး အဖြူရောင် ညဝတ်ပိုးသားအင်္ကျီလေး ဖြိုးလေး ပြီးချိန်မှာ မောင်အခန်းထဲဝင်လာ၏။

"သား အိပ်ပျော်သွားပြီလား ဒါလီ ... "

"ဟုတ်တယ်မောင် ... "

မောင်က အိပ်ပျော်နေသော သားကို ပြုံး၍ငုံ့စိုက်ကြည့် သည်။

"အင်း ... သားဟာ ... ကံကောင်းတဲ့ကလေးပဲ ဒါလီ ... "

"ဟုတ်တယ်နော် မောင် ... သူ့အဘွားတွေရဲ့ စေတနာကလည်း အုံ့ဩစရာ ... "

"အဲဒီအတွက် သားကို လိမ္မာယဉ်ကျေးတဲ့ ကလေး ဖြစ်ဖို့ မောင်တို့စောင့်ရှောက်နိုင်ရမယ် ... ဒါမှ မွေးခံ ထိုက်စေဆိုတဲ့ သားကောင်း ... သားမြတ်ဖြစ်လာမှာ"

"ဟုတ်တယ်မောင် ... ဒါလီတို့ သားဟာ ... လိမ္မာ ယဉ်ကျေးတဲ့ သားလေးဖြစ်ရမယ် ... "

မောင်က အပြုံးများဖြင့် သွှမခါးလေးကို ဖက်လာ၏။

"မောင့် မိန်းမက ဒီနေ့သိပ်လှတာပဲ ... "

သွှမ မျက်နှာလေးကို ရှုန်းရှုန်းလေးကြည့်ကာ မောင်ပြော သည်။





"အဟင်း ... တကယ်ပဲမောင်ကဒီလိုသင်လားဟင်"

"တကယ်ပေါ့ဗျာ ... မောင်လည်း သားအတွက် ကိစ္စတွေများနေတာနဲ့ ... ဒါလီကိုတော ဒီနေ့မှ သတိ ထားကြည့်မိတာဗျ ... "

"အဲဒီတော့ ... "

"အဟွန်း ... အဲဒီတော့ ဟော့ဒီကောင်မလေးက သိပ်လှပြီး ... သိပ်ချစ်စရာကောင်းနေကာပေါ့ဗျ ... "

"အို ... "

မောင် ဆွဲပွေ့ယူလိုက်တာကြော နှစ်ယောက်သား ခုတင်ပေါ်လိုးထွေးကျသွားတော့၏။ ထိုအ ါ ဝေးကွာနေသော ရက်များအတွက် မောင်က အတိုးချအနမ်းမ ားဖြင့် အလွမ်းသက် သေ ပြနေလေ၏။

"ဒါလီ ... "

"ဟင် ... "

"မောင့်ကို မလွမ်းဘူးလားဟင် ... "

"မောင်ကော ... "

"ဒီကောင်လား ... ဒီကောင် ဘယ်လောက်လွမ်း နေတယ်ဆိုတာ ... ဟောဒီလို အချစ်တွေနဲ့ သက်သေပြ မှ ဖြစ်တော့မယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"အိုကွယ် ... "

သူမ၏ ထိုညည်းသံလေးမှာ မကြာခင်ကွယ်ပျောက်လျက် အခန်းလေးမှာ တိတ်ဆိတ်ငြိမ်သက်သွားရသည်။

မောင်က သူလွမ်းသမျှ ခေါ်နိုင်သော အချစ်များဖြင့် သက်သေပြနေလေတော့သည်။

◆❦◆





တစ်နှစ်ဆိုသောအချိန်ကာလသည် လျင်မြန်စွာ ကုန်ဆုံးလွယ်လေ၏။ သားလေးမင် တစ်နှစ်ပြည့်ကာ ကျန်းမာသန်စွမ်းကာ ဖြူဖြူတုတ်တုတ်နှင့် မြင်သူတိုင်းချစ်ကြလေသည်။ ဘွားအေနှစ်ယောက်က ရန်ကုန်တစ်လှည့် မန္တလေးတစ်လှည့်ဖြင့် နေကြ၏။

သည်နှစ်ပိုင်းအတွင်းမှာ မောင်၏လုပ်ငန်းက တစ်ရှိန်ထိုးအောင်မြင်ကာ ကိုယ်ပိုင်ကုမ္ပဏီဖွင့်ထားရလေပြီ။ ထိုအခါ အရင်က အချိန်မှန် အိမ်ပြန်တတ်သော မောင်က ယခုနောက်ပိုင်း မကြာခဏနောက်ကျတတ်တာကြောင့် သူမမှာ ညစာအမြဲစောင့်စားရ၏။

ယနေ့လည်း သားလေးက အိပ်နေပြီ။ မောင်ပြန်ချိန်နောက်ကျတာကြောင့် သူမ ညစာမစားသေးဘဲ ခြံထဲလမ်းလျှောက်ရင်း စောင့်နေမိသည်။ မိုးချုပ်မှ မောင်ပြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကျလိုက်တာ မောင်ရယ် ... သားတောင် အိပ်သွားပြီ ..."

"ဟုတ်လား ..."

ကားပေါ်မှဆင်းလာသော မောင့်အသွင်က အရင်လို တက်တက်ကြွကြွ မဟုတ်။

သူမ ဆီးကြိုနေတာကိုပင် အေးစက်စက်နှင့် ထိုအပြုအမူကြောင့် သူမက ဝမ်းနည်းရလေ၏။ အရင်ကဆို သူမကို မမြင်တာနှင့် သူမ နာမည်တကြော်ကြော်အော်ခေါ်တတ်သည့် မောင်။

သားကို မမြင်လျှင် အရင်မေးမြန်းတတ်သူ၊ ထိုသို့သော မောင်က ယခုတော့ သားအကြောင်းပြောတာပင် စိတ်မဝင်စားသလိုလို။

"မောင် မျက်နှာလည်း မကောင်းဘူး နေမကောင်းဘူးလားဟင် ..."

သူမက စိုးရိမ်ကြင်နာစွာ မေးမိ၏။ မောင်ခေါင်းခါယမ်းကာ ...

"ကောင်းပါတယ် ... ဒီနေ့ အလုပ်နည်းနည်းများသွားတော့ ပင်ပန်းသွားလို့ပါ ..."

"ဟုတ်လား ... အလုပ်ကို သိပ်ပြီး အပင်ပန်းမခံပါနဲ့ မောင်ရယ် ... ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်ပါ ..."





မောင် အလုပ်ကြိုးစားတာ ဝမ်းသာပေမယ့် နေ့မအား ညမအား ကျန်းမာရေးထိခိုက်လောက်အောင်တော့ လုပ်တာမျိုး သူမကိုယ်တိုင် မကြိုက်နှစ်သက်ပါ။

"အပင်ပန်းမခံလို့ မဖြစ်ဘူး ဒါလီ ... ဒီခေတ်က ဒါလီသိတဲ့အတိုင်း လုပ်ငန်းမှာ အပြိုင်အဆိုင်အရမ်းများတယ် ... ကိုယ်က ကြိုးစားထားတာတောင် တန်ကာ မကျဘူး ..."

"ဒါလီက မောင့်အတွက်ပြောတာပါ ... ဒါလီအတွက်တော့ မောင့်ထက်ဘာမှ အရေးမကြီးပါဘူး ..."

မောင်က သက်ပြင်းချ၍ ခေါင်းခါယမ်းသည်။ အရင်တုန်းက ဒီလိုစကားမျိုးပြောလျှင် မျက်နှာကြီး ငြိုးကာ ဝမ်းသာတတ်သော မောင်က ယခုတော့ မကြိုက်နှစ်သက်ဟန်။

"ဒါလီက လုပ်ငန်းထဲမှာ မနေတော့ ဒီအကြောင်းတွေ မသိပါဘူး ... ကိုယ့်လုပ်ငန်းမှာ ရှုံးနိမ့်ရင် ... ကိုယ့်ရဲ့ ဂုဏ်သိက္ခာပါ ထိခိုက်တယ် ... ငွေကြေးဆုံးရှုံးတာ အကြောင်း မဟုတ်ပေမယ့် ... ဂုဏ်သိက္ခာထိခိုက်တာမျိုးတော့ မောင်နည်းနည်းလေးမှ သည်းမခံနိုင်ဘူး ... ဒါကြောင့် လုပ်ငန်းအောင်မြင်သထက် အောင်မြင်ဖို့ မောင်ကြိုးစားနေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



အရင်ကနှင့်မတူသော မောင့်ကိုကြည့်ကာ သူမ သက်ပြင်းလေးသာချမိ၏။ မောင်ဟာ တကယ့်ကို စီးပွားရေးသမားကြီး လုံးလုံးဖြစ်နေပါလား။ မောင်၏ ကြင်နာတတ်သော ချစ်တတ်တဲ့ အသည်းနှလုံး ဘယ်ရောက်သွားပါလိမ့်။

"ကဲပါလေ ... မောင်ပင်ပန်းလာတယ် မဟုတ်လား ခဏနားလိုက်လေ ... ဒါလီ မောင့်အတွက် ထမင်းပွဲပြင်ပေးမယ် ... "

"မပြင်နဲ့တော့ ဒါလီ ... ညှိသည်တွေနဲ့ မောင်အပြင်မှာစားခဲ့ပြီ ... "

"ဟင် ... "

ပြောပြီး အပေါ်ထပ်တက်သွားသော မောင့်ကိုကြည့်ကာ သူမ ဝမ်းနည်းသွားရ၏။

တကယ်ဆို မောင်နဲ့အတူ ထမင်းစားဖို့ သူမစောင့်နေတယ်ဆိုတာ မောင်သိဖို့ကောင်းပါရဲ့။

ယခုတော့ သူမကိုတစ်ချက်မမေး သေချာပါတယ် မောင်အရင်လို မဟုတ်တော့တာ။ သူမမျက်ရည်တွေ အိခနဲ ဝိုင်းလာကာ အံလေး မသိမသာ ကြိတ်မိရ၏။

ဘာကြောင့်လဲ ...

မောင်ဘာကြောင့် ဒီလိုဖြစ်သွားရတာလဲ။





သူမကို မချစ်တော့လို့လား။

ထိုသို့တွေးမိသောအခါ သူမ ရင်ထဲနာကျင်သွားရ၏။ အချစ်ဆိုတာ ဒီလိုပဲ ပြောင်းလဲတတ်သလား။

ဟင့်အင်း ... သူမကတော့ မောင့်အပေါ်ချစ်တဲ့အချစ် ယခုချိန်ထိ နည်းနည်းလေးမှ မပြောင်းလဲပေ။

မောင်ဘာကြောင့် ...

အို မောင်ရယ် ...

ထမင်းစားချင်စိတ်လည်း မရှိတာကြောင့် ခြံထဲဆင်းကာ တစ်ယောက်တည်း လမ်းလျှောက်မိ၏။ ထိုအခါ ခပ်ဖျော့ဖျော့ အလင်းရောင်အောက်မှာ သူမ တစ်ယောက်တည်း အထီးကျန်သလို ခံစားရသည်။

မောင် ...

အရင်ကဆို ဒီလိုလရောင်အောက်မှာ မောင်နှင့်အတူ လက်တွဲကာ နှစ်ယောက်အတူ ပျော်ရွှင်စွာလမ်းလျှောက်ခဲ့တဲ့ည တွေကို ရင်ထဲမှာ ပြန်လည်သတိရအောက်မေ့မိလေ၏။

ယခုတော့ သူမတစ်ယောက်တည်း ...

ဘာကြောင့်များ ပျော်ရွှင်မှုတွေ ပျောက်ဆုံးသွားရတာပါလိမ့်။

သား ဟုတ်တယ်။ သူမဘဝမှာ သားရှိနေ၍သာ ယခုလို



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို သည်းခံနိုင်ခြင်းပါ။ မောင် ဒီလိုအချိုးပြောင်းတဲ့ ရက်တွေ မနည်းတော့ဘူးလေ။

သူမ အိပ်ခန်းထဲဝင်လာတော့ မောင်က တစ်ဖက်ကို ကျောခိုင်းကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေပြီ။

သူမ မောင့်ကို ကျောခိုင်းကာ အိပ်နေပေမယ့် တော်တော်နှင့် အိပ်မပျော်။ ဟိုတုန်းကဆို သူမကို အမြဲစောင့်စားကာ အိပ်တတ်သောမောင် ရင်ခွင်ထဲမှာ သူမ မရှိလျှင် မအိပ်တတ်ပါဘူးဆိုတဲ့မောင် ယခုတော့လည်း သူစိမ်းတစ်ယောက်လိုပါလား။

ကြင်နာယုယမှုတွေ ခြောက်သွေ့ကာ ခပ်စိမ်းစိမ်းဖြစ်နေသော မောင့်အကြောင်းများ တွေးမိတော့ သူမ မျက်ရည် တိတ်တဆိတ်ကျရလေပြီ။

မောင့်ဆီက အကြင်နာတွေရအောင် သူမဘယ်လိုပြန်လုပ်ရမလဲ။

အိပ်မက်ထဲမှာ မောင်နှင့်သူမက ပျော်စရာကောင်းနေ၏။ ပန်းခင်းထဲမှာ နှစ်ယောက်တွဲလျှောက်ပြေးကာ ချစ်တေးတွေ ဖွဲ့သီဆိုလို့ ...

အဟင်း ... ဟင်း

သူက သဘောကျလို့ပင် ရယ်လိုက်သေးသည်။

"ဒါလီ ... ဒါလီ"





"ဟင် ... "

သူမ ပခုံးကို လှုပ်ကိုင်ကာ နှိုးတာကြောင့် မျက်လုံးဖွင့်ကြည့်လိုက်တော့ မောင့်ကိုတွေ့လိုက်ရသည်။

"မောင် အလုပ်သွားတော့မယ်ဒါလီ ... နေ့ ညဉ့်သည်တွေနဲ့ ချိန်းထားတာရှိလို့ ... စောစောသွားရမယ် ..."

"အင်း ... "

သူမကိုပြောပြီးတာနှင့် အတက်ချီကွေ့စ်ဆွဲကာ မောင် အခန်းထဲမှ ထွက်သွား၏။

ဟင် ... မောင်ထွက်သွားမှ သူမ သတိရကာ အိပ်ရာမှ ထလိုက်၏။ ကြည့်စမ်း မိုးလင်းတာတောင် သူမ မသိလိုက်ပါလား။

ညက သူမ ညဉ့်နက်မှ အိပ်ပျော်သွားရတာပဲ။ သားကို ကြည့်လိုက်တော့ ကလေးထိန်းလက်ထဲမှာသနပ်ခါးအဖွေးသားနှင့်။

သူမက သားထက် မောင့်ကို ပို၍ စိတ်ဝင်စားသွားရ၏။

ကြည့်စမ်း ...

သည်လောက်အစောကြီး မောင်ဘယ်သွားတာလဲ ... ။ အလုပ်တဲ့ မောင်တို့ကုမ္ပဏီအလုပ်က ဒီလောက်တောင် စောရသတဲ့လား။

မောင့်လုပ်ရပ်တွေက တဖြည်းဖြည်း သူမအတွက်သံသယ ဖြစ်စရာ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ကြည့်စမ်းပါ ဓာခြည် … ကျွန်မ အရင်လို မလှတော့ဘူးလားဟင် …"

နေ့လယ်ခင်း သူမထံသို့အလည်ရောက်လာသော ဓာခြည့်ကို ဆန္ဒလေးစောစွာ မေးမိ၏။ သူမအမေးကြောင့် ဓာခြည်က အံ့ဩသလို ကြည့်သည်။

"မဟုတ်တာဘဲ ဒါလီ … တစ်သားမွေး တစ်သွေးလှ ဆိုတာ … ရှင့်ကိုပြောတာ … ရှင်က အရင်ကထက် တောင် ပိုလှနေသေးတယ် … အသားတွေလည်း ပိုဖြူ ပြီး ဝင်းအိနေတာပဲ …"

"ဟုတ်ကော ဟုတ်ရဲ့လား ဓာခြည်ရယ် … ကျွန်မ အထင်တော့ သားလေးမွေးလိုက်လို့များ အလှပျက် သွားသလား …"

"ကျွတ် … ကြံကြံဖန်ဖန် ဒါလီရယ် … ခုမှ ရှင်က ပိုပြီး ကြည့်လို့ကောင်းတာ … ရှင့်ကိုယ်ရှင် မှန်ထဲ မကြည့်ဘူးလား …"

သည်တော့လည်း သူမကိုယ်သူမ မှန်ထဲ အကြိမ်ကြိမ် ကြည့်ပါ၏။ မှန်ထဲကြည့်လိုက်တိုင်း ဖြူဖွေးနုညက်သော အသား အရေ မနီမှဲ့မမြင့်အရပ်မှာ အချိုးကျနပြေပြစ်သော ခန္ဓာကိုယ် နက် မှောင်သော ဆံပင်ရှည်များနှင့် မျက်နှာလှလှလေးမှာ အစ





အပြောက်ဟူ၍ တစ်ခုမရှိ။

သို့သော် ဒီအလှတွေဟာ မောင့်မျက်စိထဲ အသုံးမဝင် တော့ဘူး ထင်ပါရဲ့။ ထို့ကြောင့် သူမ မယုံရဲသောစိတ်နှင့် ဓာခြည်ကို မေးမိခြင်းပါ။

"မိစံတို့ကတောင် ပြောနေတာ … ရှင် ပိုလှလာ တယ်တဲ့ ဒါလီ …"

"ဟုတ်ကော ဟုတ်လို့လားကွယ် …"

"နေပါဦး … ရှင် ဒီလိုဘာကြောင့်မေးတာလဲ ဒါလီ"

"ကျွန်မ အမှန်အတိုင်းပြောမယ်ဓာခြည် … ဒီလိုမေး ရတာ မောင့်ကြောင့် …"

"ဟင် …"

"ဟုတ်တယ်ဓာခြည် … မောင်လေ ကျွန်မအပေါ် အချိုးပြောင်းနေတယ် …"

"ဘယ်လို အချိုးတွေပြောင်းတာလဲ ဒါလီရယ် … တို့ကို ပြောပြပါဦး …"

ဓာခြည် ထိုသို့ မေးလာတော့ သူမဝမ်းနည်းသွားရ၏။ ညီမလို ရင်းနှီးရော ဓာခြည်ပဲရှိတာမို့ ပွင့်လင်းစွာ ပြောပြမိသည်။ ဓာခြည်က သူမစကားများကို သေချာစွာ နားထောင်သည်။

"ဒါဆို … ကိုသက်မောင်ကြီးက မချစ်တော့ဘူးပေါ့ဒါလီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

သည်တစ်ခါ အံ့ဩရတာက သူမ။ မောင့်ကို မရိုးသားဘူး ဟူ၍ သူမ နည်းနည်းလေးမှ မထင်မိပါ။

"ဟုတ်တယ်လေ ဒါလီ အရင်က ဒါလီကို အင်မတန် ချစ်တဲ့ ယောက်ျားက အခုတော့ လုံးဝဂရုမစိုက်ဘဲ ... သူစိမ်းပြင်ပြင်ဖြစ်နေတာ အဓိပ္ပာယ်မရှိဘူး ..."

"သူကတော့ ... အလုပ်ပင်ပန်းလို့တဲ့ ..."

"အဲဒါ ... ဝိုအဓိပ္ပာယ်မရှိတာပေါ့ ဒါလီ ... အလုပ် ပင်ပန်းတာနဲ့ပဲ အိမ်က သားမယားကို ပစ်ပယ်ရမှာ လား ... ဝိုပြီးတောင် ဂရုစိုက်ခံရဦးမှာ ..."

"ဒါဆို ... စာခြည်က ဘယ်လိုထင်လဲဟင် ..."

သူမ အားကိုးရှာပင် မေးမိ၏။ စာခြည်က အတန်ကြ စဉ်းစားပြီးမှ သူမနားကပ်ကာ ...

"ကိုသက်မောင်ကြီးဟာ ... အပြင်မှာ တခြားတစ် ယောက်တွေ့နေသလားဆိုတာ စုံစမ်းရမယ် ဒါလီ ..."

"အို မဟုတ်တာ ..."

"ဟုတ်တယ် ဒါလီ ... ယောက်ျားတွေဟာ ... ဒီလိုပဲ အသစ်မြင် အဟောင်းမေ့တယ် ..."

"မဖြစ်နိုင်ဘူး ... မောင်ဟာ ဒီလိုတော့ သစ္စာမဲ့မှာ မဟုတ်ပါဘူး စာခြည်ရယ် ..."





သူမ ခါးခါးသီးသီးငြင်းသဖြင့် စာခြည်က ခပ်မဲ့မဲ့ပြုံး၏။

"ယောက်ျားတွေဟာ ... ဘယ်လောက်များ ယုံကြည် စရာကောင်းတဲ့ သတ္တဝါတွေမို့လဲ ဒါလီ ... ကဲ ... ပြောပါ ဦး ... ရှင့် ယောက်ျားကုမ္ပဏီကို ရှင်ဘယ်နှခါ ပိုက်ဖူးလဲ ဒါလီ ..."

"ဟင့်အင်း ..."

"အေး ... အဲဒါကိုက ရှင်ညံ့တာ ... မန ်ဖြန်ကစ ပြီး ရှင့်ကိုယ်ရှင် လှလှပပပြင်ပြီး လိုက်သွားပေတော့"

"ဟင် ... ဒါဆို သားကော ..."

"သြော် ... လိုက်သွားတယ်ဆိုတာ တစ်နေ့လုံးနေဖို့ မှ မဟုတ်တာ ... ကလေးအိပ်တဲ့အချိန် အဘဖြစ်ဖြစ် ပေါ့ ... အလစ်ဝင်ချောင်းတာမျိုးကွ ..."

"သြော် ..."

ယခုမှ သူမသဘောပေါက်ကာ ခေါင်းည ်မိရ၏။ ဟုတ် တယ် စာခြည် ပြောသလို သူမလုပ်ရမယ်။ ဒါမှ မောင်ဘာကြောင့် အချိုးတွေ ပြောင်းတယ်ဆိုတာ သူမသိရမှာ။

◆❦◆



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဆရာရှိလား ..."

"ပြော် ... မမ ဆရာရှိပါတယ် ခင်ဗျ ... ကျွန်တော် လိုက်ပို့ပေးမယ် ..."

"နေပါစေ ... တို့ဘာသာ သွားလိုက်မယ် ..."

နေ့ခင်းချိန် သူမရောက်လာတာကို ဝန်ထမ်းတချို့က အံ့ဩနေ၏။ အဓိမ်းနမ်းမျှော်မျှော ဝတ်စုံဖြင့်လှနေသော သူမကို အာ ကျသလို ကြည့်တဲ့မျက်ဝန်းများကိုလည်း တွေ့ရသည်။ အံ့ဩမှာပေ သူမက မောင့်ရဲ့လုပ်ငန်းခွင်သို့ ဒီလိုတစ်ခါမှ မလိုက်ဖူးပေ။

ဒါတောင် စာမြည်းက အကြံပေးချက်ကြောင့် ဖြစ်၏။ သူမ နိုင်ကတော့ မောင့်အပေါ် ယုံကြည်ပြီးသား။ ဟုတ်တယ်လေ မောင်က သူမကို အရမ်းချစ်ခဲ့တာပဲ မဟုတ်လား။





သူမ လိုက်လာတာမြင်လျှင် မောင်ဘယ်လောက် အံ့ဩ မလဲ။

မောင့်ရုံးခန်းမှာ နီညိုရောင်မှန် တံခါးတပ်ထား၏။ သူမ အသံမပေးဘဲ တံခါးကို အသာတွန်းဖွင့်လိုက်သည်။

"အဟင့် ... ဟွင့် ... ခင်တော့ ဒုက္ခရောက်ပြီ ထင် တယ်ဆရာ ..."

"မငိုပါနဲ့ ခင်ရယ် ... ဒီကိစ္စကို ကိုယ်ဖြေရှင်းပါ့မယ်"

"ဟင် ..."

မမျှော်လင့်သော မြင်ကွင်းကြောင့် သူမခြေလှမ်းတွေရပ် ကာ အံ့ဩစွာ ကြည့်မိသည်။

ကြည့်စမ်း ...

မောင်နဲ့ မိန်းကလေးတစ်ယောက်၊ ကောင်မလေးက ငိုလို့ မောင်က ချော့နေတာ ရုတ်တရက် သူမမျက်စိ တွေကိုပင် မယုံချင်။

ဒါကြောင့် စာမြည်းက လိုက်သွားဖို့ပြောတာပဲ။ လုပ်ရက် လိုက်တာ မောင်ရယ် ...

သူမမှာ နှုတ်ခမ်းလေးများ တဆတ်ဆတ်တုန်ရင်း အားအင်ကို မနည်းစုစည်းလိုက်ရ၏။ ထို့နောက် နေရာမှ ချာခနဲ လှည့်ထွက်ခဲ့သည်။

မျက်ဝန်းထဲမှာ မျက်ရည်တွေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မမ သရွှကို မတွေ့ဘူးလား ..."

ဝန်ထမ်းကောင်လေး၏ အမေးကိုမဖြေဘဲ သူမကားဆီ တစ်ရှိန်ထိုးထွက်ခဲ့သည်။ ရင်ထဲမှာ ခံပြင်းခြင်း ရှက်ခြင်းတွေက ပြည့်လို့။

မောင် ...

သိပ်ရက်စက်တဲ့ ယောကျ်ား။

သူမအပေါ် သစ္စာရှိတယ်လို့ ထင်ခဲ့သမျှ အလကားပဲ။ ကားမောင်းရင်း မျက်ရည်တွေ ဝေါခနဲ ကျလာတာကြောင့် လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ဖိတိုက်ပွတ်ပစ်မိ၏။

ဟင့်အင်း ...

သစ္စာမရှိတဲ့ ယောကျ်ားအတွက် သူမမျက်ရည်ကျစရာ မလို။

အိမ်ရောက်တာနှင့် သူ့အတွက် စာတစ်စောင် ရေးပေးခဲ့၏။ ထို့နောက် ကောင်မလေးကို အဝတ်အစားတွေ သိမ်းခိုင်းကာ သားကိုခေါ်၍ မာမီတို့ရှိရာ မန္တလေးသို့ ထွက်ခဲ့သည်။

မောင့်ကို မုန်းတယ် ...

ဒီဘဝမှာ မောင့်မျက်နှာကို မကြည့်ချင်။

သားမျက်နှာကိုမှ မထောက်၊ မောင်သစ္စာဖောက်ရက်တာကို ရင်နာမဆုံးပေ။

စိုးမိုး – တာဓေ



တကယ်ဆို သူမကို မချစ်လျှင်တောင်မှ သားကိုထောက်ထားရမည် မဟုတ်လား။

အို သားငယ်။

မင်းအဖေဒီဟာ သိပ်ကို မိုက်တယ်။

သားလေး သူ့ကြောင့် ဒုက္ခဖြစ်ရတော့မယ်။

မာမီသနားလိုက်တာကွယ်။

သူမ ပြောသမျှ အိပ်ပျော်နေသော သားကတော့ ဘာမှမသိပေ။ သားပါးနုနုလေးကို ညင်သာစွာ နမ်းရှိုက်မိ၏။

မောင် ...

သစ္စာမဲ့တဲ့ ရှင့်လိုလူကို ကျွန်မတစ်သက်လုံး မမြင်ပါရစေနဲ့။

ဒါလီ

ထိုစာလေးကို မြင်လျှင် မောင်ဘယ်လိုနေမလဲ။ သူမတို့အတွက် ခံစားဖို့တော့ မသေချာ၊ အကြောင်းက မောင်ဟာ အရင်လို အချစ်ကိုဦးစားပေးတဲ့လူမှ မဟုတ်ဘဲ။

သူမ ဒီလိုထွက်သွားတဲ့အတွက် မောင်က ဝမ်းသာနေမှာပါ။ မောင်လွတ်လပ်သွားပြီလေ။

ပျော်ပါ။ မောင် အားရအောင်ပျော်လိုက်ပါ။ ဒါဟာ ကျွန်မက ပေးတဲ့ လွတ်လပ်ခွင့်လို့လေ။

မောင်တို့ပုံကို မြင်ယောင်ကာ သူမအံလေးသာ တင်းတင်းကြိတ်မိလေ၏။

စိုးမိုး – တာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီး သူ့ကိုကွာရှင်းမယ် မာမီနဲ့မေမေ ..."

မျက်ရည်လည်ရွဲနှင့် သူမက မိခင်နှစ်ဦးကို သူ့အကြောင်းတိုင်ပြီးအဆုံး ပြတ်သားစွာ တောင်းဆိုလိုက်၏။ ထိုအခါ မိခင်နှစ်ယောက်က မျက်နှာကိုယ်စီပျက်လို့ တစ်ယောက်ကိုတစ်ယောက် ကြည့်သည်။

အထူးသဖြင့် မောင့်မေမေက မျက်နှာပိုပျက်သည်။

"သိပ်မိုက်တဲ့သား ... တစ်သက်လုံးက လိမ္မာတယ်လို့ ထင်ခဲ့သမျှ ခုတော့ ... သင်းဓာတ်ရစ်ပေါ်တာပဲ ... သားကိုယ်စား သမီးကို မေမေတောင်းပန်ပါတယ်ကွယ် ..."

"အို ... မလိုပါဘူး မေမေရယ် ... ခုဟာက သူမကောင်းတာပါ ... မေမေက သမီးတို့အပေါ် ဘယ်လောက်ကောင်းတယ်ဆိုတာ သိပါတယ်ရှင် ..."

ယောက္ခမကြီးကောင်းလွန်းတာကြောင့် သူမအနေဖြင့် မောင်၏ လုပ်ရပ်တွေကို ခံသာခြင်းမှ။ မဟုတ်လျှင် စောစောထဲက ကွဲပြီ။

"ဟုတ်ပါတယ် မမရယ် ... မမက သိပ်ကိုကောင်းတဲ့ မိခင်တစ်ယောက်ပါ ... ကျွန်မတော့ မောင်သက် ဒီလိုဖြစ်တာ မယုံနိုင်အောင်ပါပဲ ..."

မာမီကလည်း ဝင်ပြော၏။ မောင့်ကို မာမီကိုယ်တိုင်က





လည်း သားအရင်းတစ်ယောက်လို ချစ်သူ။

"ဘာမှ တွေးမနေနဲ့ညီမ ... မမကတော့ ရှင်းရှင်းပဲ မကောင်းရင် ကိုယ့်သွေးတောင် ထုတ်ဖောက်ရသေးတာ ... သင်းကို သတင်းစာထဲတနေ့ သားအဖြစ်မှ တစ်ခါတည်း စွန့်လွှတ်မယ် ..."

"ဖြည်းဖြည်းစဉ်းစားပါ မမရယ် ... မောင်သက်ကို ဒီခေါ်ပြီး မေးမြန်းပါဦး ..."

"အို ... သားမိုက်ကို ဘာခေါ်စရာရှိလဲ ... အခု သမီးဘယ်လောက် စိတ်ဆင်းရဲနေပြီလဲ ... ပြီးတော့ ... မြေးလေးမျက်နှာကို သင်းကမထောက် ..."

ထိုစကားကြောင့် အားလုံးရင်နာသွား၏။ သူမတို့ ကွာကြမည်ဆိုလျှင် သားက ငယ်ငယ်ရွယ်ရွယ်နှင့် အဖမဲ့ဖြစ်တော့မည်။ မာမီက သူမကိုကြည့်ကာ ...

"သမီးလည်း သေချာစဉ်းစားပါဦး ... ဘယ်သူ့မျက်နှာမှ မထောက်ရင်နေပါ ... မြေးလေး မျက်နှာကို ထောက်ပြီးတော့ ... မောင်သက်ကို ခွင့်လွှတ်နိုင်သမျှ ခွင့်လွှတ်ဖို့ ..."

"အို ... သူကတောင် သားလေးမျက်နှာကို မထောက်ဘဲ မာမီ ..."

"သမီးပြောတာ ဟုတ်တယ်ညီမ ... ဒီကောင်မျိုး



www.burmeseclassic.com

www.burmeseclassic.com



အပြတ်စွန့်မှ ... သမီးနဲ့မြေးလေးကို မမတစ်သက်လုံး စောင့်ရှောက်နိုင်ပါတယ် ...”

ဩော် ... မောင်က မသိတတ်သလောက် မောင့်မိခင်က သူမတို့အပေါ် ညှာတာသိတတ်လိုက်တာ။ မောင်သာ နည်းနည်းလောက်သိရင် ဘယ်လောက် ကောင်းမလဲ။

ထိုစဉ် ...

“ဒါလီ သား ...”

“ဩော် ... မင်းရောက်လာပြီကိုး ...”

ကားတံခါးကို လျှင်မြန်စွာဖွင့်ကာ အိမ်ထဲသို့ အပြေးတစ်ပိုင်း ဝင်လာ၏။ သူ့ကို မေမေက တင်းမာသောမျက်နှာဖြင့်ကြည့်၏။

“မေမေ ... မာမီ ... ကျွန်တော်”

“တော်စမ်း ... မင်း ဘာတွေဆင်ခြေတက်ဦးမလို့လဲ သောက် ... သမီးက ငါ့ကို အကုန်တိုင်ပြီးပြီ ...”

“အဲဒါ ...”

“ကဲကွာ ... မိုက်တဲ့သား ...”

“ဖြန်း ...”

“ဟင် ...”

“အို ...”

မေမေ၏ လက်ဝါးက သူ့ပါးပေါ်သို့ အရှိန်ပြင်းစွာကျရောက်သွားတာကြောင့် အုံသြသွားရ၏။





“ရိုက်ပါ မေမေ ... ရိုက်ပါ ... မေမေကျေနပ်သလောက် ရိုက်ပြီးရင် ... ကျွန်တော်ရှင်းပြတာကို နားထောင်ပေးပါ ...”

“အေး ရိုက်မယ်ကွ ... ရိုက်မယ် ... ငါမွေးထားတာ လူ ... ခွေးမဟုတ်ဘူး ... ကဲ ... ကဲ”

“အို ... မေမေ ... တော် ... တော်ပါတော့ မောင့်ကို ဆက်မရိုက်ပါနဲ့ ...”

စိတ်ကြီးလှသော မေမေက မောင့်ပါးကို ဆက်တိုက်ရိုက်တာမို့ သူမ မျက်ရည်တွေကျရင်း ဝင်ဆွဲရလေ၏။ မာမီကလည်း တားသည်။

“မောင်သက်ရှင်းပြတာ နားထောင်ပါဦးလား မေမေရယ်”

“ဒါလီ ... မောင်ရှင်းပြပါရစေကွယ် ... တကယ်တော့ ... မောင်ဟာ ဒါလီတို့ထင်သလို သစ္စာမရှိတဲ့ ယောကျ်ားမဟုတ်ပါဘူး ... ဒါလီလာတဲ့အချိန်က ဇင်ဇင် ငိုနေတာ ... သူနဲ့ဓေ့စပ်ထားတဲ့ လူက သူ့ကိုပစ်သွားပြီထင်လို့ပါ ... အဲဒီလူကို မောင်ကလည်း သိနေတော့ သူ့ကိုနှစ်သိမ့်ပေးတာပါ ... ခုတော့ ... သူတို့လည်း ပြေလည်သွားပြီ ... ဒီလအတွင်း လက်ထပ်တော့မှာ မယုံရင် ... မေမေတို့ကော ဒါလီပါ ... ရန်ကုန်လိုက်ပြီး ဇင်ဇင်နဲ့တွေ့ပြီး မေးကြည့်ပါဗျာ ...”



www.burmeseclassic.com

www.burmeseclassic.com



မောင်ရှင်းပြသောစကားကြောင့် အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၏။ မေမေကတော့ ခပ်ပြုံးပြုံးပင် ...

"ငါတို့ ဘာမှလိုက်ကြည့်စရာမလိုဘူး ... အဲဒီ စင်ခင်ကို အလုပ်ထုတ်ပစ်လိုက် ..."

"စိတ်ချပါ မေမေ ... သူကလည်း လဝီထပ်မှာမို့ အလုပ်က နုတ်ထွက်သွားပါပြီ ..."

သည်တော့ အားလုံး စိတ်အေးသွားကြဟန် ဒါဖြင့်သော် ...

"နေပါဦး ... မင်းက ဒါလီအပေါ် ခပ်စိမ်းစိမ်းဆက်ဆံတယ်ဆို ... အဲဒါ ဘာကြောင့်လဲ ... အလုပ်များလို့ဆိုတဲ့ အကြောင်းပြချက်ကို ငါမလိုချင်ဘူး ..."

မောင်က သူ့မေကို တောင်းပန်သလို ကြည့်၏။ ဒါလီကတော့ သူ့မောင်က ရယ်ဘည်ပေးနေသော ယောက္ခမကြီးကို စိတ်ထဲက အကြိမ်ကြိမ် ကန်တော့မိသည်။

"ကျွန်တော့် အပြစ်တွေပါ မေမေ ... တကယ်တော့ သားရလာပြီးကတည်းက ကျွန်တော်လေ ... သားရှေ့ရေးအတွက် အလုပ်ကြိုးစားရမယ် ဆုံးဖြတ်ပြီး အလုပ်ထဲ အာရုံနှစ်ခဲ့မိတာပါ ... အဲဒီအပြုအမူက ဒါလီအပေါ် အေးစက်စိမ်းကားသလို ဖြစ်ခဲ့ပါလားဆိုပြီး ... ဒါလီတို့ သားအမိ အိမ်ကိုထွက်လာမှ ကျွန်တော် စဉ်းစားမိခဲ့တယ် ..."





"ဒါလီ မောင့်ကိုခွင့်လွှတ်နော် ..."

"ကဲ ... ကဲ ... မင်းတို့လင်မယားချင်း အေးအေးဆေးဆေး ဆွေးနွေး ... ငါတို့တော့ ငါတို့မြေးခေါ်ပြီး ... ဘုန်းကြီးကျောင်း သွားလိုက်ဦးမယ် ..."

လူကြီးနှစ်ယောက်က သားကိုခေါ်ကာ ထွက်သွားပြီ။ တစ်အိမ်လုံးမှာ မောင်နဲ့ သူမနှစ်ယောက်တည်း။ မောင့်ကို စိတ်နာရှိနေကာ မပြေသေးပေ။

"ဒါလီရယ် ... မောင်မှားခဲ့ပါတယ် ... အဲဒါကလည်း ဒါလီနဲ့ သားအတွက် ကြိုးစားချင်တဲ့ မောင့်ရဲ့ အမှားပါ ... တကယ်တော့ ... ဘဝမှာ အလုပ်ကိုတန်ဖိုးထားပြီး ... လုပ်ရမှာဖြစ်သလို မိသားစုကိုလည်း တန်ဖိုးထားရမယ်ဆိုတာ ... မောင်သိပါပြီ ..."

သူမကိုယ်လေးကို ညင်သာစွာ ပွေ့ဖက်လျက် မောင်ပြောလာ၏။ နှုတ်ထဲက မောင်နဲ့ ပတ်သက်လျှင် အမနုလုံးသားက ပျော့ချင်သူ။

ဒါပေမယ့် ဟန်ဆောင်ချင်သေး၏

"တော်ပါ ... ခုမှ လာမချော့နဲ့ ... မောင် ဒါလီ့ကို မချစ်တော့ဘူး မဟုတ်လား ..."

"အမယ်လေးဗျာ ... ဘယ်လို မေးလိုက်တာလဲ ... မောင့်ဘဝမှာ ဒါလီတစ်ယောက်ကိုသာ အချစ်ရဆုံးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အို … မယုံဘူး …"

"မယုံရင် ယုံအောင် သက်သေပြမယ် …"

"အို …"

မောင်ပြသော အချစ်သက်သေတွေကြားမှာ သူမရဲ့ ဟန်ဆောင်တင်းမာထားသည့် စိတ်ကို ပြေပျောက်ကာ လွင့်စင်ခဲ့လေပြီ။ ယခုတော့လည်း မိုးကောင်းကင်တစ်ခုလုံး ပြာလဲ့ကြည်စင်လျက် ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းကား သာယာလှပသော ပန်းတိုင်း မွှေးပျံ့စွာ ဖူးပွင့်ခဲ့လေပြီ။

ဆုအောင်လွင်

နှင်းမိုးကဗ်ဆိုကြွေလွင့်ပါစေ …

မိုးမိုး — ၁၁၉ဝ

BURMESE CLASSIC

www.burmeseclassic.com